# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 24 January 2024 ၁၁၃၅၀


**စည်းစိမ်ဥစ္စာ သတင်းကျော်စော** 

လုံ့လလည်းရှိ၊ သတိလည်းရှိ၊ အပြစ်ကင်းသော အလုပ်ကိုလည်း ပြုလုပ်တတ်၊ အမှုကိစ္စဟူသမျှကို ပညာဖြင့် ဆင်ခြင်၍ ပြုလုပ်လေ့လည်းရှိ၊ ကိုယ်-နှုတ်-စိတ် သုံးပါးကိုလည်း စောင့်စည်းလေ့ရှိ၊ တရားသဖြင့် အသက်မွေးလေ့လည်းရှိ၍ မမေ့မလျော့သောသူမှာ စည်းစိမ်ဥစ္စာအရာအထူး ကျေးဇူးသတင်းကျော်စောခြင်း အလွန်တိုးပွားလေ၏။ **အပ္ပမာဒဝဂ်(ဓမ္မပဒ-၂၄)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် နိုင်ငံတော်အတွက် ရွှေတံဆိပ် ငါးခု၊ ငွေတံဆိပ် ငါးခု၊ ကြေးတံဆိပ် ၁၄ ခု စုစုပေါင်းဆုတံဆိပ် ၂၄ ခု ရယူပေးနိုင်ခဲ့ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်ပေးရာရောက်

## အုပ်ချုပ်သူများ၊ နည်းပြများအပါအဝင် ပြိုင်ပွဲဝင် မြန်မာအားကစားသမားများ၏ ကြိုးပမ်းမှု ဇွဲ၊ စိတ်ဓာတ်တို့ကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်



နေပြည်တော် ဇန်နဝါရီ ၂၃

၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်က ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် ဒုတိယဥက္ကဋ္ဌများ၊ ဖိတ်ကြားထားသူများ၊ ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားအဖွဲ့များမှ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

### ဆုပေးအပ်ချီးမြှင့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇) ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ် ချန်ပီယံရှစ်ပြိုင်ပွဲ နှစ်ယောက်တွဲအပြပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် အားကစားအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။


**ယနေ့ ဖတ်စရာ**

**အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေး သဘာဝဓာတ်ငွေ့သုံး CNG မော်တော်ယာဉ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ** စာမျက်နှာ » ၈

**ဦးနှောက်အာဟာရ ပြည့်ဝဖို့ စာပေကဏ္ဍမြှင့်တင်စို့** ဆောင်းပါး စာမျက်နှာ » ၁၀

**စဉ့်ကိုင်မြို့နယ် ပလိပ်အင်းနှင့် တံတားဦးမြို့နယ် ပြူကန်တို့အား အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းရှိ ငှက်ပျံသန်းကွန်ရက်နယ်မြေများအဖြစ် အတည်ပြုသတ်မှတ်** စာမျက်နှာ » ၁၁

ကြေးမုံ

# သုတေသနဖော်ထုတ် လက်တွေ့အသုံးချ

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်၍ သုတေသနပိုင်းဆိုင်ရာတွင် ထိရောက်စွာအသုံးချနိုင်မှု အားနည်းနေသေးသော်လည်း ကျန်းမာရေးဆိုင်ရာ သုတေသနဖော်ထုတ် လက်တွေ့အသုံးချမှုနယ်ပယ်၌ အောင်မြင်မှုများရရှိနေသည်ကို တွေ့ရသည်။ ကျင်းပပြုလုပ်လျက်ရှိသည့် (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၌ ကျန်းမာရေးသုတေသနပညာရှင်များက သုတေသနရလဒ်များကို ထုတ်ဖော်အသိပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံအပါအဝင် ယနေ့ကမ္ဘာပေါ်၌ ပြောင်းလဲလာသော နေထိုင်စားသောက်မှုပုံစံအသစ်များကြောင့် ရောဂါအသစ်အဆန်းများ၊ သွေးတိုး၊ ဆီးချို၊ သွေးချို၊ ကင်ဆာ၊ အဝလွန်စသည့် မကူးစက်တတ်သောရောဂါများ အဖြစ်များလာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ဖြစ်ပေါ်လာသောရောဂါများနှင့်ပတ်သက်၍ ဆေးပညာရှင်များ၊ ဝါရင့်သမားတော်များက ကြိုတင်ကာကွယ်ရေး၊ ဖြစ်ပွားမှုလျှော့ချရေးအတွက် စဉ်ဆက်မပြတ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြပြီး ကုထုံးများကို ရှာဖွေဖော်ထုတ်ပေးလျက်ရှိသည်။

ဥပမာအားဖြင့် ကင်ဆာရောဂါနှင့်ပတ်သက်၍ သုတေသနတွေ့ရှိချက် မြောက်မြားစွာအပေါ်အခြေခံကာ ကျန်းမာရေးဝန်ကြီးဌာနမှ ကျွမ်းကျင်ပညာရှင်များ လေ့လာသုံးသပ်ရေးဆွဲခဲ့သည့် Myanmar National Cancer Control Strategic Action Plan (2023–2027) ကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့က အသိပေးမိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ရာ မကူးစက်နိုင်သော ရောဂါကာကွယ်တားဆီးရေးတွင် မှန်ကန်သောကုထုံးများရရှိရန်အတွက် အထောက်အကူကောင်းများ ရရှိခဲ့ပြီး ဆေးပညာဆိုင်ရာ သုတေသနတွေ့ရှိချက်များ၏ အရေးပါပုံကို အထင်အရှား တွေ့ရှိခဲ့ကြသည်။

မြန်မာနိုင်ငံတွင် ဆေးပညာနှင့်ပတ်သက်၍ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့သည့် ကာလတွင် ဓာတ်ခွဲစမ်းသပ်မှုဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများ ရရှိခဲ့သည်။ ကိုဗစ်-၁၉ မျိုးကွဲများ၏ မျိုးရိုးဗီဇများကို ရှာဖွေဖော်ထုတ်၍ စမ်းသပ်လေ့လာသုံးသပ်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ခဲ့သည်။ ယခုအခါ ကိုဗစ်-၁၉ မျိုးကွဲဗီဇစစ်ဆေးခြင်း စမ်းသပ်မှုပေါင်း ၃၀၀ ကျော်ကို ဆေးသုတေသနဦးစီးဌာနတွင် ပြုလုပ်နိုင်ခဲ့ခြင်းနှင့် မြန်မာနိုင်ငံအတွင်း ပျံ့နှံ့ခဲ့သော ကိုဗစ်-၁၉ မျိုးကွဲဗီဇဆိုင်ရာ အချက်အလက်များကို အများပြည်သူသိရှိနိုင်စေရန် ကျန်းမာရေးဝန်ကြီးဌာနက ဆောင်ရွက်ပေးနိုင်မှုတို့သည် ဂုဏ်ယူစရာဖြစ်သည်။

ရာစုနှစ်တစ်ခုကျော်အကြာမှ ဖြစ်ပွားလာခဲ့သည့် ကမ္ဘာ့ကပ်ရောဂါဆိုးကြီးနှင့်ပတ်သက်၍ မှတ်တမ်းမှတ်ရာများသည် အရေးကြီးသည်။ ဖြစ်ပွားခဲ့သော ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် မှတ်တမ်းမှတ်ရာများကို နောင်လာနောက်သားများ သိရှိစေရန်ရည်ရွယ်၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်ဆေးသုတေသနတို့မှ သုတေသီများပူးပေါင်းပြီး ဆောင်ရွက်ခဲ့သည့် သုတေသနစာတမ်းများကို (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ၌ တင်သွင်းဖတ်ကြားသည်ကို သိရသဖြင့် မြန်မာနိုင်ငံအတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်သည်။

မကူးစက်နိုင်သောရောဂါများသည် အရေးကြီးသလို ကူးစက်နိုင်သောရောဂါများဖြစ်သည့် ကိုဗစ်-၁၉ ရောဂါ၊ ဆေးယဉ်ပါးတီဘီရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ ငှက်ဖျားရောဂါ၊ အသည်းရောင်အသားဝါရောဂါစသည့် ရောဂါများကိုလည်း စဉ်ဆက်မပြတ်စောင့်ကြည့်၍ သုတေသနပြုလုပ်လျက်ရှိသည်။ သုတေသနပြုလုပ်ရာတွင် ဓာတ်ခွဲခန်းသည် အရေးပါသဖြင့် ဆေးသုတေသနဦးစီးဌာန(ရန်ကုန်)တွင် အဆင့်မြင့်မော်လီကျူးသုတေသနဌာန ဓာတ်ခွဲခန်းကို ၂၀၁၄ ခုနှစ်တွင် တည်ထောင်ခဲ့သည်။ ရည်ရွယ်ချက်မှာ ခေတ်မီနည်းပညာနှင့် ဓာတ်ခွဲခန်းဆိုင်ရာ အထောက်အကူပြု ပစ္စည်းများအသုံးပြုပြီး ကူးစက်နိုင်သော ငှက်ဖျား၊ အသည်းရောင်အသားဝါ၊ တီဘီနှင့်ပတ်သက်၍ သုတေသနစွမ်းရည်အားကောင်းလာစေရန်နှင့် ပြည်သူများအတွက် ကူးစက်နိုင်သောရောဂါများနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပိုမိုကောင်းမွန်ရေး အထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက “တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး” လူမှုရေးဦးတည်ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာရေးဆိုင်ရာ သုတေသနပြုဆောင်ရွက်နိုင်မှုများကြောင့် ကျန်းမာရေးပညာရပ်ဆိုင်ရာ တိုးတက်မှုများ၊ ကျန်းမာရေးအဆင့်အတန်း မြင့်မားလာမှုများသည် လူမှုရေးဦးတည်ချက် အောင်မြင်ရေးအတွက် အထောက်အပံ့ကောင်းများဖြစ်သည်။ သို့ဖြစ်ရာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု အပြည့်အဝပေးနိုင်ရေးအတွက် သုတေသနပြုလုပ်မှုများကို ဆက်လက်ဖော်ထုတ်ကာ လက်တွေ့ထိရောက်စွာ အသုံးချနိုင်မည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၃ - ၁ -၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၂၅၃ | ၂,၂၀၁,၁၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁,၁၆၉ | ၃,၃၉၀,၁၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၅ | ၃၉,၅၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၅၆၂ | ၈၇၁,၁၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၅၂ | ၁၃၀,၀၀၀ |
| EFR | ၂,၀၀၀ | ၁,၉၅၀ | ၃၁၁ | ၅၉၁,၃၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၅၀ | ၂၃၅,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၅,၀၄၀ | ၈,၅၇၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ပြည်ထောင်စုသားများ စည်းလုံးညီ ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် မြန်မာအားကစားအဖွဲ့များအား နိုင်ငံတော်ကဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❖ ရှေ့ဖုံးမှ

အုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစား မောင်မယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နိုင်ငံတော်အဆင့်ထပ်မံဂုဏ်ပြု**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ၂၀၂၃ ခုနှစ်အတွင်း ကျင်းပပြီးစီးခဲ့သည့် (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအပြီး အာရှအဆင့်နှင့် ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများကို နိုင်ငံ့ကိုယ်စားပြုသွားရောက် ယှဉ်ပြိုင်ခဲ့ကြပြီး အောင်မြင်မှုဆုတံဆိပ်များ ရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစား အသင်းအဖွဲ့များကို နိုင်ငံတော်အဆင့် ထပ်မံဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနားပင်ဖြစ်ကြောင်း။

အောင်မြင်မှုရရှိခဲ့သည့် ပြိုင်ပွဲများမှာ ၂၀၂၃ ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲနှင့် (၄) ကြိမ်မြောက် အာရှ မသန်စွမ်း အားကစားပြိုင်ပွဲ၊ ၂၀၂၃ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလ အတွင်း ရိုမေးနီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ E-Sports ချန်ပီယံရှစ်ပြိုင်ပွဲ၊ နိုဝင်ဘာလ အတွင်း ကိုရီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၄)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယ ကြံ့ခိုင်မှုပြိုင်ပွဲ၊ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် ကမ္ဘာ့ပီတန်းချန်ပီယံရှစ် ပြိုင်ပွဲနှင့် ဗီယက်နမ်နိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ဗိုဗီနမ် ချန်ပီယံရှစ် ပြိုင်ပွဲတို့ဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များရရှိခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များကို နိုင်ငံတော်က ထပ်ဆင့်ဂုဏ်ပြု ချီးမြှင့်သွားမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၇) ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ် ချန်ပီယံရှစ်ပြိုင်ပွဲ ၅၁ ကီလိုအတိုက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် အားကစားအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။

**☆ ၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပိုက်ကျော်ခြင်း အမျိုးသားလေးယောက်တွဲ ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခု၊ ရိုးရာလှေ ၁၂ တက်လှော် (အမျိုးသမီး)မီတာ ၅၀၀ ပြိုင်ပွဲနှင့် ရိုးရာလှေ ၁၂ တက်လှော် (အမျိုးသား) မီတာ ၁၀၀၀ ပြိုင်ပွဲများတွင် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူး ရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံ ၄၅ နိုင်ငံအနက် နိုင်ငံအလိုက် ရပ်တည်မှုအဆင့် ၂၇ ရရှိခဲ့**

### တိုးတက်မှုရှိလာ

၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ အောက်တိုဘာ ၈ ရက် အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ပိုက်ကျော်ခြင်း အမျိုးသား လေးယောက်တွဲ ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခု၊ ရိုးရာလှေ ၁၂ တက်လှော်(အမျိုးသမီး) မီတာ ၅၀၀ ပြိုင်ပွဲနှင့် ရိုးရာလှေ ၁၂ တက်လှော် (အမျိုးသား) မီတာ ၁၀၀၀ ပြိုင်ပွဲများတွင် ကြေးတံဆိပ်နှစ်ခု ဆွတ်ခူးရရှိခဲ့ပြီး ပြိုင်ပွဲဝင်နိုင်ငံ ၄၅ နိုင်ငံအနက် နိုင်ငံအလိုက် ရပ်တည်မှုအဆင့် ၂၇ ရရှိခဲ့ကြောင်း၊ ပြီးခဲ့သည့် ၂၀၁၈ ခုနှစ် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၈)ကြိမ်မြောက် အာရှ အားကစားပြိုင်ပွဲတွင် ကြေးတံဆိပ်နှစ်ခုသာ ရရှိခဲ့ပြီး နိုင်ငံအလိုက် ရပ်တည်မှုအဆင့် ၃၅ ရရှိခဲ့သောကြောင့် တိုးတက်မှုရှိလာသည်ဟု ဆို၍ရနိုင်ကြောင်း။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၂ ရက်မှ ၂၈ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် (၄)ကြိမ်မြောက် အာရှ မသန်စွမ်း အားကစားပြိုင်ပွဲတွင် မီတာ ၁၀၀ နှင့် မီတာ ၂၀၀ တာတို အပြေးပြိုင်ပွဲများ၌ ကြေးတံဆိပ်နှစ်ခု၊ မီတာ ၁၀၀ တာတိုအပြေးပြိုင်ပွဲ၌ ကြေးတံဆိပ်တစ်ခု၊ စုစုပေါင်း ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့ကြကြောင်း။

### ဒုတိယငွေတံဆိပ်ရရှိခဲ့

၂၀၂၃ ခုနှစ် ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၃ ရက်အထိ ရိုမေးနီးယားနိုင်ငံတွင် ကျင်းပခဲ့သည့် ကမ္ဘာ့ E-Sports ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် Dota 2 အသင်းလိုက်ပြိုင်ပွဲတွင် ဒုတိယငွေတံဆိပ် ရရှိခဲ့ကြောင်း။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၆ ရက်မှ ၁၂ ရက်အထိ ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် **စာမျက်နှာ ၄ သို့ ❖**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး (၁၄)ကြိမ်မြောက် ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ အမျိုးသားကာယဗလပြိုင်ပွဲ (၇၀)ကီလိုတန်းတွင် ငွေတံဆိပ်ရရှိခဲ့သည့် အားကစားအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် လေ့လော်အားကစားနည်းမှ မီတာ(၁၀၀၀) အမျိုးသား ၁၂ တက်လှော်ပြိုင်ပွဲ၌ ကြေးတံဆိပ်ရရှိခဲ့သည့် အားကစားအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း (၇)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲ တစ်ကိုယ်တော် ဓားရှည်အပြပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သည့် အားကစားအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော (၇)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲ နှစ်ယောက်တွဲ ဓားမြှောင်အတိုက်အပြပြိုင်ပွဲတွင် ကြေးတံဆိပ်ရရှိခဲ့သည့် အားကစားအဖွဲ့အား ဆုပေးအပ်ချီးမြှင့်စဉ်။

❖ စာမျက်နှာ ၃ မှ

Men's Sports Physique up to 175 Centimetre ပြိုင်ပွဲ၌ ရွှေတံဆိပ်တစ်ခု၊ အမျိုးသားကာယဗလ(၇၀)ကီလိုတန်း ပြိုင်ပွဲ၌ ငွေတံဆိပ်တစ်ခုရရှိခဲ့ကြောင်း။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၉)ကြိမ်မြောက်ကမ္ဘာ့ပီတန်းချန်ပီယံရှစ် ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ခင်ချယ်ရီသက်က ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိခဲ့ကာ ကမ္ဘာ့အဆင့်(၁)အဖြစ် သတ်မှတ်ခြင်းခံခဲ့ရကြောင်း။

၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၁ ရက်အထိ ဗီယက်နမ်နိုင်ငံ၌ ကျင်းပခဲ့သည့် (၇)ကြိမ်မြောက် ကမ္ဘာ့ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် မြန်မာအားကစားသမား ၃၂ ဦးက ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ် ကိုးခု ဆွတ်ခူးရရှိခဲ့သောကြောင့် ကမ္ဘာ့အဆင့်(၆) နေရာတွင် ရပ်တည်နိုင်ခဲ့သည်ကို တွေ့ရကြောင်း။

ယခုကဲ့သို့ **အာရှအဆင့်နှင့် ကမ္ဘာ့အဆင့်ပြိုင်ပွဲများတွင် နိုင်ငံ**တော်အတွက် စုစုပေါင်း ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ငါးခု၊ ကြေးတံဆိပ် ၁၄ ခု စုစုပေါင်းဆုတံဆိပ် ၂၄ ခု ရယူပေးနိုင်ခဲ့ခြင်းသည် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့်မြှင့်တင်ပေးရာရောက်သည့်အပြင် နိုင်ငံတကာအလယ်၌ အမိမြန်မာနိုင်ငံတော်အလံကို လွှင့်တင်ပြီး နိုင်ငံတော်သီချင်းသံလွှင့်ပျံ့အောင် စွမ်းဆောင်ကြိုးပမ်းခဲ့သူများဖြစ်သည့်အတွက် အုပ်ချုပ်သူများ၊ နည်းပြများအပါအဝင် ပြိုင်ပွဲဝင် မြန်မာအားကစားသမားများ၏ ကြိုးပမ်းမှု၊ ဇွဲ၊ စိတ်ဓာတ်တို့ကို ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်ကြောင်း။

**☆ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်ပြင်ဆင်ခဲ့မှုများကို ဂုဏ်ပြုသည့်အနေဖြင့် ပြိုင်ပွဲအသီးသီးတွင် တစ်ဦးချင်း ရွှေတံဆိပ်နှင့် အသင်းလိုက် ရွှေတံဆိပ်ရရှိခဲ့ကြသည့်အသင်းများအား ငွေကျပ် သိန်း ၃၀၀ စီ၊ တစ်ဦးချင်းငွေတံဆိပ်နှင့် အသင်းလိုက်ငွေတံဆိပ်ရရှိခဲ့ကြသည့်အသင်းများအား ငွေကျပ် သိန်း ၂၀၀ စီ၊ တစ်ဦးချင်း ကြေးတံဆိပ်နှင့် အသင်းလိုက် ကြေးတံဆိပ်ရရှိခဲ့ကြသည့် အသင်းများအား ငွေကျပ် သိန်း ၁၀၀ စီ စုစုပေါင်း ငွေကျပ် သိန်း ၃၉၀၀ ကို ချီးမြှင့်**

ထိုသို့ နိုင်ငံ့ဂုဏ်ဆောင်နိုင်ရေး ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်ပြင်ဆင်ခဲ့မှုများကို ဂုဏ်ပြုသည့်အနေဖြင့် ပြိုင်ပွဲအသီးသီးတွင် တစ်ဦးချင်း ရွှေတံဆိပ်နှင့် အသင်းလိုက် ရွှေတံဆိပ်ရရှိခဲ့ကြသည့် အသင်းများအား ငွေကျပ် သိန်း ၃၀၀ စီ၊ တစ်ဦးချင်းငွေတံဆိပ်နှင့် အသင်းလိုက်ငွေတံဆိပ်ရရှိခဲ့ကြသည့် အသင်းများအား ငွေကျပ်သိန်း ၂၀၀ စီ၊ တစ်ဦးချင်း ကြေးတံဆိပ်နှင့် အသင်းလိုက် ကြေးတံဆိပ်ရရှိခဲ့ကြသည့် အသင်းများအား ငွေကျပ်သိန်း ၁၀၀ စီ စုစုပေါင်းငွေကျပ်သိန်း ၃၉၀၀ ကို ချီးမြှင့် ပေးအပ်သွားမည်ဖြစ်ကြောင်း။

ယခုလို အောင်မြင်မှုရရှိကြသည့် အားကစားသမားများကို နိုင်ငံတော်အနေဖြင့် နိုင်ငံတော်အဆင့်အခမ်းအနားနှင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးနေသကဲ့သို့ အားကစားမောင်မယ်များအနေဖြင့်လည်း နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်၊ နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်လိုသည့် စိတ်ဓာတ်များ မွေးမြူပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အုပ်ချုပ်နည်းပြများ၏ သွန်သင်ဆုံးမလေ့ကျင့်ပေးမှုများအတိုင်း စည်းကမ်းရှိရှိ၊ အမိန့်နာခံမှု အပြည့်အဝနှင့် နည်းစနစ်မှန်မှန်၊ ပြင်းပြင်းထန်ထန်စဉ်ဆက်မပြတ် လေ့ကျင့် ဆောင်ရွက်နေကြရန် အထူးမှာကြားလိုကြောင်း။

၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိစေရေးအတွက်လည်း ၂၀၂၄ **ခုနှစ် ဒီဇင်ဘာလအတွင်း၌ ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ကျင်းပပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါ**ကြောင်း၊ ပဉ္စမအကြိမ်အမျိုးသားအားကစား ပွဲတော်ကြီးကို အားကစားနည်းအလိုက် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်ရေး၊ လူငယ်၊ လူရွယ်များအပါအဝင် ပြည်သူတစ်ရပ်လုံး အားကစားကို စိတ်ပါဝင်စားပြီး အားပေးဆောင်ရွက်လာစေရေး၊ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်စေရန် အထောက်အကူ ပြုနိုင်စေရေး ဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ **ဝန်ကြီးဌာနအသီးသီးနှင့် ပြည်နယ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့များအနေဖြင့်လည်း ဝန်ကြီးဌာနများနှင့် ပြည်နယ်၊ တိုင်းဒေသကြီး ကိုယ်စားပြုအသင်းများကို ၂၀၂၄ ခုနှစ် အမျိုးသားအားကစားပွဲတော်ကြီးတွင် အဆင့်မီမီ အင်ပြည့်အားပြည့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးကြိုတင်ပြင်ဆင်စီမံဆောင်ရွက်**သွားကြရန်နှင့် ပြိုင်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တစ်ပါတည်း မှာကြားလိုကြောင်း။

**စာမျက်နှာ ၅ သို့** ❖

❖ စာမျက်နှာ ၄ မှ

လာမည့် ၂၀၂၅ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်မည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲနှင့် ၂၀၂၆ ခုနှစ် ဂျပန်နိုင်ငံတွင် ကျင်းပမည့် အကြိမ်(၂၀) မြောက် အာရှ အားကစားပြိုင်ပွဲများတွင် မြန်မာနိုင်ငံအနေဖြင့် ယှဉ်ပြိုင်နိုင်မည့် အားကစားနည်း အရေအတွက် သာမက အားကစားသမားအရေအတွက်ပါ အဆင့်မီမီတိုးမြှင့် ယှဉ်ပြိုင်နိုင်ရန်နှင့် ယခုထက် ပိုမိုအောင်မြင်မှု ရရှိစေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့်ပူးပေါင်းပြီး လူရွေးချယ်ရေး စီမံချက်၊ လေ့ကျင့်ရေးစီမံချက်၊ အောင်နိုင်ရေး စီမံချက်များကို စနစ်တကျ ရေးဆွဲကြိုတင်ပြင်ဆင်စီမံ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

အားကစားမောင်မယ်များ အနေဖြင့် နောင်လာမည့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၊ အာရှ အားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာ အားကစားပြိုင်ပွဲများ၌လည်း ဆက်လက်အောင်မြင်မှုရရှိစေရေး မလျှော့သော ဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ယခုထက် ပိုမိုအားထုတ်ကြိုးပမ်းသွားကြရန် ထပ်မံ၍အလေးအနက် တိုက်တွန်းမှာကြားလိုကြောင်း။


ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ ရှင်းလင်းတင်ပြစဉ်။


ပီတန်းအားကစားသမား ခင်ချယ်ရီသက် ကျေးဇူးတင်စကားပြောကြားစဉ်။

**နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်**

**နိုင်ငံတကာပြိုင်ပွဲများတွင် ရွှေ၊ ငွေ၊ ကြေးဆုတံဆိပ်များ ယခုထက်ပိုမိုရရှိပြီး နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်နိုင်ရေး၊ လူငယ်လူရွယ်တိုင်း အားကစားကို စိတ်ပါဝင်စားပြီး လေ့လာလိုက်စားရာမှတစ်ဆင့် ပြိုင်ပွဲဝင်နိုင်သည်အထိ လေ့ကျင့်ယှဉ်ပြိုင်နိုင်ရေးနှင့် အရှေ့တောင်အာရှအဆင့်မှသည် အာရှအဆင့်၊ ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်အောင် ရည်မှန်းချက်ထားပြီး ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း** ပြောကြားသည်။

ထို့နောက်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင်ဆုရ အားကစားအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့်ကမ္ဘာ့အဆင့်အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆု ငါးဆု ဆွတ်ခူးပေးနိုင်ခဲ့သည့် ပိုက်ကျော်ခြင်း အားကစားအဖွဲ့၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့၊ ပီတန်းအားကစားအဖွဲ့၊ ဗိုဗီနမ်အားကစားအဖွဲ့များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူးက ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် ငွေတံဆိပ်ဆု ငါးဆု ဆွတ်ခူးပေးနိုင်ခဲ့သည့် E-Sports အားကစားအဖွဲ့၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့နှင့် ဗိုဗီနမ်အားကစားအဖွဲ့တို့အား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ကောင်စီဝင်ဗိုလ်ချုပ်ကြီး မြထွန်းဦးက ကြေးတံဆိပ်ဆု ငါးဆု ဆွတ်ခူးပေးနိုင်ခဲ့သည့် လေ့လှော်အားကစားအဖွဲ့နှင့် ပြေးခုန်ပစ်(မသန်စွမ်း)အားကစားအဖွဲ့တို့ကိုလည်းကောင်း၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ကြေးတံဆိပ်ဆု ငါးဆု ဆွတ်ခူးပေးနိုင်ခဲ့သည့် ဗိုဗီနမ်အားကစားအဖွဲ့ကိုလည်းကောင်း၊ ကောင်စီဝင်ဒုတိယ ဗိုလ်ချုပ်ကြီး ညိုစောက ကြေးတံဆိပ်ဆု လေးဆု ဆွတ်ခူးပေးနိုင်ခဲ့သည့် ဗိုဗီနမ်အားကစားအဖွဲ့ကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်ရ အားကစားသမားများ ကိုယ်စားပီတန်းအားကစားသမား ခင်ချယ်ရီသက်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများနှင့် နည်းပြများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ၂၀၂၃ ခုနှစ်အတွင်း အာရှအဆင့်နှင့် ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသည့် အားကစားအဖွဲ့များမှ အုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားမောင်မယ်များနှင့်အတူ ဂုဏ်ပြုလက်ဖက်ရည်ကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးများ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို ကြည့်ရှုအားပေး

**နေပြည်တော် ဇန်နဝါရီ ၂၃**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲများကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း အားကစားရုံများတွင် အားကစားနည်းများအလိုက် ဆက်လက်ကျင်းပလျက်ရှိသည်။

**ကြည့်ရှုအားပေး**

ယနေ့နံနက်ပိုင်းတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်တို့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း (C) ရုံတွင် ကြက်တောင်ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများသည် (A) ရုံတွင် စားပွဲတင်တင်းနစ် ယှဉ်ပြိုင်ကစားနေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး ပြိုင်ပွဲများအပြီးတွင် ကျောင်းသား အားကစားသမားများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားသည်။

ဝဏ္ဏသိဒ္ဓိအားကစားကွင်း အမှတ် ၃ ၌ အုပ်စု (ဃ) ပွဲစဉ်ဖြစ်သော ရန်ကုန်အရှေ့ပိုင်းဇုန်နှင့် တောင်ကြီးဇုန်မှ ဘောလုံးအသင်းများ






ယှဉ်ပြိုင်ကစားကြရာ ယင်းပွဲစဉ်တွင် တောင်ကြီးဇုန်က ရန်ကုန်အရှေ့ပိုင်းဇုန်ကို ခြောက်ဂိုး- ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိသည်။ ညနေပိုင်းတွင် ကွင်းအမှတ် ၁ တွင် အုပ်စု(က) ပွဲစဉ်ဖြစ်သော ရန်ကုန်အနောက်ပိုင်းဇုန်နှင့် ဘားအံဇုန်တို့ ယှဉ်ပြိုင်ကစားကြရာ ဘားအံဇုန်က ရန်ကုန်အနောက်ပိုင်းဇုန်ကို လေးဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ညနေပိုင်းတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း ကွင်းအမှတ် ၃ တွင် အုပ်စု(က) ပွဲစဉ်ဖြစ်သော ပုသိမ်ဇုန်နှင့် ပြည်ဇုန်တို့ ယှဉ်ပြိုင်နေမှုများကို ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဝင်များ၊ အုပ်ချုပ်သူနည်းပြများနှင့် ပြိုင်ပွဲဝင်အားကစားသမားများ ကြည့်ရှုအားပေးသည်။ အဆိုပါ ပြိုင်ပွဲတွင် ပုသိမ်ဇုန်နှင့် ပြည်ဇုန်တို့ အကြိတ်အနယ် ကစားကြရာ တစ်ဂိုးစီ သရေပွဲဖြစ်သည်။ ပွဲစဉ်အပြီးတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျက အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မုဒုံမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အားဖြည့်အစားအစာများ ထောက်ပံ့

**မုဒုံ ဇန်နဝါရီ ၂၃**

မွန်ပြည်နယ် မုဒုံမြို့နယ် ကျန်းမာရေးဦးစီးဌာနက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၈ နာရီက မြို့နယ်မြန်မာ့စီးပွားရေးဘဏ်(ခွဲ)၌ အခမဲ့စမ်းသပ်စစ်ဆေးပေးသည်။

ထိုသို့ဆောင်ရွက်ရာတွင် မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ ကြီးကြပ်၍ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကျော်မိုးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခြေခံကျန်းမာရေးဆိုင်ရာများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ဆေးကုသမှုပေးခြင်း၊ ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

မုဒုံမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားပင်စင်လစာ ထုတ်ယူသူဦးရေ ၂၆၆၇ ဦးရှိပြီး မြို့နယ်ကျန်းမာရေးဝန်ထမ်းများက အခမဲ့ကျန်းမာရေးဆေးကုသပေးခြင်းနှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ အားဖြည့်အစားအစာများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သားငယ် (ပြန်/ဆက်)**

**တစ်လှေတည်းစီး တစ်ခရီးတည်းသွား ပြည်ထောင်စုသား သွေးချင်းများ တွဲထားလက်များ ခိုင်စေသား**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစဉ်။

❍ ကျောဖုံးမှ

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ နှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

## ရှင်းလင်းတင်ပြ

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်အတွင်းရှိ ဒေသဆိုင်ရာ အချက်အလက်များနှင့် ဆောင်ရွက်လျက်ရှိသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တက်ရောက်လာကြသည့် ဆန်လုပ်ငန်းရှင်များကိုယ်စားလှယ် ဦးအောင်ဇော်ထက်နှင့် ဟိုတယ်လုပ်ငန်းရှင်များကိုယ်စား မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ကရင်ဇုန်) ဒုတိယဥက္ကဋ္ဌ ဦးမျိုးမင်းအောင်ကျော်တို့က လုပ်ငန်းများဆောင်ရွက်မှု အခြေအနေများနှင့် ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ကရင်ပြည်နယ်အတွင်း ခရီးသွားလာမှု လုပ်ငန်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ တက်ရောက်လာကြသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးပေးထားမှုနှင့် အကျိုးရှိစွာ သုံးစွဲကြရန် လိုအပ်သည့် အခြေအနေများ၊ ဒေသဖွံ့ဖြိုးတိုးတက်ရန်အတွက် နယ်မြေ တည်ငြိမ်အေးချမ်းရန်လိုအပ်လျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီး၊ ဒုတိယဝန်ကြီးများက ဝန်ကြီးဌာနများအလိုက် MSME လုပ်ငန်းများနှင့် ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှု၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လေ့ကျင့်သင်ကြားဆောင်ရွက်ပေးနေမှု၊ လုပ်ငန်းအတွက် ချေးငွေရယူလိုမှုနှင့် ပတ်သက်၍ လုပ်ငန်းရှင်များအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြဆောင်ရွက်နိုင်မှု၊ ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်မားစေရေး၊ ဝင်ငွေတိုးပွားစေရေးတို့အတွက် သမဝါယမအသင်းအဖွဲ့များစုဖွဲ့၍ လိုအပ်သည့်အရင်းအနှီးများ မတည်ဆောင်ရွက်ပေးမှု၊ သွင်းအားစုရရှိရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် လက်အောက်ရှိ နယ်မြေခံဦးစီးဌာနများမှတစ်ဆင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ MSME လုပ်ငန်းနှင့်ပတ်သက်၍ ကုန်အမှတ်တံဆိပ်ဆိုင်ရာ မူပိုင်ခွင့်များရရှိရန် လိုအပ်မှု၊ ဝန်ကြီးဌာနများအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ MSME လုပ်ငန်းများအား အားပေးကူညီ ဆောင်ရွက်ပေးလျက်ရှိမှု စသဖြင့် သက်ဆိုင်ရာကဏ္ဍများအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ဆွေးနွေး တင်ပြမှုများနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

## ပြည်ပသို့တင်ပို့နိုင်သည်အထိ ရည်မှန်းချက်ထားဆောင်ရွက်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စဉ် MSME နှင့် ပတ်သက်သည့် လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ သိရှိနိုင်ရန်နှင့် MSME လုပ်ငန်းလိုအပ်ချက်များ သိရှိဖြည့်ဆည်းပေးနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြည်တွင်းမှ ထွက်ရှိသော ကုန်ကြမ်းအခြေခံစားသုံးဆီ၊ ဆန်နှင့် ဆန်ကွဲ၊ ဝါ၊ ရော်ဘာ၊ လက်ဖက်၊ ကော်ဖီ၊ ကြိမ်၊ သစ်၊ ဝါး စသည်ဖြင့် ၁၀ မျိုးကို ဒေသနှင့် ကိုက်ညီမှုအလိုက် ဆောင်ရွက်ရန် သတ်မှတ်ထားကြောင်း၊ ကုန်ချောထုတ်နိုင်ရန်မှာ ကုန်ကြမ်းသည် အဓိကလိုအပ်ချက်ဖြစ်ပြီး မိမိတို့ဒေသအလိုက် ထွက်ရှိသည့်ကုန်ကြမ်းကို အခြေခံ၍ စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ကုန်ကြမ်းမှ ကုန်ချောအဖြစ် ထုတ်လုပ်ရာတွင် One Region One Product အဖြစ် ဆောင်ရွက်၍ မိမိဒေသမှ ပြည်တွင်းဖူလုံသည်အထိ ၎င်းမှ ပြည်ပသို့ တင်ပို့နိုင်သည်အထိ ရည်မှန်းချက်ထား ဆောင်ရွက်သွားရန်လိုကြောင်း။

MSME များ အောင်မြင်ရန်မှာ ဒေသမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ MSME အေဂျင်စီများ၊ MSME Member များနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ ကုန်ချောထုတ်လုပ်နိုင်မှသာ မိမိတို့ဒေသစားသောက်ကုန်နှင့် သုံးကုန်အတွက် ဖူလုံနိုင်မည်ဖြစ်ပြီး ပိုလျှံပါကလည်း ပြည်ပသို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် သွင်းကုန်အစားထိုးထုတ်လုပ်နိုင်ခြင်းပင် ဖြစ်ကြောင်း၊ တင်ပြချက်များအရ ကရင်ပြည်နယ်တွင် စက်မှုလုပ်ငန်း ၁၁၈၇ ခုနှင့် Member ဝင် ၆၂၅ ဦး တွေ့ရှိရကာ ဘားအံနှင့် မြဝတီ စက်မှုဇုန် နှစ်ဇုန်ရှိပြီး ကုန်ထုတ်လုပ်မှုတွင် ထိုက်သင့်သလောက် ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့်လည်း MSME Member Card အားလုံး လုပ်ဆောင်ကြရန်လိုပြီး ထိုသို့လုပ်ဆောင်ခြင်းဖြင့်လုပ်ငန်းများ တိုးချဲ့နိုင်ရန်လိုအပ်သော အရင်းအနှီးချေးယူနိုင်မှု အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း၊ Member Card သည် ပြည်နယ်၏ MSME လုပ်ငန်းရှင်အဖြစ် အသိသက်သေပင်ဖြစ်ကြောင်း၊ ယခုအခါ အရင်းအနှီးအတွက် ငွေချေးယူနိုင်ရန် MSME ဖွံ့ဖြိုးရေး ချေးငွေသာမက ပုဂ္ဂလိကဘဏ် ၁၆ ခုမှလည်း Collateral Type အရ ငွေချေးငှားဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်အား မလွှဲမရှောင်သာ၍ ခေတ္တတာဝန်ယူနေစဉ်ကာလအတွင်း နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အဖြစ် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီဖော်ဆောင်ရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးကို ချမှတ်ထားပြီး အမျိုးသားရေးရည်မှန်းချက် အနေဖြင့်လည်း တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ချမှတ်ဖော်ဆောင်လျက်ရှိကြောင်း၊ ထိုသို့ဖော်ဆောင်ရာတွင် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုးတက် ကောင်းမွန်လာသည့် စီးပွားရေး မောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး၊ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေးဟူသည့် စီးပွားရေးဦးတည်ချက်များကို လက်တွေ့ကျကျ ရေးဆွဲဖော်ဆောင်လျက်ရှိကြောင်း။

MSME လုပ်ငန်းသည် အမျိုးသားရေးရည်မှန်းချက်နှင့် တိုက်ရိုက်ဆက်စပ်မှုရှိနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်သည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ MSME လုပ်ငန်းများကို အလေးထား၍ သွားရောက်တွေ့ဆုံမှုများ ပြုလုပ်ကာ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

## MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၇၀ ဘီလီယံအထိ မတည်ထုတ်ပေးထား

MSME တွေ့ဆုံမှုများတွင် အများဆုံးတင်ပြလာသည့် လိုအပ်ချက်အဖြစ် အရင်းအနှီးအတွက် ချေးငွေလိုအပ်ချက်၊ နည်းပညာလိုအပ်ချက်၊ ကုန်ကြမ်းလိုအပ်ချက်၊ ဈေးကွက်လိုအပ်ချက်နှင့် စက်ပစ္စည်းကိရိယာ၊ မြေနေရာလိုအပ်ချက်များကို တင်ပြကြသည်ကို တွေ့ရှိရကြောင်း၊ ယင်းအနက် အရင်းအနှီးလိုအပ်ချက်ကို အများဆုံးတွေ့ရှိရသဖြင့် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၁၇၀ ဘီလီယံအထိ မတည်ထုတ်ပေးထားပြီးဖြစ်ကြောင်း၊ သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိပါက အွန်လိုင်းလျှောက်လွှာဖြင့် ရယူနိုင်ပြီး ပုဂ္ဂလိကဘဏ် ၁၆ ခုတို့ဖြင့်လည်း ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း။

နည်းပညာနှင့် ပတ်သက်၍ ကုန်ပစ္စည်း အရည်အသွေးကောင်းမွန်ရန်မှာ လူ့စွမ်းအားအရင်းအမြစ် (HR) ဖွံ့ဖြိုးမှုသည် အဓိကကျကြောင်း၊ ဈေးကွက်မရရှိခြင်းနှင့် ရေရှည်မထိုးဖောက်နိုင်ခြင်းသည် Labour Skill တွင် လိုအပ်ချက်ရှိခြင်းကြောင့် ဖြစ်ကြောင်း၊ ကျွမ်းကျင်လုပ်သားရရှိရေးအတွက် ဝန်ကြီးဌာန ၁၀ ခုတွင် လုပ်ငန်းအလိုက် သင်တန်း ၂၆၀ ခု လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ၎င်းသင်တန်းအမျိုးအစားနှင့် ကာလများကို

စာမျက်နှာ ၇ သို့ ❍

☆ **ကုန်ကြမ်းမှ ကုန်ချောအဖြစ် ထုတ်လုပ်ရာတွင်** One Region One Product **အဖြစ် ဆောင်ရွက်၍ မိမိဒေသမှ ပြည်တွင်းဖူလုံသည်အထိ ၎င်းမှ ပြည်ပသို့ တင်ပို့နိုင်သည်အထိ ရည်မှန်းချက်ထား ဆောင်ရွက်သွားရန်လို**

☆ **လုပ်ငန်းရှင်များအနေဖြင့်လည်း** MSME Member Card **အားလုံး လုပ်ဆောင်ကြရန်လိုပြီး ထိုသို့လုပ်ဆောင်ခြင်းဖြင့် လုပ်ငန်းများ တိုးချဲ့နိုင်ရန် လိုအပ်သော အရင်းအနှီးချေးယူနိုင်မှု အခွင့်အလမ်းများ ရရှိနိုင်မည်**

## မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သတင်းရယူနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁) MICC-1 တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ အဆိုပါအခမ်းအနားသို့ တက်ရောက်မည့် သတင်းမီဒီယာသမားဦးရေနှင့် အခမ်းအနားကျင်းပမည့် နေရာကန့်သတ်ချက်ပေါ်မူတည်၍ A Zone၊ B Zone ခွဲခြားသတ်မှတ်ကာ သတင်းရယူစေမည်ဖြစ်ပါသည်။ သို့ပါ၍ အခမ်းအနားတက်ရောက် သတင်းရယူလိုသော လုပ်ငန်းအသိအမှတ်ပြုလက်မှတ်ရယူထားသည့် မီဒီယာများအနေဖြင့် သတင်းမီဒီယာဌာနတစ်ခုလျှင် သတင်းမီဒီယာသမားနှစ်ဦးနှုန်းဖြင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ရာထူးတာဝန်၊ သတင်းဌာနစသည့် သတ်မှတ်လျှောက်လွှာပုံစံပါ အချက်အလက်များကို ဖြည့်စွက်၍ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲ (နေပြည်တော်) ၀၆၇-၃၄၁၂၀၄၃၊ iprd.crd.npt@gmail.com၊ (ရန်ကုန်)၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd.crd.ygn@gmail.com သို့ ၂၇-၁-၂၀၂၄ ရက်နေ့အရောက် ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**




○ စာမျက်နှာ ၆ မှ

MSME Web portal တွင် တင်ပေးထားရှိပြီး ဒေသအလိုက် MSME အောင်ချင်စီများကလည်း အားလုံး သိရှိနိုင်အောင် Awareness လုပ်ပေးနေရန် လိုကြောင်း၊ ကျွမ်းကျင်လုပ်သား ရှိမှသာ အရည်အသွေး ကောင်းမွန်သော ထုတ်ကုန်ပစ္စည်းများ ရရှိမည်ဖြစ်ပြီး ဈေးကွက်အတွင်း ဝယ်လိုအား Demand လည်း ရှိလာမည်ဖြစ်ကြောင်း၊ အလားတူ တစ်နိုင်ငံလုံးရှိ လူငယ်များအတွက် KG+9 အောင်မြင်ပြီး၍ အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာအထက်တန်းနှင့် အဆင့်မြင့်ပညာ တက်ရောက်ရန် အခက်အခဲရှိသူများအတွက် ခရိုင် ၅၁ ခုတွင် ကျောင်း ၅၁ ကျောင်း ဖွင့်လှစ်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုပညာရပ်များကို လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရေး သင်ကြားပေးလျက်ရှိကြောင်း၊ ၎င်းတို့အနေဖြင့် Certificate ရရှိပြီး လုပ်ငန်းခွင်ဝင်နိုင်သကဲ့သို့ ထူးချွန်ပါကလည်း ၎င်းတို့သင်ယူခဲ့သည့် ဘာသာဖြင့် တက္ကသိုလ်ပညာရေးကို ဆက်လက်သင်ယူနိုင်ကြောင်း။

ကုန်ကြမ်း လိုအပ်ချက်နှင့် ပတ်သက်၍ ဒေသမှထွက်ရှိသည့် ကုန်ကြမ်းကိုသာ အခြေခံ၍ ကုန်ချောထုတ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ လိုအပ်သော ကုန်ကြမ်းကို ပြည်ပမှ ဝယ်ယူခြင်းဖြင့် နိုင်ငံခြားငွေကုန်ကျခြင်းနှင့် အခြားသော ကန့်သတ်ချက်များ ကြုံတွေ့နိုင်ပြီး ရေရှည်ဆောင်ရွက်ရာတွင် အခက်အခဲဖြစ်နိုင်ကြောင်း၊ နိုင်ငံအတွင်း ဒေသအလိုက်ရရှိနိုင်သော ကုန်ကြမ်းများရှိပြီး ဖြစ်ကြောင်း၊ ကရင်ပြည်နယ်တွင် ရော်ဘာထွက်ရှိမှုနှင့် နည်းပညာအရ အခြားဒေသများထက် အားသာမှုရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်လမ်းညွှန်သကဲ့သို့ ရော်ဘာထွက်ကုန်အား တစ်နိုင်ငံလုံး ယာဉ်အမျိုးမျိုး၏ တာယာများတွင် အသုံးပြုသကဲ့သို့ အခြားလူသုံးကုန်များတွင်လည်း အမြောက်အမြား အသုံးပြုနေသည့် ဈေးကွက်များရှိပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ အရည်အသွေးကောင်းမွန်အောင် ထုတ်လုပ်နိုင်ရေး ကြိုးပမ်းသွားရန်လိုကြောင်း။

ဈေးကွက်လိုအပ်ချက်အနေဖြင့် MSME အောင်ချင်စီများမှတစ်ဆင့် ဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်နေရန် လိုကြောင်း၊ လာမည့် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့တွင် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် MSME ထုတ်ကုန်ပြပွဲ ပြိုင်ပွဲများ ပြုလုပ်ပေးရန် စီစဉ်ထားကြောင်း၊ မိမိတို့၏ ဒေသအလိုက် ထွက်ရှိသည့် ထုတ်ကုန်များကို အကောင်းဆုံးပြင်ဆင်၍ ပွဲထုတ်သွားရန် လိုကြောင်း၊ အချို့ကုန်စည်များသည် ပြည်တွင်းတွင် အရည်အသွေးမီ ထုတ်နိုင်သော်လည်း အများစုသည် ကောင်းစွာ မသိကြကြောင်း၊ ဈေးကွက်ရှာဖွေရေးအတွက် ဝန်ကြီးဌာနများမှတစ်ဆင့် ဆက်သွယ်၍ ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ကာ Promotion ပြုလုပ်ပေးရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့သည် သီလဝါ အထူးစီးပွားရေးဇုန်(SEZ) နှင့်ဆက်သွယ်၍ ပြည်ပဈေးကွက်သို့ ချိတ်ဆက်တင်ပို့နိုင်၍ အချို့ထုတ်ကုန်များ အမှာစာ ပေးပို့လာသည်ကို တွေ့ရကြောင်း၊ သီလဝါ အထူးစီးပွားရေးဇုန်တွင် Free Zone နှင့် Promotion Zone ဟူ၍ နှစ်ပိုင်းရှိပြီး စီမံခန့်ခွဲမှုကော်မတီနှင့် ဆက်သွယ်၍ မိမိတို့၏ ကုန်ပစ္စည်းများကိုတင်ပို့နိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချင်းချင်း ချိတ်ဆက်၍ သုံးစွဲသူတို့၏ လိုအပ်ချက်များနှင့် အကြိုက်ကို သိရှိရန်လိုပြီး နည်းပညာဖြင့် အရည်အသွေးမီ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ထို့ကြောင့် ဈေးကွက်ရရှိရေး ပြည်နယ်အစိုးရ၊ MSME အောင်ချင်စီများအနေဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆက်သွယ်ဆောင်ရွက်နေရန် လိုသကဲ့သို့ လုပ်ငန်းရှင်များကလည်း မိမိတို့၏ ထုတ်ကုန်များ အရည်အသွေးမြှင့်တန်ဖိုးမြှင့် ထုတ်လုပ်နိုင်ရန် လိုကြောင်း။

**ပူးပေါင်းဆောင်ရွက်ရန်လို**

စိုက်ပျိုးရေးတွင် မျိုးရွေးချယ်မှုသည် အရေးကြီးကြောင်း၊ အချို့ဒေသများတွင် ဈေးကောင်းရသည့် မျိုးကို ကန်ထရိုက်စနစ်ဖြင့် စိုက်ပျိုး အောင်မြင်နေသည်ကို တွေ့ရကြောင်း၊ ပြည်ပဈေးကွက်တွင် သာမန်ဆန် မက်ထရစ် တစ်တန် ဒေါ်လာ ၃၅၀ မှ ၄၅၀ ကြားခန့်သာ ရှိချိန်တွင် အမျိုးအစားကောင်းပြီး အရည်အသွေးပြည့်သည့် ဆန်မွှေးသည် ဒေါ်လာ ၁၂၀၀ ခန့် ရရှိနိုင်ကြောင်း၊ ထို့ပြင် စိုက်နည်းစနစ်နှင့် သွင်းအားစု မကွာခြားသော်လည်း မိရိုးဖလာစိုက်ပျိုးသည့် ပုံစံနှင့် သိပ္ပံနည်းကျ ကေကွက်ဖော်ဆောင် စိုက်ပျိုးမှုသည် အကျိုးကျေးဇူးရရှိမှုများစွာ ကွာခြားသည်ကို သိရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ အောင်မြင်ရန် စုပေါင်းညီညာ အောင်ကြောင်းဖြာ ဆိုသည့် စကားအတိုင်း ပြည်နယ်အစိုးရ၊ MSME အောင်ချင်စီနှင့် လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် လိုကြောင်း၊ ထို့အပြင် ဒေသအလိုက် တည်ငြိမ်အေးချမ်းမှုသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေဖြင့် ငြိမ်းချမ်းရေးအတွက် အမြဲတမ်း တံခါးဖွင့်ထားပါကြောင်း၊ တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ MSME လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်၍ တင်သွင်းသူ (Inporter) အဖြစ်မှ တင်ပို့သူ (Exporter) ဖြစ်အောင် ကြိုးပမ်းသွားရန်လိုကြောင်း၊ လူတစ်ဦးချင်းမှစ၍ အခြေခံကောင်းများဖြင့် မိသားစုအလိုက်၊ မြို့နယ်အလိုက်၊ ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ကာ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်သည့် အထိ ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**ခင်းကျင်းပြသထားမှုများကြည့်ရှု**

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အဖွဲ့ဝင်များသည် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှု ထုတ်ကုန်၊ ရိုးရာလက်မှု ထုတ်ကုန်များ စသည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## ဂျီ ၇၇ နှင့် တရုတ်အုပ်စု၏ 'တတိယအကြိမ်မြောက် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ၏ ထိပ်သီးအစည်းအဝေး' သို့ အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၂၃**

အီဂျစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက်နှင့်၂၂ရက်တွင် ယူဂန်ဒါနိုင်ငံ ကမ်ပါလာမြို့၌ ကျင်းပခဲ့သည့် ဂျီ ၇၇ နှင့် တရုတ်အုပ်စု၏ "တတိယအကြိမ်မြောက် ကမ္ဘာ့တောင်ခြမ်းနိုင်ငံများ၏ ထိပ်သီးအစည်းအဝေး" သို့ တက်ရောက်ခဲ့ပြီး ဇန်နဝါရီ ၂၂ ရက်တွင် မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေပြည်သာမြို့နယ်၌ ဟောပြောပွဲ၊ စာစီစာကုံး၊ ကဗျာရွတ်၊ ပန်းချီပြိုင်ပွဲနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ အကြိုဟောပြောပွဲ၊ စာစီစာကုံး၊ ကဗျာရွတ်၊ ပန်းချီပြိုင်ပွဲနှင့် စာအုပ်စာစောင်ပြပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက ကျင်းပသည်။

**ပေးအပ်ချီးမြှင့်**

အခမ်းအနားတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးမိုးက ပြိုင်ပွဲများ ကျင်းပပေးရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ပြိုင်ပွဲများကို အမှတ် (၁၅) အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ဆုရရှိသူများအား ဒေါ်အေးအေးမိုးနှင့် ဆရာ ဆရာမများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့သည်။

**လှည့်လည်ကြည့်ရှု**

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသော အသိပညာပေး နံရံကပ်စာစောင်များနှင့် စာအုပ်များကို စိတ်ဝင်စားစွာ လှည့်လည်ကြည့်ရှုကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ အဆင်ပြေချောမွေ့စေရေး သဘာဝဓာတ်ငွေ့သုံး CNG မော်တော်ယာဉ်များနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် သဘာဝဓာတ်ငွေ့သုံး CNG မော်တော်ယာဉ်များနှင့်ပတ်သက်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ မင်္ဂလာခန်းမ၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ စက်သုံးဆီလိုအပ်ချက်ကို အတတ်နိုင်ဆုံးဖြည့်ဆည်းပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသလို သဘာဝဓာတ်ငွေ့သုံး CNG မော်တော်ယာဉ်များအတွက် သဘာဝဓာတ်ငွေ့ ပိုမိုဖြည့်ဆည်းပေးနိုင်ရန် ကုန်းတွင်း သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်ရေးစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကုန်းတွင်း သဘာဝဓာတ်ငွေ့ တိုးမြှင့်ထုတ်လုပ်နိုင်လာသည်နှင့်အမျှ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် CNG ကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲနိုင်ရန် စီမံဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယင်းသို့စီမံဆောင်ရွက်နေရာတွင် ခရီးသည်များ ဘေးကင်းလုံခြုံမှုရှိစေရေး၊ CNG ကို သက်သာသောဈေးနှုန်းဖြင့် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးထားမှုများအပေါ်တွင် ပြည်သူများ အကျိုးခံစားမှုရှိစေရေး၊ CNG ဝယ်ယူရာတွင် တန်းစီစောင့်ဆိုင်းဝယ်ယူရမှုလျော့ကျသွားစေရေး၊ CNG သည် စက်သုံးဆီများနှင့်နှိုင်းယှဉ်ပါက သန့်ရှင်းသောစွမ်းအင်ဖြစ်ပြီး ပတ်ဝန်းကျင်ထိခိုက်ညစ်ညမ်းမှုကို လျှော့ချနိုင်ရေးအတွက် နိုင်ငံတကာတွင် ကျယ်ပြန့်စွာ အသုံးပြုနေကြသကဲ့သို့ မိမိတို့နိုင်ငံတွင်လည်း တိုးမြှင့်သုံးစွဲနိုင်ရေး၊ ၎င်းရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာတွင် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်နေမှုများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ကြစေရန်လိုပါကြောင်း ပြောကြားသည်။

**စနစ်တကျလိုက်နာဆောင်ရွက်**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က သဘာဝဓာတ်ငွေ့ ထပ်မံဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များအတိုင်း စနစ်တကျလိုက်နာဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍ ပိုမိုအဆင်ပြေချောမွေ့စေရေးအတွက် သဘာဝဓာတ်ငွေ့သုံး CNG မော်တော်ယာဉ်များနှင့်ပတ်သက်၍ လိုအပ်သည်များ တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက စနစ်တကျအကောင်အထည်ဖော်နိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းများ ရေးဆွဲဆောင်ရွက်သွားရန်လိုကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးသည်။



သဘာဝဓာတ်ငွေ့သုံး CNG မော်တော်ယာဉ်များကို သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စနစ်ကျစွာ အသုံးပြုနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့သည် စဉ်ဆက်မပြတ်ထိတွေ့ပြီး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်မည့်အစီအမံနှင့် အချိန်ဇယား ရေးဆွဲသွားမည်ဖြစ်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် - ၂၀၂၄ (၃၉) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂၃**

အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၄ နှင့် ဆက်စပ်၍ အာဆီယံ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့ရှိ Landmark Mekong Riverside ဟိုတယ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည်။




အစည်းအဝေးများသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ခေါင်းဆောင်များ၊ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့မှ ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့များမှ ကိုယ်စားလှယ်များ၊ အာဆီယံ-တရုတ်ဗဟိုဌာန၊ အာဆီယံ-ဂျပန်ဗဟိုဌာန၊ အာဆီယံ-ကိုရီးယားဗဟိုဌာနတို့မှ ကိုယ်စားလှယ်များ၊ အာဆီယံခရီးသွားလုပ်ငန်းအဖွဲ့၊ အာဆီယံ ခရီးသွားလုပ်ငန်းသုတေသနအဖွဲ့၊ ပစိဖိတ်-အာရှခရီးသွားလုပ်ငန်းအဖွဲ့၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်း ကောင်စီ၊ အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ၊ မဲခေါင်ခရီးသွားလုပ်ငန်းညှိနှိုင်းရေးရုံးတို့မှ ကိုယ်စားလှယ်များနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ ခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့ခေါင်းဆောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ဇန်နဝါရီ ၂၃ ရက်တွင် (၅၉)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေးသို့ တက်ရောက်ပြီး အာဆီယံခရီးသွားလုပ်ငန်း မဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၅)အရ ၂၀၂၃ ခုနှစ်အတွင်း အာဆီယံဒေသတွင်း ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် ခရီးသွားလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့သည်။ ထို့အပြင် အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် အကြိမ်(၆၀)မြောက် အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံမှ ဇူလိုင်လအတွင်း အိမ်ရှင်အဖြစ် လက်ခံကျင်းပရန် ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

အစည်းအဝေးကာလအတွင်း အာဆီယံအဖွဲ့ဝင်နိုင်ငံအလိုက် ခရီးသွားလုပ်ငန်းဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ကမ္ဘာ့မီဒီယာများသို့ ရှင်းလင်းတင်ပြသည့် သတင်းစာရှင်းလင်းပွဲများကို ကျင်းပရာတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ တက်ရောက်၍ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၄ ရက်မှ ၂၆ ရက်အထိ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်-၂၀၂၄ နှင့် ဆက်စပ်ကျင်းပပြုလုပ်မည့် အစည်းအဝေးများသို့ ဆက်လက်တက်ရောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အာဟာရထောက်ပံ့ပေးခြင်းများ ဆောင်ရွက်

**ကျိုက်ထို ဇန်နဝါရီ ၂၃**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အာဟာရထောက်ပံ့ပေးခြင်းကို ယနေ့နံနက်ပိုင်းက ကျိုက်ထိုမြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ကြသည်။

**ထောက်ပံ့ပေးအပ်**

ထိုသို့ဆောင်ရွက်ရာတွင် ကျိုက်ထိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းစိုးနှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းစိုးနှင့်အဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခြေခံအစားအစာများကို ထောက်ပံ့ပေးအပ်ပြီး မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခွန်မောင်အိုးနှင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား သွေးတိုး၊ ဆီးချို စသည့် ကျန်းမာရေးဆိုင်ရာရောဂါများကို စစ်ဆေးပေးခြင်း၊ ဆေးကုသပေးခြင်း၊ ဆေးဝါးများ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည်များကိုစစ်ဆေး၍ ကျန်းမာရေးအသိပညာပေးခြင်းကို ဆောင်ရွက်ခဲ့သည်။ အဆိုပါ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အာဟာရထောက်ပံ့ပေးခြင်းကို ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**



ပြည်ထောင်စုဖွား တိုင်းရင်းသားတို့ တွဲထားလက်များ ခိုင်မြဲစို့

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း မျက်စိရောဂါအထူးကုဆေးရုံကြီး(ရန်ကုန်)၊ ရန်ကုန်အမျိုးသားမျက်စိဘဏ်နှင့် သာကေတအထူးကုဆေးရုံ ကြည့်ရှု

နေပြည်တော် ဇန်နဝါရီ ၂၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးတို့နှင့်အတူ ယမန်နေ့က ရန်ကုန်မျက်စိရောဂါအထူးကုဆေးရုံကြီးသို့ သွားရောက်၍ ပြင်ပလူနာဌာန၊ အတွင်းလူနာဆောင်၊ Skill Lab၊ မျက်စိစမ်းသပ်ခန်းများ၊ စာသင်ခန်းများကို လှည့်လည်ကြည့်ရှုပြီး ပြင်ပလူနာများ နေရာကျယ်ဝန်းစွာနှင့် စိတ်ချမ်းသာစွာ ကုသမှုခံယူနိုင်စေရေးအတွက် ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံဆွေးနွေးကာ မျက်စိခွဲစိတ်ကုသမှုများ တိုးတက်ဆောင်ရွက်နိုင်ရန် လိုအပ်သည့် စက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးသည်။



ဆက်လက်၍ ရန်ကုန်အမျိုးသားမျက်စိဘဏ်၌ တာဝန်ခံဆရာဝန်ကြီး/ အထူးကုဆရာဝန်ကြီး (မျက်စိ) ဒေါက်တာအောင်မိုးထွန်းက အမျိုးသားမျက်စိဘဏ်၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က မျက်ကြည်လွှာ လှူဒါန်းမှုများ တိုးတက်ရရှိစေရေး၊ မျက်ကြည်လွှာ အစားထိုးကုသမှုကို တိုးတက်ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော အထူးကုဆရာဝန်၊ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ဝန်ထမ်းများနှင့် ပိုမိုကောင်းမွန်သည့် ခွဲစိတ်ကုသမှုပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေးတို့အတွက် လိုအပ်သည်များကို ဆွေးနွေးဖြည့်ဆည်းပေးသည်။

ရန်ကုန်အမျိုးသားမျက်စိဘဏ်ကို ၁၉၉၄ ခုနှစ်၌ စတင်တည်ထောင်ခဲ့ပြီး တာမွေမြို့နယ်ရှိ ရန်ကုန်မျက်စိရောဂါ အထူးကုဆေးရုံကြီး၏ အပေါ်ဆုံးထပ်တွင် တည်ရှိသည်။ မျက်ကြည်လွှာ အစားထိုးခွဲစိတ်ကုသရာတွင် မျက်ကြည်လွှာ တစ်ခုကို မျက်စိလူနာ နှစ်ဦးနှင့်အထက် အစားထိုးကုသမှုပေးနိုင်ပြီး ၂၀၂၃ ခုနှစ်တွင် လှူဒါန်းရရှိသော မျက်ကြည်လွှာအခု ၅၀ ကို အသုံးပြု၍ လူနာပေါင်း ၁၄၀ ကို မျက်ကြည်လွှာ အစားထိုးကုသမှုများ ဆောင်ရွက်နိုင်ခဲ့သည်။ အမျိုးသား မျက်စိဘဏ် (မန္တလေး)ကို ၁၉၉၉ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၃ ခုနှစ်တွင် မျက်ကြည်လွှာ လှူဒါန်းမှု ၃၁ ခုကို အသုံးပြုကာ လူနာပေါင်း ၃၆ ဦးကို အစားထိုးကုသမှုများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သာကေတအထူးကုဆေးရုံသို့ သွားရောက်ပြီး သွားနှင့်ခံတွင်းကုသဌာန၌ လူနာများ ကုသမှုပေးနေသည့်အခြေအနေကို ကြည့်ရှုကာ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများကို တွေ့ဆုံမှာကြား၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးသည်။

သာကေတအထူးကုဆေးရုံတွင် သွားနှင့် ခံတွင်းပြင်ပလူနာဌာနကို ၂၀၂၃ ခုနှစ် အောက်တိုဘာ ၉ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သွားနှင့် ခံတွင်းလူနာများကို ခေတ်မီစက်ကိရိယာများဖြင့် ပါမောက္ခ(သွား/ခံတွင်း) ဦးဆောင်သော အထူးကုဆရာဝန်ကြီးများက ကြည့်ရှုကုသမှုပေးလျက်ရှိသည်။ ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးဌာန၌ ပြင်ပလူနာများ၊ ဆေးဝါးများဖြန့်ဝေပေးနေမှုနှင့် ဆေးစတိုသို့ သွားရောက်၍ ဆေးဝါးသုံးစွဲမှု၊ သိမ်းဆည်းမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး လူနာများ ပိုမိုအဆင်ပြေစေရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ (ဒုတိယနေ့) ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၃

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ ဒုတိယနေ့ကို ယနေ့တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် အမှတ်-၅ ဗိုဝက လမ်းရှိဆေးသုတေသနဦးစီးဌာန(ရုံးချုပ်)၌ ကျင်းပရာ နံနက်ပိုင်းတွင်သုတေသနစာတမ်းရှင်များက အခြေခံသုတေသန စာတမ်း၊ အသုံးချသုတေသနစာတမ်း၊ ကျန်းမာရေးစနစ် သုတေသနစာတမ်း စုစုပေါင်းစာတမ်း ၁၀ စောင်ကို ဖတ်ကြားတင်ပြကြသည်။

တင်သွင်းခဲ့သောသုတေသနစာတမ်းများမှာ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၌ ပလပ်စ်မိုဒီယမ် ဗိုင်းဗက်စ် သာမန်ငှက်ဖျားရောဂါအပေါ် ကလိုရိုကွင်းဆေး၏အာနိသင်နှင့် လုံခြုံစိတ်ချမှုကို စမ်းသပ်ခြင်း သုတေသနစာတမ်းကို ဒေါက်တာမိုးကျော်မြင့်ကလည်းကောင်း၊ မြန်မာနိုင်ငံ ဝိုင်းမော်မြို့နယ်ရှိ ဗိုင်းဗက်ငှက်ဖျားပိုးများ၏ ဆေးယဉ်ပါးမှုကို မော်လီကျူးနည်းပညာဖြင့် လေ့လာခြင်း (၂၀၂၂) သုတေသနစာတမ်းကို ဒေါက်တာမြတ်ထွဋ်ညွန့်ကလည်းကောင်း၊ မြန်မာဆေးယဉ်ပါးတီဘီလူနာများတွင် လင်နီဇိုးလစ်ဆေးပမာဏနှစ်မျိုး၏ ထိရောက်မှု၊ ဘေးကင်းမှုတို့ကို ခန္ဓာကိုယ်တွင်းဆေးဝါးကြမ္မာ (Pharmacokinetics)နှင့် ဆေးဝါး၏ ခန္ဓာကိုယ်အပေါ် သက်ရောက်မှု (Pharmacodynamics) နည်းလမ်းဖြင့် လေ့လာခြင်း သုတေသနစာတမ်းကို ဒေါက်တာခင်နှင်းပွင့်က လည်းကောင်း၊ အသက် ၄၀ နှင့်အထက် သွေးတိုးဝေဒနာခံစားနေရသောလူနာများအကြား ကျန်းမာရေးဌာန၏ သွေးတိုးရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးဝန်ဆောင်မှုများ သုံးစွဲခြင်းနှင့်ပတ်သက်ပြီး လေ့လာသော သုတေသနစာတမ်းကို ဒေါက်တာမေစံပါယ်စိုးကလည်းကောင်း၊ ရန်ကုန်မြို့ရှိ ဆေးရုံကြီးများတွင် မြွေကိုက်ခံရသော ကလေးနှင့် ဆယ်ကျော်သက် လူငယ်များတွင် ဖြစ်ပွားလေ့ရှိသော ရောဂါလက္ခဏာများ၊ နောက်ဆက်တွဲပြဿနာများ၊ ရောဂါကုသမှုအခြေအနေများကို လေ့လာခြင်း သုတေသနစာတမ်းကို ဒေါက်တာခင်သန်းရီကလည်းကောင်း၊ အသည်းခြောက်ရောဂါဖြစ်ပွားသောကလေးများတွင် အသည်း၏ လုပ်ငန်းဆောင်တာများနှင့် အသည်းမကောင်းခြင်းကြောင့် နောက်ဆက်တွဲ ဦးနှောက်ထိခိုက်မှုအပေါ် ပရိုဘိုင်အောတစ်ဆေးဝါး၏ အကျိုးသက်ရောက်မှုကိုလေ့လာခြင်း သုတေသနစာတမ်းကို ဒေါက်တာသက်နိုင်ထွန်းကလည်းကောင်း၊ ဝေသာရဇ္ဇ ဆေးပုလဲကလာပ (တိုင်းရင်းဆေးအမှတ်-၂၃)၏ ရက်တိုအဆိပ်အာနိသင်နှင့် နာကျင်ကိုက်ခဲမှုသက်သာစေသောအာနိသင်အား ခတ်ခွဲခန်းတိရစ္ဆာန်များ အပေါ်တွင် စမ်းသပ်ခြင်းသုတေသနကို ဒေါ်မို့မို့အောင်ကလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရုံး ဝန်ထမ်းများတွင် သွေးတိုးရောဂါဖြစ်ပွားမှုနှင့် ဆိုင်သောအချက်များအား လေ့လာခြင်းသုတေသနစာတမ်းကို ဒေါ်ခင်ယမင်းဟန်ကလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါကာလအတွင်း သွေးလှူဒါန်းခြင်းနှင့်ပတ်သက်၍ သိမြင်နားလည်သဘောပေါက်မှုနှင့် အလေ့အကျင့်များအား လေ့လာဆန်းစစ်ခြင်းနှင့် သွေးဘဏ်လုပ်ငန်းများ ရင်ဆိုင်ကြုံတွေ့ရသော အခက်အခဲစိန်ခေါ်မှုများကို အရည်အသွေးစံထား လေ့လာဆန်းစစ်ခြင်းသုတေသန (အမျိုးသားသွေးဌာန၊ ရန်ကုန်)၌ လေ့လာတွေ့ရှိချက်သုတေသနကို ဒေါက်တာရန်လင်းမောင်ကလည်းကောင်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ အထူးကုဆေးရုံကြီး(ခုတင်-၅၀၀) (ရန်ကုန်)နှင့် အထွေထွေရောဂါကုဆေးရုံသစ်ကြီး (ရန်ကုန်)တို့ရှိ ခတ်ခွဲဌာနများ၏ ခတ်ခွဲစစ်ဆေးမှု လုပ်ငန်းများတွင် လူနာဘေးကင်းလုံခြုံမှုအစဉ်အလာအား ဆန်းစစ်ခြင်း (၂၀၂၀-၂၀၂၁) သုတေသနစာတမ်းကို ဒေါက်တာအောင်ဝေဖြိုးကလည်းကောင်း ဖတ်ကြားတင်သွင်းခဲ့ကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုခဲ့ကြသည်။




နံနက်ပိုင်းသဘာပတိများ အဖြစ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာဇော်သန်းထွန်း၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေး၊ ဆေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမို့မို့ထွန်းတို့က ဆောင်ရွက်ခဲ့ကြပြီး စာတမ်းဖတ်ပွဲသို့ ဘာသာရပ်ဆိုင်ရာပညာရှင်များ၊ သုတေသီများနှင့် စာတမ်းရှင်များ ၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် "မကူးစက်တတ်သောရောဂါများအား ကာကွယ်ခြင်း၊ ထိန်းချုပ်ခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများဆိုင်ရာ ဆွေးနွေးခြင်း- Non-Communicable Diseases: Prevention, Promoting Control and the Way Forward" ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲကို ကျင်းပရာ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်း၊ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာဇော်သန်းထွန်းတို့က သဘာပတိများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

ထို့ပြင် ရုရှားသိပ္ပံပညာဆိုင်ရာ အကယ်ဒမီအဖွဲ့ဝင် ကင်ဆာရောဂါပါရဂူ ပါမောက္ခ Vladimir Moiseenko က ကင်ဆာရောဂါများအတွက် နောက်ဆုံးပေါ်ကုထုံးအကြောင်းကို အွန်လိုင်းမှတစ်ဆင့် ပါဝင်ဆွေးနွေးသည်။ ပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲသို့ ပြည်တွင်း ပြည်ပမှ ပညာရှင်များ၊ သုတေသီများ ၁၅၀ ခန့် တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသူများက မေးမြန်းဆွေးနွေးအကြံပြုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရမည်းသင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အထူးကုဆရာဝန်ကြီးများက ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ လစဉ်ဆောင်ရွက်ပေးလျက်ရှိ



ရမည်းသင်း ဇန်နဝါရီ ၂၃

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကုသရေးဦးစီးဌာနတို့၏လမ်းညွှန်ပံ့ပိုးမှုဖြင့် မန္တလေးတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ ကြီးကြပ်ပံ့ပိုးမှုတို့ဖြင့် ရမည်းသင်းမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်မှစတင်၍ အထူးကုဆရာဝန်ကြီးများက လစဉ်အငြိမ်းစားဝန်ထမ်းများ ပင်စင်လစာထုတ်ရက်များတွင် ကွင်းဆင်းကာ ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိကြောင်း သိရသည်။

## ဆေးကုသရန်ဆောင်ရွက်ပေး

ရမည်းသင်းမြို့မြန်မာ့စီးပွားရေးဘဏ်၌ ခုတင်(၁၀၀)ဆံ့ ခရိုင်ပြည်သူ့ဆေးရုံကြီး အထူးကုဆရာဝန်ကြီးများက ကွင်းဆင်း၍ အငြိမ်းစားဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိရာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၂၅၅ ဦးကို ဆေးကုသမှုပေးခဲ့ပြီး ၇၂ ဦးကို ခရိုင်ပြည်သူ့ဆေးရုံကြီးသို့ လွှဲပြောင်းဆေးကုသရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အငြိမ်းစားဝန်ထမ်းများပင်စင်လာရောက်ထုတ်ယူခြင်းနှင့်ဆေးကုသခြင်းတို့ကို ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဦးနှောက်အာဟာရပြည့်ဝဖို့ စာပေကဏ္ဍမြှင့်တင်စို့

မွန်မွန်

**နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး ဖွံ့ဖြိုးတိုးတက်ရန်မှာ စာပေသည် အသည်းနှလုံးဖြစ်သည်။ စာပေသည် လူတို့အား အသိဉာဏ်ပွင့်လင်းစေသည့် ဦးနှောက်အာဟာရကို ဖြစ်စေသည်။ ကိုယ်လက်လှုပ်ရှားမှု လေ့ကျင့်ခန်းများလုပ်ဆောင်ခြင်းကြောင့် ခန္ဓာကိုယ်ကြွက်သားများ ဖွံ့ဖြိုးတိုးတက်လာသကဲ့သို့ စာအုပ်ဖတ်ခြင်းကြောင့် ဦးနှောက်စွမ်းဆောင်ရည်များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထို့အပြင် စာဖတ်သူတို့ကို ရသများပေးစွမ်းနိုင်သဖြင့် နှလုံးသားအာဟာရလည်း ဖြစ်စေသည်။**

> **“စာဖတ်ခြင်းမှ အကျိုးကျေးဇူး ပြည့်ပြည့်ဝဝရနိုင်ရန်မှာ စာဖတ်ရာတွင် မည်သည့်အမျိုးအစားအား ဖတ်ရမည်ကို ခွဲခြားသိမြင်ရန်လိုအပ်သည်။ ဖတ်ပြီးသောစာပေများကိုလည်း မေ့လျော့မသွားရအောင် နှစ်သက်ရာကို စုစည်းလျက် လေ့လာထုတ်နုတ်မှတ်စုရေးသားသင့်သည်။ အကျိုးရှိသောစာပေများ ဖတ်ရှုခြင်းဖြင့် အသိအမြင်များခြင်း၊ ဗဟုသုတကြွယ်ဝခြင်းကြောင့် သဘာဝတရားနှင့်တကွ လူသားတို့၏ စိတ်နေစိတ်ထားဖြစ်ပျက်ပုံတို့ကို အမှန်အတိုင်းထိုးထွင်းသိမြင်၍ နေရာတိုင်း၌ ဝင်ဆံ့ကာ ပညာရဲရင့်ပွဲလယ်တင့်လာသည်။ အမှားအမှန်ခွဲခြားတတ်လာသည်။ ထို့အပြင် ဦးနှောက်၏စွမ်းရည်များ မြင့်တက်လာပြီး ကောင်းမွန်သည့်အတွေးများဖြစ်လာ”**

စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှုမျက်နှာစာဖြစ်သကဲ့သို့ နိုင်ငံနှင့် လူမျိုးတိုးတက်ဖွံ့ဖြိုးရေးတွင် အရေးပါလှသည့် ယဉ်ကျေးမှုဆိုင်ရာနယ်ပယ်ကြီးတစ်ခုဖြစ်သည်ကို မြန်မာ့သမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုများတွင် အထင်အရှားတွေ့နိုင်ပါသည်။ မြန်မာလူမျိုးနှင့် မြန်မာစာပေသည် ခေတ်အဆက်ဆက်အမျိုးသားရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကိစ္စများတွင် စာပေနှင့် ပြည်သူတို့ အပြန်အလှန် အကျိုးပြုနိုင်ခဲ့သည့် သာဓကများစွာရှိသည်။

မြန်မာနိုင်ငံတွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတစ်ခုဖြစ်သော အမျိုးသားယဉ်ကျေးမှု မြန်မာစာပေကို ထိန်းသိမ်းမြှင့်တင်စောင့်ရှောက်ပေးလျက်ရှိသည့် စာဆိုတော်များကို နတ်တော်လဆန်း ၁ ရက် စာဆိုတော်နေ့တွင် ဂုဏ်ပြုပေးလျက်ရှိသည်။ မြန်မာစာပေ မတိမ်ကောမပပျောက်စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ကြသူများကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မြန်မာစာပေ တည်တံ့ခိုင်မြဲစေရန်နှင့် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြစ်သည်။

ထို့အပြင် စာပေ၏တန်ဖိုးကို မြှင့်တင်သောအားဖြင့် နှစ်စဉ် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားများကို ကျင်းပခြင်းအပြင် စာတတ်မြောက်ရေးလှုပ်ရှားမှုအခမ်းအနားများ၊ လူငယ်နှင့် စာပေ အနုပညာပွဲတော်များ၊ စာတမ်းဖတ်ပွဲများ၊ စာပေဟောပြောပွဲများ၊ စာပေစကားဝိုင်းဆွေးနွေးပွဲများ၊ လူငယ်ရေးရာဟောပြောပွဲများကို တာဝန်ရှိသူများက စီစဉ်ကျင်းပဆောင်ရွက်ပေးလျက်ရှိသည်။

“စာပေသည် လူမျိုး၏ယဉ်ကျေးမှုမဏ္ဍိုင်ဖြစ်ပါကြောင်း၊ စာအုပ်မျိုးစုံသည် လူသားများ၏ ခေတ်ကြေးမုံဖြစ်ပါကြောင်း၊ စာအုပ်စာပေသည် လူ့မိတ်ဆွေများဖြစ်ပြီး စာပေမြင့်မှ လူမျိုးတင့်မည်ပင်ဖြစ်ပါကြောင်း၊ စာပေသည် နိုင်ငံ၏ယဉ်ကျေးမှုအဆင့်အတန်းနှင့် အမျိုးသားရေးစိတ်ဓာတ်ကို မြှင့်တင်ပေးပါကြောင်း၊ ‘ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပျောက်မည်’ ဆိုသည့် သတိပေးဆိုရိုးစကားအတိုင်း လိုက်နာပြီး ဒီယဉ်ကျေးမှုမပျောက်အောင်၊ ခိုင်မြဲတည်တံ့အောင် ဆက်လက်တည်ဆောက်ရန်မှာ နိုင်ငံသားအားလုံး၏ တာဝန်ဖြစ်ပါကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ခဲ့သည့် ၂၀၂၂ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ဆုနှင်းသဘင်အခမ်းအနားတွင် အသိပေးပြောကြားထားသည်။

**လွန်ခဲ့သောနှစ်ပေါင်းတစ်ထောင်ခန့်မှစ၍ ရေးဖွဲ့မှုများ**

မြန်မာဘာသာစကားနှင့်စာပေသည်မြန်မာ့သမိုင်းရေစီးကြောင်းတွင် ခိုင်မာတည်တံ့စွာထင်ရှားခဲ့သည့် ယဉ်ကျေးမှုအမွေအနှစ်တစ်ခုဖြစ်သည်။ နိုင်ငံနှင့် လူမျိုးအတွက် အသိဉာဏ်အမြော်အမြင်နှင့် စိတ်ခွန်အားများ ဖွံ့ဖြိုးတိုးတက်လာစေရန် စေတနာဖြင့် သုတရသ စာပေအဖြာဖြာကို အားထုတ်ရေးဖွဲ့ခဲ့သည့် စာပေပညာရှင်များ၊ စာဆိုတော်များကျေးဇူးတရားကို အလေးအမြတ်ဂုဏ်ပြုရမည်ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ခန့်မှစ၍ ရဟန်းစာဆို၊ လူစာဆိုတို့၏ မှတ်သားလောက်သည့် ရေးဖွဲ့မှုများအား ယနေ့တိုင်အောင် ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခြင်းသည် ထူးကဲသောကံကောင်းခြင်းဖြစ်သည်။ အဆိုပါကံကောင်းမှုများကို မပျက်စီးမဆုံးရှုံးအောင် ထိန်းသိမ်းစောင့်ရှောက်ပေးသော ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များအား လေးစားဂုဏ်ယူရမည်ဖြစ်သည်။

မြန်မာစာပေကို မည်မျှထိန်းသိမ်းစောင့်ရှောက်ပါသော်လည်း စာပေအမွေဆက်ခံသူ၊ စာပေမြတ်နိုးသူတို့ နည်းပါးလာပါက မြန်မာ့ယဉ်ကျေးမှု စာပေအစဉ်အလာများ တိမ်ကောလာမည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့် ယနေ့ကာလတွင် မြန်မာစာပေဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် စာပေမြတ်နိုးသူများက ဆက်လက်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိနေကြသည်။ စာပေဆိုသည်မှာ စာကို သုခုမအရာရောက်အောင် သို့မဟုတ် အနုပညာသက်ဝင်အောင် ဖွဲ့စည်းစီရင်ထားခြင်းဟု ဆိုပါသည်။ အချို့ဘာသာစကားများသည် ရှေးအခါက စာဟူ၍ မပေါ်ပေါက်သေးမီကပင် သီချင်းများ၊ ကဗျာလင်္ကာများကို ဖွဲ့နွဲ့သီကုံးကာ စပ်ဆိုမှုပြုခဲ့ကြသည်။

**စာပေယဉ်ကျေးမှုတို့သည် ခေတ်၏သမိုင်းကို ဖော်ပြ**

စာပေသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ အသိဉာဏ်အရည်အသွေး၊ စဉ်းစားတွေးခေါ်မှု၊ ခံစားမှုဉာဏ်ရည်၊ စာရိတ္တ၊ ကျင့်ဝတ်လိုက်နာမှုကဲ့သို့သော အရည်အသွေးများမြှင့်တင်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ခေတ်အလိုက် ထွန်းကားခဲ့ကြသော စာပေယဉ်ကျေးမှုတို့သည် ယင်းခေတ်၏သမိုင်းတို့ကို ဖော်ပြနေပါသည်။ စာပေသည် လူသားများ၏ စိတ်ဝင်စားဖွယ်အကောင်းဆုံးနှင့် အထင်ရှားဆုံးဖော်ပြချက်များထဲမှ တစ်ခုဖြစ်သည်ဆိုသည့် စကားကဲ့သို့ပင် စာပေများသည် ခေတ်၏ကြေးမုံလည်း ဖြစ်သည်။ ထို့အပြင် နိုင်ငံသားတိုင်း အသိပညာ၊ အတတ်ပညာများအပြင် နှလုံးရည်ပြည့်ဝသူများဖြစ်ရန်အတွက် စာပေက အဓိကပံ့ပိုးပေးသည်။

လူတို့၏ အတွေးအခေါ်တို့သည် စာပေများတွင် အခြေပြုပေါက်ပွားကြသည်။ အတွေးအခေါ်တို့ သန္ဓေတည်ရာဟုလည်း ဆိုနိုင်သည်။ ထို့အတူ စာဖတ်သူများ၏ နယ်ပယ်ချဲ့ထွင်မှုကို စာပေက ကူညီပံ့ပိုးပေးနိုင်သည်။ စာပေမျိုးစုံကို ဖတ်ရှုလေ့လာခြင်းဖြင့် ကမ္ဘာအနှံ့ရှိဒေသများ၊ လူမျိုးများ၊ ယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်းများ၊ အယူအဆများနှင့် သမိုင်းကြောင်းများကို နှိုင်းယှဉ်သိရှိနိုင်သည်။ မတူကွဲပြားသော စာပေများသည် စာဖတ်သူများ၏ အတွေးအမြင်များကို ဖွင့်ပေးနိုင်သည်။

စာဖတ်ခြင်းမှ အကျိုးကျေးဇူး ပြည့်ပြည့်ဝဝရနိုင်ရန်မှာ စာဖတ်ရာတွင် မည်သည့်အမျိုးအစားအား ဖတ်ရမည်ကို ခွဲခြားသိမြင်ရန်လိုအပ်သည်။ ဖတ်ပြီးသော စာပေများကိုလည်း မေ့လျော့မသွားရအောင် နှစ်သက်ရာကို စုစည်းလျက် လေ့လာထုတ်နုတ်မှတ်စုရေးသားသင့်သည်။ အကျိုးရှိသောစာပေများ ဖတ်ရှုခြင်းဖြင့် အသိအမြင်များခြင်း၊ ဗဟုသုတကြွယ်ဝခြင်းကြောင့် သဘာဝတရားနှင့်တကွ လူသားတို့၏စိတ်နေစိတ်ထားဖြစ်ပျက်ပုံတို့ကို အမှန်အတိုင်း ထိုးထွင်းသိမြင်၍ နေရာတိုင်း၌ ဝင်ဆံ့ကာ ပညာရဲရင့်ပွဲလယ်တင့်လာသည်။ အမှားအမှန် ခွဲခြားတတ်လာသည်။ ထို့အပြင် ဦးနှောက်၏စွမ်းရည်များ မြင့်တက်လာပြီး ကောင်းမွန်သည့်အတွေးများ ဖြစ်လာစေသည်။

ယနေ့ကာလတွင် နယ်ပယ်ကဏ္ဍအသီးသီး၌ နည်းပညာများ ထိုးဖောက်ဝင်ရောက်နေပြီဖြစ်သည်။ ဒစ်ဂျစ်တယ်ခေတ်တွင် စာပေကဏ္ဍ၌လည်း စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ ဒွန်တွဲဖြစ်ပေါ်လျက်ရှိပါသည်။ စာပေများကို ဒစ်ဂျစ်တယ်ပလက်ဖောင်းများပေါ်တွင် လူတိုင်းလွယ်ကူစွာဖန်တီးနိုင်ကြသည်။ စာပေဖတ်ရှုသူများသည်လည်း စာပေများကို လူမှုမီဒီယာကဲ့သို့သော ဒစ်ဂျစ်တယ်ပလက်ဖောင်းပေါ်တွင် လွယ်လင့်တကူဖတ်ရှုလာနိုင်ကြသည်။ စာပေဖန်တီးမှု၊ စီးဆင်းမှု၊ တုံ့ပြန်မှုများ မြန်ဆန်လာကြသည်။ နည်းပညာတိုးတက်ပြောင်းလဲမှု၏ လွှမ်းမိုးမှုများသည် မြန်မာစာပေမှမဟုတ် အခြားသောစာပေများတွင်လည်း ကြုံတွေ့နေကြရသည်။

မည်သည့်စာပေကို ဖတ်ရှုသည်ဖြစ်စေ စာကောင်းပေမွန်ဟူသမျှတို့က စာရှုသူ၏ဦးနှောက်ကိုဖြစ်စေ၊ နှလုံးသားကိုဖြစ်စေ အကျိုးဖြစ်ထွန်းစေပြီး လူတစ်လုံးသူတစ်လုံးဖြစ်လာသည်အထိ မြှင့်တင်ပေးနိုင်သည်သာဖြစ်သည်။ အဆင့်အတန်းရှိသော၊ ကောင်းမွန်သောရသစာပေများက လူ့ပတ်ဝန်းကျင်၊ လူ့လောက၏သဘောသဘာဝအဖြစ်အပျက် အကောင်းအဆိုးတို့ကို ခံစားနားလည်လာနိုင်အောင် ရေးခြယ်ဖော်ပြနိုင်ကြပြီး ဒိဋ္ဌလောကတွင်ပါ သတိပြုလာနိုင်အောင်၊ သင်ခန်းစာယူလာနိုင်အောင်၊ ဆင်ခြင်လာနိုင်အောင် နှိုးဆော်နိုင်စွမ်းရှိသည်။ တစ်နည်းအားဖြင့် ရသစာပေများက စာရှုသူ၏နှလုံးသားခံစားမှုအပေါ် ဩဇာသက်ရောက်မှုဖြစ်ပေါ်စေကာ လောကကို အသင့်ရင်ဆိုင်နိုင်စွမ်းရှိသူများဖြစ်လာအောင် စွမ်းဆောင်နိုင်သည့်အပြင် စိတ်ဓာတ်ခွန်အားများကိုလည်း ဖြည့်တင်းပေးနိုင်သည်။ ထို့ပြင် ရသစာပေများကို ဖတ်ရှုခြင်းဖြင့် အနုပညာခံစားနိုင်မှုနှင့်အတူ နူးညံ့သိမ်မွေ့ယဉ်ကျေးလာမည်ဟု ယုံကြည်ပါသည်။

**ဒေသန္တရဗဟုသုတများကို လေ့လာဆည်းပူးခြင်း**

စာပေဖတ်ရှုရာတွင် မျက်စိဖြင့် စာဖတ်ခြင်း၊ နားဖြင့် စာဖတ်ခြင်း၊ ခြေထောက်ဖြင့် စာဖတ်ခြင်းဟူ၍ အမျိုးမျိုးရှိသည်။ မျက်စိဖြင့် စာဖတ်ခြင်းဆိုသည်မှာ မျက်စိဖြင့် မြင်နိုင်သမျှသော စာပေဗဟုသုတများကို ဖတ်မှတ်လေ့လာခြင်းဖြစ်သည်။ နားဖြင့် စာဖတ်ခြင်းဆိုသည်မှာ တရားပွဲများ၌ ဆရာတော်ဘုရားများ၏ ဆုံးမဩဝါဒများကို နာယူမှတ်သားခြင်း၊ စာပေဟောပြောပွဲများ၌ စာပေပညာရှင်ကြီးများက မျှဝေပေးသော ပညာဗဟုသုတများကို မှတ်သားဆည်းပူးခြင်းဖြစ်သည်။ ခြေထောက်ဖြင့် စာဖတ်ခြင်းဆိုသည်မှာ အနယ်နယ်အရပ်ရပ်သို့ ခရီးများသွားရောက်၍ ဒေသန္တရဗဟုသုတများကို လေ့လာဆည်းပူးခြင်း စသည်တို့ဖြစ်သည်။

“ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါ”ဟူသော စကားသုံးခွန်းသည် ပညာဗဟုသုတရှာဖွေလိုသူတိုင်းအတွက် တိုက်တွန်းထားသောစကားဖြစ်သည်။ တိုးတက်လိုသူတိုင်း စာဖတ်ကြသည်။ စာဖတ်သူတိုင်း တိုးတက်ကြသည်။ လူတစ်ဦး၏ တိုးတက်မှု၊ ဆုတ်ယုတ်မှုဟူသည် အသိဉာဏ်ရှိခြင်း၊ မရှိခြင်းအပေါ် လုံးဝတည်မှီနေသည်။ အသိဉာဏ်ကျယ်ပြန့်လေ တိုးတက်လေဖြစ်ပြီး အသိဉာဏ်နည်းလေ ဆုတ်ယုတ်လေဖြစ်သည်။ အသိဉာဏ်ကျယ်ပြန့်ရေးအတွက် စာဖတ်ရပေမည်။ လူကိုစိတ်က ဦးဆောင်သည်။ စိတ်ကို ဉာဏ်ပညာက ဦးဆောင်သည်။ ဉာဏ်ပညာကို ဗဟုသုတက ဦးဆောင်သည်။ ဗဟုသုတကို စာအုပ်စာပေက ဦးဆောင်သည်ဟု ဖတ်မှတ်လေ့လာဖူးသည်။

စာအုပ်ကောင်းသည် မိတ်ဆွေကောင်းသဖွယ် ကောင်းကျိုးများစွာကို မဖောက်မပြန်ပေးအပ်မြဲဖြစ်သည်။ မိတ်ဆွေကောင်းနှင့် ပတ်သက်၍ မြတ်စွာဘုရားက ဟောကြားတော်မူသည်မှာ မိတ်ဆွေကောင်းတစ်ဦးရှိလျှင်ပင် ဘဝပြီးပြည့်စုံသည်ဟူ၍ဖြစ်သည်။ စာအုပ်ကောင်းများစွာသည် မိတ်ဆွေကောင်းများစွာဖြစ်၍ စာဖတ်ဝါသနာကြောင့် မိတ်ဆွေကောင်း ရှာတွေ့ပေါင်းဖော်ရသည့်အတွက် ဘဝ၏ ပြီးပြည့်စုံခြင်းသို့ ရောက်ရသည်။

စာနှင့်ကင်း၍ကျော်ကြားသူ မရှိသလို၊ စာနှင့်ကင်း၍ တိုးတက်သော လူမျိုးဟူ၍မရှိနိုင်ပါ။ လူသားတို့၏ အတွေ့အကြုံများကို မှတ်တမ်းပြုထားသော စာအုပ်စာပေသည် အတိတ်သမိုင်းကို သိခွင့်ရသလို ပစ္စုပ္ပန်ကောင်းကျိုးကို ညွှန်ပြသည်။ စာပေသည် လူ့ဘောင်အဖွဲ့အစည်းတစ်ရပ် အဓွန့်ရှည်တည်တံ့ရေးအတွက် ရေသောက်မြစ်ပင်ဖြစ်သည်။

စွမ်းအားထက်မြက်သော စာပေတို့သည် စာဖတ်ဝါသနာရှင်များအား ကိုယ်ကျင့်တရားကောင်းပြီး လူအချင်းချင်း ရိုင်းပင်းကူညီလိုစိတ်၊ ယဉ်ကျေးမှုအစဉ်အလာဓလေ့ထုံးတမ်းများကို မြတ်နိုးထိန်းသိမ်းလိုစိတ်၊ သရုပ်ပျက်ယဉ်ကျေးမှုကို အားမပေးသောစိတ်၊ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားပြီး ဇာတိသွေး ဇာတိမာန် ထက်သန်လိုစိတ်၊ တိုင်းပြည်နှင့် လူမျိုးကို ချစ်မြတ်နိုးစိတ် အစရှိသည့် စိတ်ဓာတ်ကောင်းတို့ ပေါ်ထွန်းအောင် မျိုးစေ့ချပေးတတ်သည်။ စာဖတ်ဝါသနာကား လူသားကောင်းကျိုး နှိုးဆော်ပေးသည့် ကြီးစွာသောမှီခိုရာဖြစ်သည်နှင့်အညီ ငယ်စဉ်ကတည်းကပင် စာဖတ်ဝါသနာထုံမွမ်းတတ်အောင် တာဝန်ရှိသူ လူကြီးမိဘများက ပြုစုပျိုးထောင်အားပေးကြမည်ဆိုလျှင် ကျောက်ကောင်းများစွာပွင့်လာမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

သို့ဖြစ်ရာ မျိုးဆက်သစ်လူငယ်တို့ ကျောင်းနေစဉ်အရွယ်ကပင် စာပေမျိုးစေ့ချပေးကြရမည်ဖြစ်သည်။ မျိုးဆက်အဆင့်ဆင့်က စာပေများကို မြတ်နိုးခြင်း၊ လေ့လာလိုက်စားခြင်း၊ ထိန်းသိမ်းခြင်း၊ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် စာပေ၏ အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်ပါသည်။ စာပေ၏အရေးပါမှုကို လူငယ်များအကြား ပိုမိုသိရှိစေခြင်းဖြင့် မိမိတို့စာပေယဉ်ကျေးမှုကို ပိုမိုထိန်းသိမ်းစောင့်ရှောက်နိုင်မည်ဖြစ်ပါသည်။ စာပေမြင့်မှ လူမျိုးတင့်မည် ဆိုသကဲ့သို့ မြန်မာ့လူ့အဖွဲ့အစည်း၏အဆင့်အတန်း မြှင့်တင်နိုင်ရန်နှင့် မိမိတို့၏ စာပေယဉ်ကျေးမှုကို လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်နိုင်စေရန် အတွက် “ဦးနှောက်အာဟာရပြည့်ဝဖို့ စာပေကဏ္ဍမြှင့်တင်စို့”ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် ဇန်နဝါရီ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း ဆင်ဝိုင်းမှ ဆင်မဇာနန်းလှအသက် ၃၃ နှစ်က ဆင်ဖြူတော် (အထီး) ကလေး တစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက်မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် နှစ်ပေ ငါးလက်မ၊ ကိုယ်လုံးလုံးပတ် သုံးပေ တစ်လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက် အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် တစ်နှစ် ခြောက်လသားအရွယ်တွင် အရပ်အမြင့် လေးပေ၊ ကိုယ်လုံးလုံးပတ် ခြောက်ပေ ငါးလက်မ၊ ကိုယ်အလေးချိန် ၁၀၈၉ ပေါင် ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့် ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်

**ပြည် ဇန်နဝါရီ ၂၃**

ပြည်မြို့နယ်၌ ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းက ပြည်မြို့နယ်(အထက) ရွှေတံခါးကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်ခရိုင် ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးရဲနောင်က အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ၏ အသုံးဝင်ပုံကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲနောင်နှင့် မြို့နယ်ဦးစီးမှူး ဦးဇော်နိုင်သန်းတို့က (အထက) ရွှေတံခါးမှ ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၇၃ ကတ်ကို လက်ဝယ်အရောက် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုစိုး(ပြည်)**




# အင်းစိန်မြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုစာဖတ်ဝိုင်း ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်မြို့နယ်) မြို့နယ်စာပေဥယျာဉ်အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အကြိုစာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးသိမ့်၊ အသင်းနာယကကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)၊ စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့်(တော်မြင့်-ငှက်ဖျား)တို့က အဖွင့်အမှာစကားပြောကြားပြီး စာပေဥယျာဉ်အသင်းနှင့် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က ပြည်ထောင်စုနေ့အထိမ်းအမှတ်အကြို စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်ရခြင်းအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဝင်များဖြစ်ကြသည့် ရွှေဘုတ် (အင်းစိန်)က ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံအကြောင်း၊ ရွှေမော်သန်းထိုက်က ပြည်ထောင်စုစိတ်ဓာတ်နှင့် ဂီတရသအကြောင်း၊ ငြိမ်းဆုသွယ် (မြေလတ်သူ)က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအကြောင်းနှင့် ရန်မိုးအောင် (အင်းစိန်)က နာမည်ကျော်ဗိုလ်ချုပ်အောင်ဆန်းနှင့် ပင်လုံညီလာခံအကြောင်းတို့ကို စိတ်ဝင်စားဖွယ်ဆွေးနွေးဟောပြောကြပြီး သက်လှိုင်မျိုး (စက်မှုတက္ကသိုလ်)၊ အောင်ငယ်စစ် (အင်းစိန်)၊ ဇင်ယော် (ကဗျာ)၊ ခင်ခင်လှ(အင်းစိန်)နှင့် ဝင်းနွယ်(ပုသိမ်) တို့က ဆွေးနွေးချက်များအပေါ် သိလိုသည်များကို မေးမြန်းဆွေးနွေး အမြင်ခြင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂၃**

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# စဉ့်ကိုင်မြို့နယ် ပလိပ်အင်းနှင့် တံတားဦးမြို့နယ် ပြူကန်တို့အား အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းရှိ ငှက်ပျံသန်းကွန်ရက်နယ်မြေများအဖြစ် အတည်ပြုသတ်မှတ်



**နေပြည်တော် ဇန်နဝါရီ ၂၃**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အင်ချွန်းမြို့ ကိုရီးယားသမ္မတနိုင်ငံတွင် အခြေစိုက်သည့် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်း မိတ်ဖက်အဖွဲ့အစည်း (East Asian–Australian Flyway Partnership–EAAFP) တို့ ပူးပေါင်း၍ မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ ပလိပ်အင်း (၂၀၂၃ ခုနှစ်၊ EAAF 154)နှင့် တံတားဦးမြို့နယ်ရှိ ပြူကန် (၂၀၂၃ ခုနှစ်၊ EAAF 155) တို့ကို မြန်မာနိုင်ငံ၏ သတ္တမမြောက်နှင့် အဋ္ဌမမြောက် ငှက်ပျံသန်း ကွန်ရက်နယ်မြေများအဖြစ် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၆ ရက်တွင် သတ်မှတ်ကြောင်း ကြေညာခဲ့သည်။

ပလိပ်အင်းသည် ဧရိယာ ၁၁၈၆ ဧကရှိပြီး ပြူကန်သည် ဧရိယာ ၅၇၈ ဧက ကျယ်ဝန်းသည်။ ပလိပ်အင်းနှင့် ပြူကန်တို့သည် မျိုးသုဉ်းရန်အန္တရာယ်ရှိသော ငှက်မျိုးစိတ်တစ်ခုချင်းစီ၏ အကောင်ရေပေါင်း တစ်ရာခိုင်နှုန်းခန့် ပံ့မှန်ထောက်ပံ့ပေးနိုင်ခြင်း၊ မျိုးသုဉ်းရန်အန္တရာယ်ကျရောက်နိုင်သော ရေပျော်ငှက်မျိုးစိတ်များစွာကို ထောက်ပံ့ပေးနိုင်ခြင်း၊ ဒေသရွှေ့ပြောင်းငှက်များအတွက် ဆောင်းခိုရာဒေသတစ်ခုဖြစ်ခြင်း အစရှိသည့် စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိသည့်အတွက် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းရှိ ရွှေ့ပြောင်းရေပျော်ငှက်များ၊ ၎င်းတို့ကျက်စားရာဒေသများရှိ ဇီဝမျိုးစုံမျိုးကွဲများနှင့် လူသားတို့၏ အကျိုးကျေးဇူးအတွက် ထိန်းသိမ်းစောင့်ရှောက်ရန်ရည်ရွယ်၍ သစ်တောဦးစီးဌာန အနေဖြင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ EAAFP သည် ရမ်ဆာကွန်ဗင်းရှင်း (Ramsar Convention)ခေါ် ရေဝပ်ဒေသများ ကွန်ဗင်းရှင်း (Convention on Wetlands) အား အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ဖွဲ့စည်းထားသော Ramsar Regional Initiative (RRI) တစ်ခုလည်းဖြစ်သည်။

ရွှေ့ပြောင်း ရေပျော်ငှက်များနှင့် ၎င်းတို့ကျက်စားနေထိုင်ရာ ဒေသများအား ပိုမိုထိရောက်စွာ ထိန်းသိမ်းနိုင်စေခြင်း၊ နိုင်ငံတကာအဆင့် ပိုမိုကျယ်ပြန့်သော ထိန်းသိမ်းစောင့်ရှောက်ရေး အစီအစဉ်များတွင် ပါဝင်နိုင်မည်ဖြစ်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာပြီး ဂေဟစနစ်များ ရေရှည်တည်တံ့စေခြင်း၊ ဆောင်းခိုငှက်များနှင့် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးလုပ်ငန်းများကို အထောက်အကူပြုစေနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ယနေ့အထိ မုတ္တမပင်လယ်ကွေ့ မွန်ပြည်နယ် (၂၀၁၄ ခုနှစ်၊ EAAF 117)၊ အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ကချင်ပြည်နယ် (၂၀၁၄ ခုနှစ်၊ EAAF 118)၊ မိုးယွန်းကြီးအင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ပဲခူး တိုင်းဒေသကြီး (၂၀၁၄ ခုနှစ်၊ EAAF 119)၊ နံ့သာကျွန်းနှင့် မေယုမြစ်ဝ၊ ရခိုင်ပြည်နယ် (၂၀၁၈ ခုနှစ်၊ EAAF 139)၊ မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ဧရာဝတီတိုင်းဒေသကြီး (၂၀၁၈ ခုနှစ်၊ EAAF 140) အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ရှမ်းပြည်နယ် (၂၀၂၀ ပြည့်နှစ်၊ EAAF 147)၊ ပလိပ်အင်း၊ မန္တလေးတိုင်းဒေသကြီး(၂၀၂၃ ခုနှစ်၊ EAAF 154) နှင့် ပြူကန်၊ မန္တလေးတိုင်းဒေသကြီး (၂၀၂၃ ခုနှစ်၊ EAAF 155) စသည့် Flyway Sites Network ရှစ်ခုကို သတ်မှတ်ခြင်းခံထားရပြီး ဆောင်းခိုရေပျော်ငှက်များနှင့် ၎င်းတို့နေရင်းဒေသများကို ထိန်းသိမ်းလျက် ရှိကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း ဘွဲ့တံဆိပ်ရရှိသူတစ်ဦးအား ဘွဲ့ပေးအပ်ချီးမြှင့်စဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချီးမြှင့်သည့် ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်

**နေပြည်တော်　ဇန်နဝါရီ　၂၃**

(၇၆)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို ဇန်နဝါရီ ၄ ရက်တွင် ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘွဲ့ခံပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို တစ်ဦးချင်း ချီးမြှင့်အပ်နှင်းသည်။

**တက်ရောက်**

အဆိုပါဂုဏ်ထူးဆောင်ဘွဲ့များ အပ်နှင်းခြင်းအခမ်းအနားသို့ အကြောင်းအမျိုးမျိုးကြောင့် ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားသော်လည်းကောင်း တက်ရောက်ရယူနိုင်ခဲ့ခြင်းမရှိဘဲ အဝေးရောက်လက်ခံရယူမည့် ဘွဲ့ခံပုဂ္ဂိုလ်များအား ဘွဲ့များချီးမြှင့်အပ်နှင်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဘွဲ့တံဆိပ်ရလူပုဂ္ဂိုလ်နှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က သရေစည်သူဘွဲ့ရရှိသူ တစ်ဦး၊ သီရိပျံချီဘွဲ့ရရှိသူ လေးဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၁၀ ဦးတို့၏ ကာယကံရှင်များနှင့် မိသားစုဝင်များအား ဘွဲ့များ ပေးအပ်ချီးမြှင့်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာ ဟောပြောဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန်　ဇန်နဝါရီ　၂၃**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ သိကောင်းစရာ ဟောပြောဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ကုန်သည် စက်မှုအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ညီနောင်အသင်းများ၊ စက်မှုဇုန်များမှ ကိုယ်စားလှယ်များ၊ အသင်းသူ အသင်းသားများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်များ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌတို့က အမှာစကားများ ပြောကြားသည်။

**ဟောပြောဆွေးနွေး**

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက စီးပွားရေးနှင့် လူ့အခွင့်အရေးများဆိုင်ရာ လမ်းညွှန်အခြေခံမူများ၊ စီးပွားရေးနှင့် လူ့အခွင့်အရေးနှင့် ပတ်သက်သည့် အမှုများအပေါ် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် အရှေ့တောင်အာရှ လူ့အခွင့်အရေး အဖွဲ့အစည်းများတွင် စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ချက်များ စသည့် ဘာသာရပ်များကို ဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




# မြဝတီမြို့နယ်၌ ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ

**မြဝတီ　ဇန်နဝါရီ　၂၃**

မြဝတီမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက်က အထက(၂)ရွှေမြဝတီ ကျောင်းဝင်း၌ ကျင်းပသည်။

**ပြောကြား**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးအောင်ဝင်းစိုး၊ ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦး၊ ခရိုင်ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမင်းခင်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးအောင်ဝင်းစိုးက အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦးက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက ပညာရေးစုံညီပွဲတော်ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ကျောင်းအုပ်ဆရာကြီး ဦးစံဝင်းကြည်က ကျေးဇူးတင်စကားပြောကြားပြီး တက်ရောက်လာ



ကြသော ခရိုင်/မြို့နယ်တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များက (A)အဆင့်ရရှိသော ကျောင်းသား ကျောင်းသူများ၊ ကာယ ဉာဏ ဘက်စုံဖွံ့ဖြိုးဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ကြကြောင်း သိရသည်။

**ထွန်းထွန်းဦး(မြဝတီ)**

# ဇေယျာသီရိမြို့နယ် အထက(၂)၌ ပညာရေးစုံညီပွဲတော် ကျင်းပ




**နေပြည်တော်　ဇန်နဝါရီ　၂၃**

နေပြည်တော် ဇေယျာသီရိမြို့နယ် အထက(၂) အခြေခံပညာအထက်တန်းကျောင်း သီရိမင်္ဂလာခန်းမအတွင်း ယနေ့နံနက်ပိုင်းက ပညာရေးစုံညီပွဲတော် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဆရာကြီး ဦးခင်မောင်လွင်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ကိုယ်စား ဗိုလ်မှူးကြီးကျော်လှိုင်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းအဆင့်စာပေဆု၊ အားကစားဆုနှင့် မြို့နယ်အဆင့်စာပေဆုနှင့် ဘက်စုံပညာရည်ချွန်ဆု ရရှိသော ကျောင်းသား ကျောင်းသူများအား ကျောင်းအကျိုးတော်ဆောင်အဖွဲ့နှင့် ကျောင်းအုပ်ဆရာကြီး ဦးအောင်မိုးတို့က ဆုများ ချီးမြှင့်ကြသည်။

**ကြေးမုံ**

# ချောင်းဆုံမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော် အခမ်းအနား ကျင်းပ

**ချောင်းဆုံ　ဇန်နဝါရီ　၂၃**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းက ချောင်းဆုံ အထက သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးသိန်းဟန်က မြို့နယ်ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့် လူရည်ချွန်ဆုနှင့် National ICT Awards ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများ၊ စာစီစာကုံးနှင့် ပေးစာပြိုင်ပွဲတွင် ဆုရရှိသူများနှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာနှုန်းဆု၊ ပြပွဲပြိုင်ပွဲဆုနှင့် ကာယထူးချွန်ဆုများရရှိသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

# အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်အား အစ္စရေးဝန်ကြီးချုပ်ပယ်ချ၊ ဂါဇာဒေသ၌ တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိ



**ဂျေရုဆလင် ဇန်နဝါရီ ၂၃**

ကာတာ၊ အမေရိကန်နှင့် အီဂျစ်တို့က ကြားဝင်ညှိနှိုင်းနေသည့် အပစ်အခတ်ရပ်စဲရေးအဆိုပြုချက်ကို အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက ဇန်နဝါရီ ၂၁ ရက်တွင် ပယ်ချခဲ့ပြီးနောက် အစ္စရေးတပ်ဖွဲ့နှင့် ဟားမတ်စ်တို့အကြား ဂါဇာဒေသအတွင်း တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေကြောင်း သိရသည်။

**အဆိုပြုထား**

ဝေါစထရိဂျာနယ်၏ သတင်းဖော်ပြချက်အရ ၎င်းဖျန်ဖြေသည့် နိုင်ငံများသည် အပစ်အခတ်ရပ်စဲရေးအတွက် ရက်ပေါင်း ၉၀ အစီအစဉ်ကို အဆိုပြုထားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၎င်းအပစ်အခတ်ရပ်စဲရေး ပထမအဆင့်တွင် တိုက်ပွဲများ ရပ်တန့်သွားရမည်ဖြစ်ပြီး ဟားမတ်စ်က အစ္စရေးဓားစာခံအားလုံးကို လွှတ်ပေးရမည်ဖြစ်ကာ အစ္စရေးကလည်း ပါလက်စတိုင်း အကျဉ်းသားများကို အပြန်အလှန် လွှတ်ပေးရမည်ဖြစ်ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးအပ်ခြင်းကိုလည်း တိုးမြှင့်ပေးရမည်ဖြစ်သည်။

ထို့ပြင် ၎င်းအပစ်အခတ်ရပ်စဲရေး အစီအစဉ်တွင် ဂါဇာကမ်းမြောင်ဒေသ ပြန်လည်တည်ဆောက်ရေး၊ အမြဲတမ်းအပစ်အခတ်ရပ်စဲရေးနှင့် ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးလုပ်ငန်းစဉ်များ ပြန်လည်စတင်ရေး စသည့် လုပ်ငန်းများကိုလည်း ဆောင်ရွက်ရမည်ဖြစ်သည်။

သို့ရာတွင် ပါလက်စတိုင်းနိုင်ငံ ထူထောင်ရေးအပါအဝင် ၎င်းအစီအစဉ်၏ အဓိကအစိတ်အပိုင်းများကို နေတန်ယာဟုက ပယ်ချခဲ့သည်။ နေတန်ယာဟုသည် ယခုသီတင်းပတ်ကုန်က အမေရိကန်သမ္မတ ဘိုင်ဒင်နှင့် ဖုန်းဖြင့် ဆွေးနွေးခဲ့ရာတွင် ဟားမတ်စ်များကို ချေမှုန်းရေးအပါအဝင် စစ်ပွဲ၏ရည်မှန်းချက်များ အားလုံး အောင်မြင်ရန် အလေးပေး ပြောကြားခဲ့ကြောင်း သိရသည်။

ဂါဇာကမ်းမြောင်ဒေသတွင် ထိန်းသိမ်းထားသည့် ဓားစာခံ ၁၃၀ ခန့်ကို လွှတ်ပေးရေးအပါအဝင် ဂါဇာကမ်းမြောင်ဒေသမှ အစ္စရေးတပ်ဖွဲ့များ ဆုတ်ခွာရေးနှင့် စစ်ပွဲအဆုံးသတ်ရေး ဟားမတ်စ်၏ တောင်းဆိုမှုကို နေတန်ယာဟုက ပယ်ချခဲ့သည်။

ဂျော်ဒန်မြစ်အနောက်ဘက် နယ်မြေအားလုံးကို အစ္စရေးက အပြည့်အဝထိန်းချုပ်ထားမှုကို အလျှော့မပေးနိုင်ကြောင်း နေတန်ယာဟုက ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင် တောင်ပိုင်း ခန်ယူနစ်မြို့ရှိ ခိုလှုံရာစခန်းများကို အစ္စရေး၏ ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း အနည်းဆုံး ၅၀ ထက်မနည်း ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်း ဆေးဘက်ဆိုင်ရာ သတင်းအရင်းအမြစ်များက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# အစ္စရေး၏တိုက်ခိုက်မှုကြောင့် ဂါဇာဒေသတွင် ပါလက်စတိုင်းသေဆုံးသူ ၂၅၄၉၀ ရှိလာ

**ဂါဇာ ဇန်နဝါရီ ၂၃**

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်းသေဆုံးသူ ဦးရေ ၂၅၄၉၀ အထိရှိလာခဲ့ကြောင်း ဟားမတ်စ်အဖွဲ့၏ ကျန်းမာရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂၃ ရက်တွင် ပြောကြားသည်။

အစ္စရေးစစ်တပ်၏ တိုက်ခိုက်မှုကြောင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ပါလက်စတိုင်း ၁၉၅ ဦး သေဆုံးပြီး ၃၅၄ ဦး ဒဏ်ရာရခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

သေဆုံးသူအများအပြားသည် အပျက်အစီးများအောက်တွင်ရှိနေကြပြီး လူနာတင်ယာဉ်များနှင့် အရပ်ဘက်ကာကွယ်ရေး တပ်ဖွဲ့ဝင်များသည် ၎င်းတို့ထံ မရောက်ရှိနိုင်သေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဇန်နဝါရီ ၂၃ ရက်တွင် အစ္စရေးစစ်တပ်က ခန်ယူနစ်မြို့ကို ပြင်းထန်စွာ ထိုးစစ်ဆင်ခဲ့ပြီး ဆေးဘက်ဆိုင်ရာစင်တာများကို ဝင်ရောက်စီးနင်းခဲ့ခြင်းကြောင့် ပါလက်စတိုင်းများစွာ သေဆုံးခဲ့သည်။ ယင်းတိုက်ခိုက်မှုသည် အဆိုပါဒေသတွင် လက်ရှိအချိန်အထိ အပြင်းထန်ဆုံးတိုက်ပွဲ ဖြစ်လာခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံက ထုတ်ပြန်သည့် တရားဝင်ကိန်းဂဏန်းများအရ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က ဟားမတ်စ်ဦးဆောင်သော တိုက်ခိုက်မှုအပြီးတွင် အစ္စရေးစစ်သား ၁၂၀၀ ခန့် သေဆုံးခဲ့ရပြီး ဂါဇာသို့ ဓားစာခံအဖြစ် ၂၀၀ ကျော် ဖမ်းဆီးခံခဲ့ရကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အလင်းသစ်**

# ကင်မရွန်းနိုင်ငံ မြို့တော်ယောင်ဒီရှိ အလယ်တန်းကျောင်းတွင် လူအုပ်ပြိုမှုဖြစ်ပွား၊ ၁၀၆ ဦး ဒဏ်ရာရ

**ယောင်ဒီ ဇန်နဝါရီ ၂၃**

ကင်မရွန်းနိုင်ငံ မြို့တော်ယောင်ဒီရှိ အလယ်တန်းကျောင်းတွင် ဇန်နဝါရီ ၂၂ ရက်က လူအုပ်ပြိုမှုဖြစ်ပွားပြီးနောက် ၁၀၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ၎င်းဖြစ်ရပ်သည် Lycee Etoug-Ebe အလယ်တန်းကျောင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်တွင် ကျောင်းနောက်ကျသော ကျောင်းသားများသည် ပိတ်ထားသည့် ကျောင်းတံခါးကို အပြေးအလွှားဝင်ကြရာတွင် လူအုပ်ပြိုမှု ဖြစ်ပွားခဲ့ကြောင်းနှင့် အချို့ကျောင်းသားများအား အနီးနားရှိ ကျန်းမာရေးဌာနများသို့ အမြန်ပို့ဆောင်ခဲ့ရကြောင်း သိရသည်။

ဆေးပညာရှင်အဖွဲ့အား အခင်းဖြစ်ပွားရာနေရာသို့ စေလွှတ်ပြီး အကူအညီပေးခဲ့ကြောင်း တာဝန်ရှိသူများက ထပ်လောင်းပြောကြားသည်။

**ကိုးကား – ဆင်ဟွာ၊ အာဖရိကနယူးစ်**
**ဘာသာပြန် – စိုးသူရ**

# အိန္ဒိယနိုင်ငံတစ်ဝန်းရှိ အိမ်ထောင်စု ၁၀ သန်းကို ဆိုလာပြားများ တပ်ဆင်မည်

**နယူးဒေလီ ဇန်နဝါရီ ၂၃**

အိန္ဒိယနိုင်ငံ တစ်ဝန်းရှိ အိမ်ထောင်စု ၁၀ သန်းကို ဆိုလာပြားများ တပ်ဆင်မည့် အစီအစဉ်အား ဇန်နဝါရီ ၂၂ ရက်တွင် ဝန်ကြီးချုပ် မိုဒီက ကြေညာခဲ့သည်။


**သန္နိဋ္ဌာန် ပိုမိုခိုင်မာ**

အဆိုပါအစီအစဉ်အရ အိန္ဒိယပြည်သူများသည် ၎င်းတို့၏ အိမ်ခေါင်မိုးပေါ်တွင် ကိုယ်ပိုင်ဆိုလာစနစ်ရှိသင့်သည်ဟူသော မိမိ၏ သန္နိဋ္ဌာန်ကို ပိုမိုခိုင်မာစေခဲ့သည်ဟု Ayodhya Ram temple ဟုခေါ်တွင်သည့် ဟိန္ဒူဘုရားကျောင်း မြေသန့်မင်္ဂလာအခမ်းအနားတွင် မိုဒီက ပြောကြားသည်။

၎င်းအစီအစဉ်သည် ဆင်းရဲနွမ်းပါးသူများနှင့် လူလတ်တန်းစားများ၏ လျှပ်စစ်ဓာတ်အားခကို လျှော့ချပေးရုံသာမက အိန္ဒိယနိုင်ငံအား စွမ်းအင်ကဏ္ဍတွင် မိမိကိုယ်ကို မှီခိုအားထားနိုင်စေမည်ဟု မိုဒီက ထပ်လောင်းပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**





# သီရိလင်္ကာနိုင်ငံရှိ ကလေးများ၏ ၉၁ ရာခိုင်နှုန်း ဝက်သက်ရောဂါကာကွယ်ဆေး ထိုးနှံပြီး

**ကိုလံဘို ဇန်နဝါရီ ၂၃**

သီရိလင်္ကာနိုင်ငံရှိ ကလေးများ၏ ၉၁ ရာခိုင်နှုန်းသည် ဝက်သက်ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်းနှင့် မကြာသေးမီက ပြန်လည်ဖြစ်ပွားနေသည့် အဆိုပါရောဂါကို တိုက်ဖျက်ရာတွင် အမြစ်ပြတ်ချေမှုန်းရန်အရေးကြီးကြောင်း ကျန်းမာရေးဝန်ကြီး ပါသီရာနာက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ သမ္မတအိမ်တော်၏ မီဒီယာစင်တာ၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကျန်းမာရေးဝန်ကြီး ပါသီရာနာက ၂၀၂၄ ခုနှစ်အတွက် အဓိကကျသော ကျန်းမာရေးစောင့်ရှောက်မှု ဝန်ဆောင်မှုများကို ဆက်လက်လုပ်ဆောင်ရန်နှင့် ဝက်သက်ရောဂါဝေဒနာရှင်များအတွက် ထိရောက်သော အစီအစဉ်များဖြင့် ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ပြောကြားခဲ့သည်။

လက်ရှိတွင် သီရိလင်္ကာနိုင်ငံသား ၂၀ ရာခိုင်နှုန်းကျော်သည် ဆီးချိုရောဂါဖြစ်ပွားမှုကို တိုက်ဖျက်လျက်ရှိပြီး နိုင်ငံအတွင်း၌ သွေးတိုးရောဂါဖြစ်ပွားမှုမြင့်မားနေသောကြောင့် သွေးတိုးရောဂါဖြစ်ပွားမှု ကုသရေးမှာလည်း အဓိကစိန်ခေါ်မှုတစ်ခုတွင် ပါဝင်ကြောင်း ကျန်းမာရေးဝန်ကြီးက ပြောကြားသည်။

သီရိလင်္ကာနိုင်ငံ၌ သက်ကြီးရွယ်အိုများကြားတွင် မှတ်ဉာဏ်ချို့ယွင်းမှု၊ မျက်စိရောဂါနှင့် အရိုးရောဂါများကဲ့သို့သော မကူးစက်နိုင်သောရောဂါများ တိုးပွားလာမှုကို ကိုင်တွယ်ဖြေရှင်းနေရကြောင်း ပါသီရာနာက ပြောကြားသည်။ သီရိလင်္ကာနိုင်ငံ၌ သွေးလွန်တုပ်ကွေးရောဂါသည် နောက်ထပ်စိုးရိမ်စရာတစ်ခုဖြစ်ပြီး ကျန်းမာရေးနှင့် လုံခြုံရေးဌာနများ၏ ပံ့ပိုးကူညီမှုနှင့်အတူ ပြည်သူပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်လုပ်ဆောင်ရန် အထူးကြိုးပမ်းဆောင်ရွက်နေရကြောင်း ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# ညောင်လေးပင်ခရိုင်အတွင်း သီးနှံစိုက်စွမ်းအား ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် အသားစားသုံးမှု ဖူလုံပိုလျှံစေရေး ကွင်းဆင်းဆောင်ရွက်

ဒိုက်ဦး ဇန်နဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းက ညောင်လေးပင်ခရိုင်အတွင်း သီးနှံစိုက်စွမ်းအား ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**လမ်းညွှန်မှာကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် CPP Myat Min Agro Co., Ltd. ၏ အစေ့ထုတ်ပြောင်း ဧက ၆၀၀ စိုက်ပျိုးထားရှိမှုနှင့် အစေ့ထုတ်ပြောင်း မျိုးစေ့သန့်စင်စက် လည်ပတ်နေမှုတို့ကို ကွင်းဆင်းကြည့်ရှုပြီး ကျန်ရှိသည့် မြေများအား စိုက်ပျိုးမြေအဖြစ် အမြန်ဆုံး ဖော်ထုတ်စိုက်ပျိုးသွားရန်နှင့် ဒေသခံတောင်သူများ စီးပွားဖြစ် အစေ့ထုတ်ပြောင်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးသွားနိုင်ရေးဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာတွင် မြေဧရိယာ ၁၃၅ ဒသမ ၁၁ ဧကအား တိုင်းဒေသကြီးအစိုးအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၂၃၂ ဒသမ ၂၀ ဖြင့် စက်မှုလယ်ယာ စနစ်ကျလယ်ယာမြေ ဖော်ထုတ်နေမှုအား သွားရောက်ကြည့်ရှု စစ်ဆေးပြီး နွေစပါးစိုက်ပျိုးချိန်မီပြီးစီးနိုင်ရေး၊ ကုန်ထုတ်လမ်းနှင့် ရေသွင်းမြောင်းများ တစ်ပါတည်း ပြီးစီးအောင်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။



ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အိုးဖိုစုကျေးရွာ စားဖိုဆောင်သီးနှံစိုက်ခင်းနှင့် ရွှေအင်ဒုံကျေးရွာ ဟင်းသီးဟင်းရွက်(ပဲတိုင်ထောင် စိုက်ခင်း)တို့အား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စပါးစိုက်ပျိုးပြီး ပဲစိုက်ပျိုး၍မရသည့် နေရာများတွင် စားဖိုဆောင်သီးနှံများ တိုးချဲ့စိုက်ပျိုးသွားရန်နှင့် နိုင်ငံခြားဈေးကွက်ဝင်ပြီး ပြည်တွင်းစားသုံးမှုလည်းရှိသည့် ကြက်သွန်နီစိုက်ခင်းများ စမ်းသပ်စိုက်ပျိုးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်သူဦးအောင်မြင့်၏ ပျိုးထောင်စိုက်ပျိုးထားသည့် နွေစပါး ဆင်းသုခမျိုး မြေဧရိယာ ဧက ၄၀ နှင့် ပန္နတ်ကျေးရွာ ဦးသိန်းမြင့်၏ နွေစပါး ဆင်းသုခမျိုး မြေဧရိယာ ဧက ၁၀၀၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုတို့နှင့် မင်္ဂလွန်းကျေးရွာ၌ ဒေသနွား အကောင် ၈၀၊ ဒေသဆိတ် အကောင် ၃၀၀ နှင့် အသားစားဘဲကောင်ရေ ၃၀၀၀ မွေးမြူထားရှိမှုတို့ကို ကြည့်ရှုအားပေးပြီး ခြံလှောင်စနစ်များဖြင့် မွေးမြူသွားရန်၊ တိရစ္ဆာန်အစာ အစားထိုး နေပီယာမြက်စိုက်ပျိုးရန်နှင့် ဒေသတွင်း အသားစားသုံးမှု ဖူလုံပိုလျှံစေရေး မျိုးကောင်းမျိုးသန့်များ တိုးပွားလာစေရေး မျိုးချောင်းဖြင့် မျိုးဆက်ခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ရေတာရှည်မြို့နယ်၌ နွေစပါးပန်းတိုင် အထွက်နှုန်းတိုး ပညာပေးသင်တန်းနှင့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်သုံးစွဲနည်းပညာပေးသင်တန်း ဖွင့်လှစ်

ရေတာရှည် ဇန်နဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ နွေစပါး ပန်းတိုင်အထွက်နှုန်း တိုးတက်ပညာပေးသင်တန်းနှင့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်သုံးစွဲခြင်းနည်းပညာပေး (TOT)သင်တန်းဖွင့်လှစ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက စိုက်ပျိုးရေးဦးစီးဌာနသင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြတ်မင်းထွေးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးနေလင်းဇော်က Seederစနစ်ဖြင့်စိုက်ပျိုးခြင်းကြောင့်ရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်စိန်က လက်ဆွဲကောက်စိုက်စက် အသုံးပြုပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့ဝင်များ၊ မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များတက်ရောက်ကာ လက်ဆွဲကောက်စိုက်စက် အသိပညာပေးခြင်း၊ တိုက်ရိုက်အစေ့ချစနစ်ကောင်းကျိုးများ၊ မျိုးစပါး ဆားရေစိမ် အသိပညာပေးခြင်းများအား စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့သည်။ အဆိုပါသင်တန်းအား ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ တောင်သူများ စုစုပေါင်းအင်အား ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

## ရန်ကုန်မျက်မမြင်ကျောင်း (ခဝဲခြံ)မှ ကျောင်းသားများကိုယ်တိုင် ပေါင်မုန့်များ ထုတ်လုပ်နေပြီး အဝယ်လက်ခံရမှုများရှိ

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန် မျက်မမြင်ကျောင်း (ခဝဲခြံ)မှ ကျောင်းသားများ ကိုယ်တိုင် ပေါင်မုန့်များ ထုတ်လုပ်နေပြီး အဝယ်လက်ခံရမှုများ ရှိလာနေကြောင်း အဆိုပါ ကျောင်းမှ သိရသည်။

"ကျွန်မတို့က ခုမှစကြော်ငြာတာ။ လာတော့ အားပေးကြပါတယ်။ တချို့ကြတော့ သတင်းကြားပြီး လေးလပိုင်းမှာဆို ကျွန်မတို့ကို အော်ဒါမှာထားတာရှိတယ်။ များတော့မများသေးဘူး။ သူတို့က ခုမှသင်ရင်းနဲ့လုပ်နေတုန်းပါ။ ပေါင်မုန့်အမျိုးအစားကိုပဲ မျိုးစုံလုပ်တာ။ ကိတ်မုန့်လိုင်းကို တော့မသွားသေးဘူး။ ပေါင်မုန့်ထဲက ပဲနို့ပေါင်မုန့်၊ ပဲပေါင်မုန့်ပြီးရင် ဗနီကာတို့ဘာတို့ အဲဒီလို ပေါင်မုန့်မျိုးစုံ သူတို့လုပ်တယ်။ ဆရာကလည်း သင်ပေးတယ် "ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။



ရန်ကုန် မျက်မမြင်ကျောင်း (ခဝဲခြံ)မှ ထုတ်လုပ်သော ပေါင်မုန့်မျိုးစုံကို မုန့်ဖုတ်ဝါသနာပါသည့် အဆိုပါကျောင်းရှိ လေးတန်းမှ ကိုးတန်းကျောင်းသားများက ထုတ်လုပ် နေခြင်းဖြစ်ကာ အွန်လိုင်းမှ အားပေးမှုများလည်း ရှိသည်။

"မုန့်ဖုတ်တာ ဝါသနာပါတော့ မုန့်လုပ်တယ်။ ကျောင်းတက်ရင်း လုပ်ကြတာပါ။ ကျွန်မတို့ကို အွန်လိုင်းကနေ ပြီးတော့ ဆက်သွယ်ကြတယ်။ အွန်လိုင်းက မှာတာကို မပို့နိုင်သေးပါဘူး။ တချို့တွေကို ပြန်ပြီးငြင်းရတယ်" ဟု ၄င်းက ရှင်းပြသည်။

ရန်ကုန် မျက်မမြင်ကျောင်း (ခဝဲခြံ)တွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများအပါအဝင် စုစုပေါင်း လူဦးရေ ၁၂၁ ဦးရှိပြီး ၎င်းတို့ထဲတွင် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၅ ဦးရှိကြောင်း သိရသည်။

**သစ်တော်**

## ရမည်းသင်းခရိုင်အတွင်း ဆီထွက်သီးနှံနေကြာစိုက်ပျိုးလျက်ရှိ

ရမည်းသင်း ဇန်နဝါရီ ၂၃

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးကြို၊ မိုး၊ ဆောင်းသီးနှံစိုက်ပျိုးရာသီများ



တွင် ဆီထွက်သီးနှံနေကြာကို ၅၅၂၂၆ ဧကစိုက်ပျိုးရန်လျာထားပြီး ၅၅၃၂၉ ဧကထိ စိုက်ပျိုးနိုင်ခဲ့သဖြင့် ၁၀၀ ဒသမ ၁၉ ရာခိုင်နှုန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ရမည်းသင်းခရိုင်အတွင်း နေကြာစိုက်ပျိုးရန် မြေဧရိယာများကို လျာထားချက်ပြည့်မီရေးနှင့် အထွက်နှုန်း တိုးတက်စေရေးအတွက် ရေ၊ မြေ ဒေသရာသီဥတုနှင့် ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များကို စိုက်ပျိုးထုတ်လုပ်ပေးလျက်ရှိရာ ယခုနှစ်တွင် ရေဆင်း စပ်မျိုး နေကြာ(၁)မျိုးစေ့ထုတ် ၃၆၅ ဧကနှင့် ဆင်းရွှေကြာ(၂) မျိုးစေ့ထုတ် ၃၄၆ ဧကကို စိုက်ပျိုးထုတ်လုပ်နိုင်ကာ အဆိုပါမျိုးစေ့ထုတ်စိုက်ခင်းများမှ ထွက်ရှိလာသည့် မျိုးစေ့များအနက် စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးအစီအစဉ်ဖြင့် ၁၇၅၈ တင်း ပြန်လည်စုဆောင်း၍ လာမည့်စိုက်ပျိုးရာသီတွင် ၇၀၃၂ ဧကကို တောင်သူများစိုက်ပျိုးနိုင်ရန် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရမည်းသင်းခရိုင်အတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ကျေးရွာအုပ်စု ၁၄ အုပ်စုရှိ တောင်သူ ၁၁၄၅ ဦးက ဆီထွက်သီးနှံနေကြာ ဧက၂၄၀၀ စိုက်ပျိုးထားကြောင်း သိရသည်။

**ဇော်ဝင်းအောင် (ပြန်/ဆက်)**

## မော်လမြိုင်မြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထောက်ပံ့မှုပေးခြင်း အခမ်းအနား ကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၂၃

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထောက်ပံ့မှုပေးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ တက်ရောက်ကြသည်။

**ပြောကြား**

ဦးစွာအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများအား ငွေကြေးကုန်ကျစိုက်ထုတ်ရမှု လျှော့နည်းစေရေး၊ လက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည့်အပြင် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ပင်စင်ငွေထုတ်ယူနေမှု၊ ကျန်းမာရေးဝန်ထမ်းများ စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများက ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ်အတွင်း လက်ရှိအငြိမ်းစား နိုင်ငံ့ဝန်ထမ်း ၂၇၈၀၃ ဦးရှိပြီး အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် ထောက်ပံ့မှုပေးခြင်းများကို မြို့နယ်အသီးသီးတွင်လည်း ဇန်နဝါရီ ၂၂ ရက်မှ ၂၄ ရက်အထိ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




## မိတ္ထီလာမြို့၌ အဋ္ဌမအကြိမ် မြို့နယ်သံဃာ့ဝန်ဆောင်(ပဥ္စမ)နှစ်ပတ်လည်စည်းဝေး



မိတ္ထီလာ ဇန်နဝါရီ ၂၃

မန္တလေး တိုင်းဒေသကြီး မိတ္ထီလာမြို့၌ အဋ္ဌမအကြိမ် မြို့နယ်သံဃာ့ဝန်ဆောင်(ပဥ္စမ) နှစ်ပတ်လည် အစည်းအဝေး အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် သာသနာ့ဝေပုလ္လ ကျောင်းတိုက် မဟာဝိဇယဓမ္မ ဗိမာန်တော်၌ ကျင်းပသည်။

**သြဝါဒကထာ ချီးမြှင့်**

ဦးစွာ အခမ်းအနားတွင် အစည်းအဝေးနာယကဆရာတော် နိုင်ငံတော်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဘဒ္ဒန္တကောဝိဒမထေရ်မြတ်က သြဝါဒကထာ ချီးမြှင့်သည်။ ဆက်လက်၍ မြို့နယ် သြဝါဒါစရိယ ဆရာတော် ရတနာမဥ္ဇူကျောင်းတိုက်ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တဥတ္တရထံမှ သြဝါဒကထာကို နာယူကြည်ညိုကြပြီး အစည်းအဝေး သဘာပတိဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသရက အစည်းအဝေး အဖွင့်သြဝါဒကထာချီးမြှင့်သည်။

ထို့နောက်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးက သာသနာရေးရာ ကိစ္စများနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။ အစည်းအဝေးတွင် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်တော်မူခဲ့သော မြို့နယ်သံဃနာယကအဖွဲ့၏ အစီရင်ခံစာကို အကျိုးဆောင် ဆရာတော်က တင်သွင်း လျှောက်ထားခြင်း၊ မြို့နယ် သံဃနာယကအဖွဲ့၏ အစီရင်ခံစာကို နယ်မြေကိုယ်စားလှယ်ဆရာတော်များက အကြံပြုဝေဖန် ဆွေးနွေးတော်မူကြခြင်းနှင့် အကြံပြုဝေဖန်ဆွေးနွေးချက်များအပေါ် သက်ဆိုင်ရာမြို့နယ်သံဃနာယက ဆရာတော်များက ပြန်လည်လျှောက်ထားပြီး အစည်းအဝေး တက်ရောက်လာကြသော မြို့နယ်သံဃာ့ဝန်ဆောင်ဆရာတော်များက တညီတညွတ်တည်း သာဓုသုံးကြိမ်ခေါ်၍ အတည်ပြုတော်မူကြကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇန်နဝါရီ ၂၃

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ



## မြဝတီမြို့ ကြခတ္တော့ဗောဓိကျောင်းတိုက် မူလဦးစီးပဓာန နာယကဆရာတော်ကြီး၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇော်ပွဲနှင့် ရေစက်ချတရားတော်နာအခမ်းအနား ကျင်းပ

မြဝတီ ဇန်နဝါရီ ၂၃

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ကြခတ္တော့ဗောဓိကျောင်းတိုက် မူလဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကောသလ္လမဟာထေရ်မြတ် သက်တော်(၈၈)နှစ်၊ ဝါတော်(၆၈)ဝါ၏ အန္တိမအဂ္ဂိစျာပန သာဓုကီဠနပူဇော်ပွဲနှင့် ရေစက်ချတရားတော်နာ အခမ်းအနားကို ဇန်နဝါရီ ၂၂ ရက်က ကြခတ္တော့ဗောဓိကျောင်းတိုက်၌ ကျင်းပခဲ့သည်။

ဦးစွာ အခမ်းအနားကို ကြခတ္တော့ဗောဓိကျောင်းတိုက် တိုက်အုပ် ဥူးနိမလက သံဝေဂ သံယုတ္တဂါထာနှင့် အင်ကြင်းမြိုင်တောင်ပေါ်ကျောင်း ဆရာတော်က ဝမ်းနည်းကြောင်းသဝဏ်လွှာကို ဖတ်ကြားပေးသည်။ ထို့နောက် အမှတ် (၂၇၅) မြသုခတပ်ဦးကျောင်းတိုက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာအရှင်ပညာနန္ဒက သံဝေဂသြဝါဒကထာ မြွက်ကြားပေးခြင်းကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် ဧည့်ပရိသတ်အပေါင်းတို့က နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ဆက်လက်၍ ဆရာတော်ကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စံကျောင်းတော်မှ မဂ္ဂင်ဖောင်တော်ဖြင့် စျာပနကွင်းသို့ ပင့်ဆောင်ပူဇော်ခဲ့ရာ ဆရာတော်အရှင်သူမြတ်များ ဦးဆောင်၍ ဝတ်ရွတ်အသင်းများက ပင့်ဆောင်ရာလမ်းတစ်လျှောက် အနိစ္စာ ဝတာသင်္ခါရာ အစရှိသော သံဝေဂသုံးဂါထာရွတ်ဖတ်ပေးပြီး ရုပ်ကလာပ်တော်အား အဂ္ဂိစျာပန တေဇောဓာတ်ဖြင့် မီးပူဇော်သည်။ ထို့နောက် ကြခတ္တော့ဗောဓိကျောင်းတိုက် မူလဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တကောသလ္လမဟာထေရ်မြတ်၏ အရိုးပြာအိုးအား အမှတ်(၄)ရပ်ကွက် ပြည်ခိုင်ဖြိုးလမ်း ကျောက်ဖျာဂိတ်တွင် ဇန်နဝါရီ ၂၃ ရက် နံနက် ၈ နာရီခန့်တွင် ရေမျှောပူဇော်ခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(ပြန်/ဆက်)

## သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၄-၁-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၈၅ | ၂၆၃၅ | ၂၆၃၀ | ၂၅၉၅ | ၂၆၃၅ | ၂၆၅၅ | ၂၆၄၀ | ၂၆၂၀ | ၂၇၂၀ | ၂၇၃၅ | ၂၆၂၅ | ၂၆၃၅ | ၂၆၇၀ | ၂၆၇၀ | ၂၆၇၅ | ၂၉၀၅ | ၂၉၀၀ |
| 95 Ron | ၂၇၂၀ | ၂၇၇၀ | ၂၇၆၅ | ၂၇၂၅ | ၂၇၆၅ | ၂၇၉၀ | ၂၇၇၅ | ၂၇၅၀ | ၂၈၅၀ | ၂၈၆၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၈၀၅ | ၂၈၀၅ | ၃၀၃၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၅၁၅ | ၂၅၂၀ | ၂၅၂၀ | ၂၇၅၀ | ၃၁၉၀ |
| HSD (50 ppm) | ၂၄၉၅ | ၂၅၄၅ | ၂၅၄၀ | ၂၅၀၀ | ၂၅၄၀ | ၂၅၆၅ | ၂၅၆၀ | ၂၅၂၅ | ၂၆၄၅ | ၂၆၄၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၈၀ | ၂၅၈၀ | ၂၅၈၀ | ၂၈၁၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၅ | ၂၅၁၅ | ၂၅၅၅ | ၂၅၇၅ | ၂၅၇၅ | ၂၅၄၀ | ၂၆၆၀ | ၂၆၅၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၉၀ | ၂၅၉၅ | ၂၅၉၅ | ၂၈၂၅ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၆၆ | ၂၅၄၈ |
| 95 Ron | ၂၅၉၄ | ၂၆၇၉ |
| HSD (500 ppm) | ၂၃၁၆ | ၂၃၉၂ |
| HSD (50 ppm) | ၂၃၇၆ | ၂၄၅၃ |
| HSD (10 ppm) | ၂၃၈၈ | ၂၄၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနားများ ကျင်းပ

**တနင်္သာရီ**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် မြို့နယ်အဆင့်စုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီက မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမအတွင်း စည်ကားစွာကျင်းပသည်။

ဦးစွာ မြို့နယ်အဆင့်စုံညီပွဲတော်ကို အထက-တနင်္သာရီမှ ကျောင်းသား ကျောင်းသူများက အနာဂတ်လူရည်ချွန် တေးသီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး တနင်္သာရီမြို့နယ် အမှတ်(၂) စစ်နယ်မြေမှူး ဗိုလ်မှူးကြီးအောင်ကိုလတ်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း မြို့နယ်အဆင့် ကာယ၊ ဉာဏထူးချွန်ဆု ရရှိကြသည့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား အမှတ် (၂)စစ်နယ်မြေမှူး ဗိုလ်မှူးကြီးအောင်ကိုလတ်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သက်ထူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများက ဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ကြပြီး အထက -တနင်္သာရီ၊ အထက မော်တုန်း၊ အမက - ချောင်းငယ်နှင့် အမက-တပ်ဦးကျောင်းတို့မှ ကျောင်းသား ကျောင်းသူများက အကပဒေသာများ၊ တေးသရုပ်ဖော်အကများဖြင့် ကပြဖျော်ဖြေကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း**



**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက်က အထက(နတ်တလင်း)ကျောင်း မနောဟဒယခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ စုံညီပွဲတော်အား နတ်တလင်းခရိုင် ပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မိုး၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဝေစိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးသောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ အထက (နတ်တလင်း) ကျောင်းမှ Grade-6၊ Grade-7 ကျောင်းသားကျောင်းသူများက "သွေးကစကားပြောသည်" သီချင်းဖြင့် ပန်းဖွားအကများ ကပြဖျော်ဖြေခဲ့ကြသည်။

ထို့နောက် ထူးချွန်ဆရာ ဆရာမများနှင့် ပညာရည်ချွန်ဆု၊ လူရည်ချွန်ဆု၊ ဝန်ထမ်းအကောင်းဆုံးဆု၊ စာစီစာကုံး၊ ပုံပြော၊ ကျပန်းစကားပြော၊ ပန်းချီ၊ ကဗျာ၊ ဆောင်းပါး၊ ဆို၊ က၊ ရေး၊ တီး၊ အားကစား၊ ကျောင်းနှင့်ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးဆု စုစုပေါင်း ၇၁ ဆုအား ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ပြီး ကျောင်းသား ကျောင်းသူများက အကအလှများဖြင့် ကပြသီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**



**ဗိုလ်တထောင်**

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၂၃ ရက် နံနက် ၈ နာရီက အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်တထောင်ခရိုင်ပညာရေးမှူး ဒေါက်တာခင်သူဇာစိန်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်မေအေးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပရာ ဗိုလ်တထောင်ခရိုင်ပညာရေးမှူး ဒေါက်တာခင်သူဇာစိန်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်တို့က အဖွင့်အမှာစကားပြောကြားကြပြီး မြို့နယ်ပညာရေးမှူး ဒေါ်မေအေးမြင့်က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ပြိုင်ပွဲများတွင် ဆုရရှိသူများ၊ လူရည်ချွန်ရရှိသူများ၊ ဘာသာရပ်အလိုက် ထူးချွန်ဆု ရရှိသူများ၊ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွင် ဆုရရှိသူများ၊ စာစီစာကုံးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများ၊ ကာယ၊ ဉာဏ ဘက်စုံထူးချွန်ဆု ရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့သည်။ **ခင်ဝင်း**





**တံတားဦး**

တံတားဦးမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီက တံတားဦးမြို့ မြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးမြို့ မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ကြိုဆိုပါသည်စုံညီပွဲတော်" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းက အမှာစကားပြောကြားကာ တံတားဦးခရိုင် ပညာရေးမှူး ဒေါ်သန်းသန်းမြင့်က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်အဆင့် တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တစ်နှစ်တာ စွမ်းဆောင်ရည်ဆုနှင့် ခရိုင်အဆင့် ကာယ၊ ဉာဏဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက် တံတားဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် တာဝန်ရှိသူများက မြို့နယ်အဆင့်တွင် ကာယ၊ ဉာဏနှင့် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။ **ရဲတင့်( ပြန်/ဆက်)**

## ဗဟန်းမြို့နယ်၌ လူငယ်ရေးရာဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ကျင်းပသည်။

ဦးစွာ ဗဟန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရန် လူငယ်ရေးရာဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားပြီး ရန်ကုန်အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စိမ်းလဲ့လဲ့က လူငယ်ရေးရာ ဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**ယှဉ်ပြိုင်**

ဆက်လက်၍ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ဝင်းက ကျေးဇူးတင်စကားပြောကြားသည်။



ယင်းနောက် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူခုနစ်ဦးတို့က စာပေမြင့်မှ လူမျိုးတင့်မည်၊ ကျန်းမာခြင်းသည် လာဘ်တစ်ပါး၊ အစဉ်ရှေးရှု မြန်မာ့ယဉ်ကျေးမှု၊ ပညာရဲရင့် ပွဲလယ်တင့် စသည့် ခေါင်းစဉ်ပါ အကြောင်းအရာများဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများကို ဗဟန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုလတ်နှင့် အဖွဲ့ဝင်များ၊ အနောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## မော်လမြိုင်မြို့ သမာဓိကိုယ်ပိုင် အထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၂၃**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မော်လမြိုင်မြို့ သမာဓိ ကိုယ်ပိုင်အထက်တန်းကျောင်းတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဇန်နဝါရီ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မော်လမြိုင်မြို့ သမာဓိကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြတ်သီတာက လူငယ်စကားဝိုင်း ကျင်းပရခြင်းနှင့် ပတ်သက်၍ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။




ထို့နောက် လူငယ်စကားဝိုင်းကို ကျင်းပရာ ဦးဆောင်ဆွေးနွေးသူအဖြစ် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြတ်သီတာက ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့် နည်းပညာ ခေါင်းစဉ်နှင့် လူငယ်နှင့် ရသစာပေခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြကာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသပေးထားသည့် အသိပညာပေး နံရံကပ်စာစောင်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

ပညာလို အိုသည်မရှိ ပညာရဲရင့် ပွဲလယ်တင့်

# မန္တလေးတိုင်းဒေသကြီးနယ်မြေ ပြင်ဦးလွင်နှင့် အမရပူရမြို့နယ်များတွင် မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း ဆက်လက်ဆောင်ရွက်



**မန္တလေး ဇန်နဝါရီ ၂၃**

မန္တလေးတိုင်း ဒေသကြီးနယ်မြေ မဲဆန္ဒရှင်ပြည်သူများ မြန်မာ အီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာသည့် အသိပညာပေးအစီအစဉ်ကို ဇန်နဝါရီ ၁၅ ရက်မှစ၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၃၈ ခုမှ ပြည်သူ ၅၀၂ ဦး၊ အမရပူရမြို့နယ် ရပ်ကွက်/ကျေးရွာအုပ်စု ၂၄ ခုမှ ပြည်သူ ၄၂၀ စုစုပေါင်း ၉၂၂ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ်မဲပေးလေ့လာခဲ့ကြသည်။

တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှု အဆင့်ဆင့်ကို ရှင်းလင်းပြသခဲ့ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် လက်တွေ့စမ်းသပ် မဲပေးခဲ့ကြသည်။ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်း အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးနယ်မြေရှိ မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း ပညာရေးစုံညီပွဲတော် ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်း ဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာမူလတန်းကျောင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၃ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက ကြိုဆိုပါသည်စုံညီပွဲတော်သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး လမ်းမတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးလှသိန်းက အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် ကျောင်းအုပ်ဆရာမကြီးတို့က ပညာရည်ချွန်ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ပေးအပ်ကြသည်။

ဆက်လက်ပြီး ကျောင်းအုပ်ဆရာမကြီးက ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးကြသော ဆရာမများအား ဂုဏ်ပြုဆုတံဆိပ်နှင့် အလှူရှင်များအား ဂုဏ်ပြုလွှာများပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ကျောင်းသားကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ပွဲကို အောင်မြင်စွာကျင်းပခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်**

**❖ ကိတ်ဗာဒီမှ**

၄၅ မိနစ်မှာ တာဗာရက်စ်ကတစ်ဂိုး၊ သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို ကိုးမိနစ်မှာ တက်ဇီရာကတစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ကာ အီဂျစ်အသင်းအတွက် သွင်းဂိုးတွေကိုတော့ ပွဲကစားချိန် မိနစ် ၅၀ မှာ ထရီဇီဂက်ကတစ်ဂိုး၊ သာမန်ပွဲကစားချိန် မိနစ် ၉၀ ပြည့်ပြီး နာကျင်အချိန်ပို သုံးမိနစ်မှာ အက်ဒယ်လာကတစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

အီဂျစ်အသင်းဟာ အသင်းအတွက်အားထားရတဲ့ တိုက်စစ်မှူး မိုဟာမက်ဆာလာ ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ခဲ့ပေမယ့် ကိတ်ဗာဒီအသင်းနဲ့ ပွဲစဉ်မှာ သရေတစ်မှတ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့လို့ အုပ်စုအဆင့်ပွဲစဉ်တွေအပြီးမှာ ရမှတ်သုံးမှတ်နဲ့ ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ကိတ်ဗာဒီအသင်း၊ ဆီနီဂေါအသင်း၊ အီကွေတိုရီယယ်ဂီနီယာအသင်း၊ နိုင်ဂျီးရီးယားအသင်းနဲ့ အီဂျစ်အသင်းတို့ဟာ အာဖရိကနိုင်ငံများ ဖလားပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိထားပြီလည်းဖြစ်ပါတယ်။ **ငွေကြယ်**

# ကုလားပဲဈေးကွက်ကောင်းနေပြီး ဝယ်လိုအားလည်း ရှိနေ

**ရန်ကုန် ဇန်နဝါရီ ၂၃**

ကုလားပဲဈေးကွက် ကောင်းနေပြီး ဝယ်လိုအားလည်းရှိနေကြောင်း ပဲအမျိုးမျိုးရောင်းဝယ်ရေးအသိုင်းအဝိုင်းမှ သိရသည်။ လက်ရှိတွင် ကုလားပဲ တစ်အိတ်ဈေးနှုန်းမှာ ကျပ် သုံးသိန်းခန့်ဈေးပေါက်လျက်ရှိပြီး ပဲကြိတ်သူများက ဝယ်ယူသည့်အတွက် ကုလားပဲအဝယ်လိုက်ကြောင်း သိရသည်။

“ကုလားပဲက ခုဆိုတစ်အိတ်ကို ကျပ် သုံးသိန်း ပတ်ချာလည်လောက်ရှိတယ်။ ပဲကြိတ်တဲ့သူတွေ ဝယ်ကြတယ်။ ပြည်ပဈေးကွက် အဲဒီလောက်မရှိပေမယ့် ပြည်တွင်းဈေးကွက်ရှိတယ်။ ပုံမှန်ရှိတယ်။ ပုံမှန်လေးပဲသွားတယ်။ အရင်ကထက်စာရင်တော့ ဈေးနည်းနည်းတက်သွားတယ်။ တစ်အိတ်ကို ကျပ်တစ်သောင်း နှစ်သောင်းပတ်ချာလည်လောက် တက်တယ်။ ဝယ်လိုအားလည်းရှိတယ်” ဟု ပဲအမျိုးမျိုးရောင်းဝယ်ရေး အသိုင်းအဝိုင်းမှ ကုန်သည်တစ်ဦးက ပြောသည်။ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ကုလားပဲစိုက်တောင်သူများအနေဖြင့် ကုလားပဲစိုက်ပျိုးရာတွင် အမြစ်ပိုးစွဲမှုနည်းပါးခြင်း၊ မှိုကပ်ရောဂါနည်းပါးခြင်းတို့ကြောင့် အပင်အသေအပျောက်နည်းပါးကာ အထွက်နှုန်းကောင်းမွန်၍ အကျိုးအမြတ်ရရှိကြောင်း သိရသည်။



ယခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်း၌ မတ်ပဲနှင့် ပဲစင်းငုံနီဈေးများ မြင့်တက်လာသော်လည်း ပြောင်းဆန်နှင့် ကုလားပဲဈေးများ ငြိမ်နေခဲ့ကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်၏ မှတ်တမ်းများအရ သိရသည်။ လက်ရှိတွင် ကုလားပဲခြမ်း တစ်ပိဿာကို ငွေကျပ် ၆၁၅၀ မှ ၆၄၅၀၊ ကုလားပဲဖြူလုံးအသေး တစ်ပိဿာကို ငွေကျပ် ၄၈၃၀ မှ ၄၉၂၀၊ ကုလားပဲဖြူလုံးအကြီး တစ်ပိဿာကို ငွေကျပ် ၄၉၆၅ မှ ၅၀၅၀ ဝန်းကျင် ဈေးပေါက်နေကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်၏ မှတ်တမ်းများအရ သိရသည်။ **သစ်တော်**

# One pay Application ဖြင့် အွန်လိုင်းမှ ရွှေဝယ်ယူနိုင်ပြီ

**ရန်ကုန် ဇန်နဝါရီ ၂၃**

One pay Application ဖြင့်လည်း အွန်လိုင်းမှ ရွှေဝယ်ယူနိုင်ပြီဖြစ်ကာ ရွှေဝယ်ယူ စုဆောင်းလိုသူများအနေဖြင့် ၎င်းတို့အသင်းရုံးသို့ ဆက်သွယ်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း(YGEA)မှ သိရသည်။

One pay Applicationဖြင့် ရွှေအရောင်းအဝယ် ပြုလုပ်နိုင်ရေးအတွက် AGD ဘဏ်၊ အကယ်ဒမီရွှေဆိုင်မှ တာဝန်ရှိသူများနှင့် YGEA က ဇန်နဝါရီ ၂၂ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

UAB Pay ဖြင့် ရွှေဘုံသာ အခေါက်ရွှေဆိုင်မှ မီးလင်းရွှေများဝယ်ယူစုဆောင်းနိုင်ပြီး ယခုအခါ One pay Application ဖြင့် အကယ်ဒမီမီးလင်းရွှေများအား စုဆောင်း၍ အရောင်းအဝယ် ပြုလုပ်နိုင်ခြင်းဖြစ်ကြောင်း သိရသည်။ လက်ရှိတွင် Application ဖြင့် အွန်လိုင်းမှရွှေဝယ်ယူစုဆောင်းလိုသူများအနေဖြင့် အသင်းရုံးသို့ လာရောက်ဆက်သွယ်နိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း (YGEA) က အသိပေးထားသည်။ ရွှေရွှေးစစုဆောင်းလိုသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်းချုပ်တွင် တရားဝင်ရွှေဝယ်ယူနိုင်မည့်စနစ်များနှင့် ဝယ်ယူနိုင်မည့်ဆိုင်များကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

YGEA ၏ ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၂ နာရီခွဲအချိန် ထုတ်ပြန်ချက်အရ အကယ်ဒမီမီးလင်းရွှေဈေးကွက် အပိတ်ဈေးမှာ တစ်ကျပ်သားကို ငွေကျပ် ၃၆၅၄၇၀၀၊ ဇန်နဝါရီ ၂၂ ရက် အကယ်ဒမီမီးလင်းရွှေဈေးကွက် အပိတ်ဈေးနှုန်း တစ်ကျပ်သားကို ငွေကျပ် ၃၆၃၈၅၀၀ နှင့် ဇန်နဝါရီ ၂၀ ရက်တွင် အကယ်ဒမီမီးလင်းရွှေဈေးကွက် အပိတ်ဈေးနှုန်း တစ်ကျပ်သားကို ငွေကျပ် ၃၆၅၂၉၀၀ ရှိကြောင်း သိရသည်။ **MT**




# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးမှ လုပ်ငန်းခွင်ပြင်ပထိခိုက်သေဆုံးမှုနှင့် အမြဲတမ်းမသန်စွမ်း အကျိုးခံစားခွင့်များ ထုတ်ပေး

**ရန်ကုန် ဇန်နဝါရီ ၂၃**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမား ဦးအောင်ပြည့်ထွန်းနှင့် ဦးအေးချမ်းအောင်တို့သည် အလုပ်ခွင်ပြင်ပတွင် ထိခိုက်ဒဏ်ရာဖြင့် သေဆုံးသွားမှုနှင့် အမြဲတမ်းမသန်စွမ်းမှုတို့အတွက် ကျန်ရစ်သူမိသားစုဝင်များအား ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး၌ ယနေ့ နံနက် ၁၀ နာရီက အကျိုးခံစားခွင့်များ ထုတ်ပေးခဲ့သည်။

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော စက်မှုဇုန် (၆)ရှိ Eden Group Co.,Ltd. မှ အာမခံအလုပ်သမား ဦးအောင်ပြည့်ထွန်းသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ဝါယာရှော့ဖြစ်ပြီး မီးလောင်သေဆုံးခဲ့သည့်အတွက် ကျန်ရစ်သူအကျိုးခံစားခွင့်ပြုငွေကျပ် ၄၆၁၂၅၀၀ နှင့် Bondsin Metal စက်ရုံမှ အာမခံအလုပ်သမား ဦးအေးချမ်းအောင်သည် ၂၀၂၂ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် စက်ရုံနံရံသန့်ရှင်းရေးပြုလုပ်နေစဉ် အမြင့် ၁၅ ပေခန့်မှ ပြုတ်ကျ၍ ခါးအောက်ပိုင်းခါးဆစ်ကျိုး ဒဏ်ရာရရှိသည့်အတွက် အမြဲတမ်းမသန်စွမ်း အကျိုးခံစားခွင့်ပြုငွေကျပ် ၃၈၁၀၂၄၀ တို့ကို ကာယကံရှင်ထံသို့လည်းကောင်း စုစုပေါင်းငွေကျပ် ၈၄၂၂၇၄၀ ကို အလုပ်ဌာနမှ တာဝန်ရှိသူများ၊ ရုံးခွဲတာဝန်ခံများ၊ အလုပ်သမားရေးရာညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် စက်ရုံတာဝန်ရှိသူများ ရှေ့မှောက်တွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဦးသိန်းနွဲ့ဦးက ထုတ်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
## ဘဲသားပေါက်များ ဝယ်ယူရရှိနိုင်ကြောင်း အသိပေးခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနပိုင် ဘဲမွေးမြူရေးခြံများမှ နိုင်ငံခြားဘဲမျိုးများဖြစ်သည့် ဥစားဘဲ(ကာကီကင်ဘယ်လ်) ဘဲသားပေါက် Day Old Duck(DOD) များကို သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ရာ မွေးမြူလိုသူများ/အဖွဲ့အစည်းများ အနေဖြင့် (၁)လကြိုတင်မှာယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များ**

**ရုံးချုပ် – ၀၆၇-၃၄၀၈၀၂၀၊၀၉-၄၀၁၆၁၇၀၃၅**
**တာဝန်ခံ– ၀၉-၄၃၀၄၃၁၅၂**
**တာဝန်ခံ – ၀၉-၇၉၆၉၃၄၁၉၅**

## အနူးအညွတ်တောင်းပန်ခြင်း

(၁၄-၁-၂၀၂၄) ရက်နေ့ထုတ် DAILY ELEVEN သတင်းစာ စာမျက်နှာ-၁၇ တွင်ပါရှိသည့် (တောင်ငူခရိုင် ရေတာရှည်မြို့နယ် မတ်ပဲစိုက်ခင်းများတွင် ပိုးသတ်ဆေးများ အဆက်မပြတ် သုံးစွဲနေရသဖြင့် စိုက်စရိတ်ကုန်ကျမှုများပြားနေ) ဟူသော သတင်းခေါင်းစဉ်ဖြင့် သတင်းအား ကျွန်တော် ဦးဇော်ဝင်းချစ်မှ ပေးပို့ရေးသားခဲ့ပါသည်။ အဆိုပါ သတင်းရေးသားရာတွင် ဒေသအကျိုးအတွက် ရည်ရွယ်ပြီး သဘောရိုးဖြင့် ရေးသားခဲ့ခြင်းဖြစ်သော်လည်း မိမိရေးသားခဲ့သော သတင်းနှင့် ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဂုဏ်သိက္ခာကျဆင်းစေသော၊ အထင်အမြင်လွဲမှားစေသော သတင်းအချက်အလက်များအား ပါရှိခဲ့သည်ဟုဆိုသဖြင့် ထိုကဲ့သို့ပါရှိခဲ့သည့်အတွက် မိမိမှအနူးအညွတ်တောင်းပန်အပ်ပါသည်။

**ဇော်ဝင်းချစ်(တောင်ငူ)**

## "အများသိစေရန်အသိပေးကြေညာခြင်း"

FU XING BROTHERS CO.,LTD မှ တင်သွင်းသော (FBT) Logo ပါ Success Wheat Flour, Wheat Flour (ဂျုံ) Batch No(2) ၏ ကုန်ပစ္စည်း သက်တမ်းကုန်ဆုံးရက် နီးကပ်လာပြီး အရည်အသွေးမပြည့်မီနိုင်သောကြောင့် ၎င်းပစ္စည်းများပါဝင်သည့် ကုန်သေတ္တာ (၂၀)လုံးကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံသို့ (၈-၁၁-၂၀၂၃)နေ့ကပင် အပြီးအပိုင် စွန့်လွှတ်ကြောင်း ကြေညာခဲ့ပြီးနောက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ လေလံတင်ထုခွဲ ရောင်းချမည်ဖြစ်ကြောင်း (၁၇-၁၂-၂၀၂၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ကြေညာထားခဲ့ပြီးဖြစ်ပါ၍ ယင်းကုန်ပစ္စည်းများနှင့် ပတ်သက်သောနောက်ဆက်တွဲ ကိစ္စအဝဝမှာ မိမိတို့ကုမ္ပဏီနှင့် လုံးဝ (လုံးဝ) မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

**FU XING BROTHERS CO.,LTD.**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်သစ္စာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် – ၃၉၈ (ပဲမိုကုန်း)၊ မြေကွက်အမှတ်-၈၄/ခ[ဖ-B]၊ မြေအမျိုးအစား-B မြေပိုင်မြေ ၃(ခ)ရပြီး၊ ဧရိယာ(၀.၅၁၅)ဧကရှိ ဦးအောင်မိုးကျော် အမည်ပေါက် မြေကွက်နှင့်ယင်းမြေကွက်သို့ ဝင်ထွက်သွားလာသည့် မြေကွက်အမှတ်-၈၄-ခ[ဖ-C] ဧရိယာ (၀.၀၈၅) ဧကရှိ ရာသက်ပန်သုံးစွဲနိုင်သည့် ကိုယ်ပိုင်လမ်းမြေအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင်လွှဲပြောင်း ရောင်းချလိုကြောင်း မြေအမည်ပေါက်သူက ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်အကြောင်းရှိခဲ့ပါလျှင် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ဆက်သွယ်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်ဝင်းထွန်း ( LL.B , D.B.L )**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၈၇၀၃)**
**ရုံးခန်း (၅) ၊ ပထမထပ် Strand Condominium ၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉-၄၅၀၀၃၉၂၁၀၊ ၀၉-၅၀၃၄၆၅၂**

## ပြင်ဆင်မှုဆိုင်ဆိုရန်ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ အကြောင်းကြားစာ
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၃ နှစ်၊ တရားမပြင်ဆင်မှုအမှတ်–၂၉

| | | |
|---|---|---|
| ဒုတိယဦးစီးမှူး<br>မရမ်းကုန်းခရိုင်တရားရုံး | } နှင့် { | ၁။ ဦးအောင်ကျော်ဇော<br>၂။ ဒေါ်အော်ကင်ဟဲ |
| **ပြင်ဆင်မှုလျှောက်ထားသူ** | | **ပြင်ဆင်မှုလျှောက်ထားခံရသူ** |

၂၀၂၃ ခုနှစ်၊ မတ်လ(၁၇)ရက်နေ့စွဲပါ လှိုင်မြို့နယ်တရားရုံး၊ တွဲဖက်မြို့နယ်တရားသူကြီး (၁) ရုံးတော်မှ စီရင်ချက်နှင့်ဒီကရီကို ပြင်ဆင်မှု။

ပြင်ဆင်မှု လျှောက်ထားခံရသူ(၂) ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ် (၁၀) ရပ်ကွက်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက်(၃)၊ အခန်း(၄)၊ မြေညီထပ်နေ ဒေါ်အော်ကင်ဟဲ သိစေရမည်။

ယခုအမှုတွင် လှိုင်မြို့နယ်တရားရုံးတော်က ချပေးသည့်ဒီကရီကို ဒုတိယဦးစီးမှူး မရမ်းကုန်းခရိုင်တရားရုံးက ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်း တင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီလ ( ၉ )ရက် ( ၁၃၈၅ ခုနှစ်၊ ပြာသိုလကွယ်)နေ့တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့် အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၂) ရက်နေ့ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( သဇင်စိုး )**
**တွဲဖက်ခရိုင်တရားသူကြီး( ၁ )**
**မရမ်းကုန်းခရိုင်တရားရုံး**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## လျှောက်လွှာခေါ်ယူခြင်း
## (၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်)

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) အငယ်တန်းစာရေးရာထူး (၃၂) နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) လျှောက်လွှာပိတ်သည့် (၃၁-၁-၂၀၂၄) ရက်နေ့ဖြစ်ပါသည်။
(ဂ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ပါက အသက်(၃၀)နှစ်ထက်မကျော်လွန်သူဖြစ်ရမည်။ အင်္ဂလိပ်စာဘာသာ အထူးပြု၊ဥပဒေဘာသာအထူးပြုနှင့် မဟာဘွဲ့ ရရှိထားသူဖြစ်ပါက အသက်(၃၂)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) အင်္ဂလိပ်စာ၊ ကွန်ပျူတာဘာသာရပ်များတွင် အခြေခံတတ်ကျွမ်းသူများ ဦးစားပေး ခန့်ထားပါမည်။
(င) ရွေးချယ်ခန့်ထားခြင်းခံရပါက ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ကတိဝန်ခံချက်လက်မှတ်ရေးထိုးရမည်။

၂။ ကိုယ်ရေးလျှောက်လွှာတွင် မိဘအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ်များကို ပြည့်စုံစွာ ဖော်ပြပေးခြင်းနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) တစ်လအတွင်းရိုက်ကူးထားသော (၁''x ၁.၂၅'') အရွယ် ကာလာဓာတ်ပုံ(၃)ပုံ၊
(ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
(ဂ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူနှင့် အခြားဘာသာရပ်ဆိုင်ရာ တတ်မြောက်ကြောင်း အသိအမှတ်ပြုလက်မှတ် အထောက်အထား မိတ္တူများ၊
(ဃ) ပြစ်မှုကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းတို့အတွက် ရဲစခန်း ထောက်ခံချက်မူရင်း။

၃။ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းများကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ စီမံရေးဌာနခွဲတွင် ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖြေဆိုမည့်နေ့ရက်အား ဆက်သွယ်အကြောင်းကြားပေးမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာများကို(၃၁-၁-၂၀၂၄)ရက်နေ့ ရုံးချိန်အတွင်း နောက်ဆုံးထားပေးပို့လျှောက်ထားရမည်။ အသေးစိတ်သိရှိလိုပါက ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(အမှတ်-၃၆၃/၄၂၁၊ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၉-၂၆၈၁၆၉၁၇၀) သို့ဖြစ်စေ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အမှုထမ်းရပ်ကွက်၊ သုခလမ်းဟုခေါ်တွင်သော ကွင်း/အကွက်အမှတ်နှင့် အမည် (၂၉၊ ညောင်သုံးပင်တောင်ကွက်)၊ ဦးပိုင်အမှတ်၊ မြေကွက်အမှတ်(၆၈/ခ၊ ၉၆) အကျယ်အဝန်း (ပေ ၅၀xပေ၇၀) ရှိ ဒေါ်သဲငုဝါ အမည်ပေါက် ဆယ်နှစ်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လက်ရှိ အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်သဲငုဝါခိုင် [၁၂/သလန(နိုင်)၀၈၀၁၁၂] ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မေဇင်ဦး [၁၂/ရကန(နိုင်)၀၇၁၆၄၇] မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ ပေးချေထားပြီးဖြစ်ရာ အဆိုပါ မြေကွက်အရောင်းအဝယ်ကို ကန့်ကွက်လိုပါက မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါပြီး (၁၄)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါမြေကွက် အရောင်းအဝယ်အား တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ –**

| ဦးကျော်ဇေယျ(LL.B) | ဒေါ်သန္တာဆွေ (LL.M) | ဒေါ်နော်ဆည်းဇာ (LL.B) |
|---|---|---|
| (စဉ်–၁၃၁၈၁/၁၇) | (စဉ်–၁၀၄၀၇/၁၅) | (စဉ် –၁၂၆၃၇/၁၇) |
| ဒေါ်မြင့်မြင့်သန်း (LL.M) | | ဒေါ်ဝေမာနွယ် (LL.B) |
| (စဉ်–၁၃၂၄၀/၁၇) | | (စဉ်–၁၄၇၁၁/၁၈) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၉)၊ သိပ္ပံလမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း – ၀၉-၄၂၂၂၈၁၁၁၈၊ ၀၉-၄၃၁၈၈၉၈၈**

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဈ/၃၄/၁၀-ရပ်ကွက်၊ ဖွဲ့ကပင်လမ်း၊ အမှတ်- ၁၀၁၇/က ဟု ခေါ်တွင်သော ခြံမြေ(အလျား ၂၀ပေxအနံ ၆၀ပေ)နှင့်ပတ်သက်၍ အမည်ပေါက် ဦးလှမြင့် (အမ်ဝိုင်ဂျီအင်န်-၀၁၉၂၅၄)ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးအေးခိုင် [၁၄/လပတ(နိုင်)၁၅၈၈၅၈]က (၉-၁၁-၂၀၀၃) ရက် နေ့တွင် မြေကွက်အရောင်း/အဝယ်သဘောတူကတိစာချုပ် ခေါင်းစဉ်ပါအရပ်ကတိစာချုပ်ဖြင့် မြေကွက်တန်ဖိုးငွေအား ပေးချေ၍ အပြီးအပိုင်အရောင်း/အဝယ် ဝယ်ယူ၍ လက်ရောက်ရယူနေထိုင်လျက်ရှိပါသည်။ ထို့ကြောင့် အထက်ပါ ဦးလှမြင့် အမည်ပေါက် ခြံမြေကွက်နှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်ရန်ရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးအေးခိုင်ထံသို့ဖြစ်စေ ခြံမြေကွက်၏ ပိုင်ဆိုင်မှု စာရွက်စာတမ်း မူရင်းများနှင့်တကွ ယခုကြော်ငြာစာပါရှိသည့် ရက်မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်ဇော်ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၂၆၉၉)**
**အမှတ်–၆၁၀/က၊ ရတနာသီရိလမ်း၊ ဈ/၃၃/၁၀ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း – ၀၉ –၄၂၀၀၂၉၈၇၉**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က ကြာပန်းကျောင်း၊ Grade-8(B) မှ နန်းစံပယ်ဦး၏ ဖခင်အမည်မှန်မှာ ဦးသန့်ဇင်ထွေး [၁၀/သထန(နိုင်)၁၈၁၉၄၈] ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်ထွေး**
**[၁၀/သထန(နိုင်)၁၈၁၉၄၈]**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၇/ဒက္ခိဏသီရိအရှေ့ရပ်)၊ မြေကွက်အမှတ်(ဒ-၂၁၁၆)၊ ဧရိယာ (၀.၂၂၉) ဧကရှိ ဦးသက်မျိုးအောင် (ဘ) ဦးတင်ငွေ[၁၂/ဒဂန(နိုင်)၀၂၉၆၉၁] အမည်ပေါက်(ပါမစ်)မြေကွက်ကို ဦးဉာဏ်မျိုးအောင်(ဘ)ဦးတင်ငွေ [၁/မကန(နိုင်)၀၈၃၆၁၄]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံး ကျမ်းကျိန်မှုရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက် မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေငှားစာချုပ်** လျှောက်ထားမှုအားဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၈)၊ မြေကွက်အမှတ်(၁၄၆)၊ မြေကွက်တည်နေရာအမှတ်(၁၄၆)၊ (၆၈)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးမြခင် (CL-၀၅၀၁၉၀) အမည်ပေါက် ပါမစ်မြေအား ပါမစ် အမည်ပေါက် ဦးမြခင် (CL-၀၅၀၁၉၀) ထံမှ အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူသူ ဒေါ်မြသွေးနွယ် [၁၂/ပဘတ(နိုင်)၀၁၄၄၄၅]မှ ဓာတ်ပုံမှတ်တမ်း ပျက်စီးနေသော ပါမစ်မူရင်း (မူရင်းတုံးမပါ) တင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ မြေကွက်လပ်ဖြစ်ပြီး လျှောက်ထားသူမှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးတင်ပြထားပါသည်။ တင်ပြပါမစ်၏ ဓာတ်ပုံပျက်စီးနေခြင်းနှင့် ပတ်သက်၍ လျှောက်ထားသူမှဌာနဝင်စာ-၁၅၅၆၇/၂၁-၁၂-၂၀၂၃ဖြင့် ၎င်းဝယ်ယူစဉ် ကတည်းက ပါရှိခဲ့ခြင်းဖြစ်ပြီး ယင်းသို့ ပျက်စီးနေခြင်းနှင့် ပတ်သက်၍ အရှုပ်အရှင်း မရှိကြောင်းနှင့် ပေါ်ပေါက်ပါက တာဝန်ယူဖြေရှင်းမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြလာပါသဖြင့် ဒေါ်မြသွေးနွယ်မှ ပါမစ်မူရင်း (ဓာတ်ပုံပျက်စီး)တင်ပြ၍ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ရေကျော်လမ်းမကြီး၊ အမှတ်(၈၇)၊ ၆-လွှာ(ညာဘက်အခန်း) ဟုခေါ်တွင်သည့်တိုက်ခန်းအား ပိုင်ဆိုင်ကြောင်းနှင့် အလွတ်လက်ရောက်ရောင်းချလိုပါကြောင်း ရမ်ဂါဆွာမိ(ခ)မောင်မောင်[၁၂/ပဇတ(ပြု)၀၀၀၀၆၄]က ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သူ ဦးအောင်ကျော်ကျော် [၁၂/ပဇတ(ပြု)၀၀၀၅၉၀]ကိုင်ဆောင်ပြီး အမှတ်(၁၃)၊ သာယာကုန်းလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေထိုင်သူက စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ဤအရောင်းအဝယ်နှင့် စပ်လျဉ်း၍ ကန့်ကွက်လိုပါက သက်ဆိုင်ရာ စာရွက်စာတမ်း မူရင်းများဖြင့် ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၃)ရက်အတွင်း လာရောက်ကန့်ကွက်ရန် အများသိစေရန် ကြေညာလိုက်သည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| ဦးနန္ဒမျိုးအောင် (LL.B) (DIPL) | ဦးထက်စည်သူ (LL.B) (DIPL) |
|---|---|
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်–၁၈၇၉၄/၃၀-၁၁-၂၀၂၃) | (စဉ်–၁၈၇၉၃/၃၀-၁၁-၂၀၂၃) |

**အမှတ်(၄၆)၊ သစ်တောလမ်း၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊**
**အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၈၉၃၅၉၂၉၊ ၀၉-၆၉၉၁၈၄၉၈၃၊ ၀၉-၅၁၅၆၆၃၅**

## အထွေထွေကိုယ်စားလှယ်လွှဲစာ (ဖျက်သိမ်းခြင်း) ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ ဗိုလ်တထောင်ဘုရားလမ်း၊ တိုက်အမှတ်(၂၀၃)၊ ပထမထပ်(ညာ)တွင် နေထိုင်သူ ဒေါ်သာမရာဆဲလ်ဗီ (ကွယ်လွန်သူ ဦးကာလီဒတ်စ် (ခ) မောင်မောင်၏ ဇနီး) [၁၂/ပဇတ(ပြု)၀၀၀၀၁၇] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

အထက်ဖော်ပြပါ လိပ်စာတွင် နေထိုင်သူ ဒေါ်သာမရာဆဲလ်ဗီ [၁၂/ပဇတ(ပြု)၀၀၀၀၁၇] သည် ကျန်းမာရေးကိစ္စဖြင့် နိုင်ငံရပ်ခြား မကြာခဏသွားရောက်၍ ဆေးကုသမှုခံယူနေရပါသောကြောင့် ရုံးကိစ္စများ ဆောင်ရွက်ရန် ဦးအောင်ထွန်းဦး (ဘ) ဦးချစ်လှိုင် [၇/ပခန(နိုင်)၃၅၄၄၈၇]ကို (၉-၁-၂၀၂၃) ရက်စွဲပါ မန္တလေးမြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်စာအမှတ်- (၁၇၂/၂၀၂၃) ဖြင့် ကိုယ်စားလှယ်လွှဲစာလွှဲအပ်ထားပြီး အဆိုပါ အထွေထွေကိုယ်စားလှယ်လွှဲစာကို (၂၃-၁-၂၀၂၄)ရက်နေ့မှစ၍ ရုပ်သိမ်းဖျက်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစောတာကပေါ် (LL.B, D.B.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၀၃)**
**တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၈၀၀၃၃၂၄**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ဆောင်းဟောမန်အိမ်ရာ၊ တိုက်အမှတ်(၁/၁၇)တွင် နေထိုင်သော ဒေါ်ဆောင်းနှင်းဝေ [၁၂/ဒဂမ(နိုင်)၀၃၀၂၉၁] မှ ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၁၉၅၂၉/၂၀၁၉ ဖြင့် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ(ချေးငွေဌာန) ရောဝတီဘဏ်လီမိတက် (ရုံးချုပ်)အား (၁၀-၄-၂၀၁၉) ရက်နေ့က လွှဲအပ်သည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းပယ်ဖျက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဒေါ်အေးမင်းမင်းသိမ့် | ဒေါ်ချယ်ရီဝင်း |
|---|---|
| (LL.B,D.B.L,D.I.L,D.M.L) | LL.B,W.I.P.O(Switzerland) |
| တရားလွှတ်တော်ရှေ့နေ | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၁၄၅၃၇) | (စဉ်-၁၅၄၀၁) |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်း၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊နည်းဥပဒေ-၂၀)
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၄

| | | |
|---|---|---|
| ၁။ ဦးဇာနည်မျိုး<br>၂။ မဖြူ | နှင့် | ဦးလှတိုး |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅) ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ် ၅၉၆ နေ ဦးလှတိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုများက **"ပဋိညာဉ်တိုင်း အရောင်းအဝယ် စာချုပ်အား မှတ်ပုံတင် ပြုလုပ်ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက် (၁၃၈၅ခုနှစ်၊ ပြာသိုလဆုတ် ၆ ရက်နေ့) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ( ၂၂ ) ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**( ချိုကေရီဆွေ )**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၉/က-သီရိမင်္ဂလာစီမံချက်၊ မြေကွက်အမှတ်-စ/၇၉-ခ၊ ဧရိယာ(၀.၃၀၄)ဧက၊ မြေကွက်တည်နေရာအမှတ်-စ/၇၉/ခ၊ ဆန်းသစ်ဦးလမ်း၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ မဂျာမြတ်ဆူဇန်လထော်[၁၂/စခန(နိုင်)၀၅၈၆၅၉]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အား အမည်ပေါက် ဒေါ်ဂျာမြတ်ဆူဇန်လထော်[၁၂/စခန(နိုင်)၀၅၈၆၅၉]မှ ဂရန်မူရင်းမှာ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားကြောင်း သက်ဆိုင်ရာရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ၎င်းဂရန်မူရင်းအား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ အာမခံပေးသွင်းခြင်းမရှိပါကြောင်းနှင့် ဂရန်မူရင်းပျောက်ဆုံးခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ် ပေါက်လာပါက ၎င်းကသာ တာဝန်ယူဖြေရှင်းပေးပါမည်ဖြစ်ကြောင်း တရားရုံးကတိသစ္စာပြုလွှာအမှတ်-၃/၂၆၂၉/၂၀၂၂ (၂၃-၃-၂၀၂၂)၊ ဝန်ခံကတိ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

(မြို့ပြမြေစာရင်းဌာန၌ ဦးအေးကြွေအမည်ပေါက်) ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ လူနေရပ်ကွက်အမှတ် (၁)၊ မြေတိုင်းရပ်ကွက်အမှတ် (၁)၊ မြေကွက်အမှတ် (၄၂၃/ခ) ဟုခေါ်တွင်သည့် အကျယ်အဝန်း (ပေ ၂၀ × ပေ ၆၀) ရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်ရှိ နေအိမ် (၁) လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဖခင်ဦးအေးကြွေနှင့် မိခင်ဒေါ်မြသန်းကွယ်လွန်ပြီးနောက် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် (၁) **ဦးရွှေသိန်း** (၁၂/သကတ (နိုင်) ၁၉၇၃၁၇)၊ (၂) **ဒေါ်မာမာညို** (၁၂/ သကတ (နိုင်) ၁၀၉၆၄၂) နှင့် (၃) **ဦးစိုးစိုးမြင့်** (၁၂/သကတ (နိုင်) ၀၉၇၉၄၃) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဦးဇော်မြင့်နိုင်** (၁၂/ဒဂတ (နိုင်) ၁၃၀၅၂၁) က အပိုင်ဝယ်ယူရန် ရောင်းချတန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်အားကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထားများတင်ပြပြီးကန့်ကွက်နိုင်ကြောင်းနှင့် အဆိုပါနေ့ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဦးနေဝင်းအောင်** (B.Sc, H.G.P, C.B.L)
Higher Grade Pleader (Lawyer Lc No.19147/ 1991)
အမှတ် (၂၀၇)၊ ၃၂ လမ်း၊ ပထပ် (ဝဲ)၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။ ☎ 09 786 786 053

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၆-ရပ်ကွက်၊ အောင်သုခ(၁)လမ်း၊ အမှတ်(၉၉)နေ ဒေါ်လွဲ့လွဲ့ဝင်း၊ အမှတ်(၂၁)နေ ဦးလှကြိုင်၊ အောင်သုခ(၂)လမ်း၊ အမှတ်(၁၁၀)နေ ဦးတင်အောင်သန်း၊ အမှတ်(၈၆)နေ ဦးလှပို၊ ဝင်းလှိုင်လမ်း အမှတ်(၂၆၉၉)နေ ဦးဝင်းခိုင်၊ အမှတ်(၂၇၃၁)နေ ဦးမြင့်ဆွေ၊ အမှတ်(၂၇၁၀)နေ ဦးညွန့်သန်းရွှေ၊ အမှတ်(၂၇၀၆)နေ ဒေါ်ချိုချိုတို့ သိစေရန် ဒုတိယအကြိမ် အသိပေးကြေညာချက်

ဦးအိုက်လင်း [၁၃/တကန(နိုင်)၀၂၄၉၈၈]သည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၆-သမိုင်း)၊ မြေကွက်အမှတ်(၄၇)နှင့်(၄၈)ရှိ မြေဧရိယာ(၇.၃၇၅)ဧကကို မူလအမည်ပေါက် ပိုင်ရှင်ဦးဘကြော်၏ အမွေဆက်ခံသူ ဦးကြည်စိုး [၁၂/ကမရ(နိုင်)၀၂၂၄၂]နှင့် ဦးကြည်သိန်း [၁၂/ကမရ(နိုင်)၀၄၂၉၇၀]တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၄၈၈၈/၂၀၁၁၊ ၄၈၈၉/၂၀၁၁နှင့် ၄၈၉၀/၂၀၁၁ တို့ဖြင့်လည်းကောင်း၊ အရပ်ကတိအရောင်းအဝယ်စာချုပ်များဖြင့် လည်းကောင်း၊ ဥပဒေနှင့်အညီ တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ မြေ(၇.၃၇၅)ဧက၏ မူလပိုင်ရှင်များက ဦးအိုက်လင်းမတိုင်မီ မည်သူ့ကို ရောင်းချ/ပေါင်နှံ/ငှားရမ်း/ပေးကမ်း/ခွင့်ပြုချက်ဖြင့် အခမဲ့ ထားခဲ့ခြင်းမရှိပါ။

ဦးအိုက်လင်းပိုင် အဆိုပါမြေ(၇.၃၇၅)ဧက၏ အစိတ်အပိုင်းများဖြစ်သည့် မြေကွက်အမှတ် ၄၇/ဗ၁၅ ပေါ်တွင် ဒေါ်လွဲ့လွဲ့ဝင်းမိသားစုနေအိမ်၊ မြေကွက်အမှတ် ၄၇/ဗ၁၃ ပေါ်တွင် ဦးလှကြိုင်မိသားစု နေအိမ်၊ မြေကွက်အမှတ် ၄၇/ဗ၁၅ ပေါ်တွင် ဦးတင်အောင်သန်းမိသားစုနေအိမ်၊ မြေကွက်အမှတ် ၄၇/ဗ၇ ပေါ်တွင် ဦးလှပိုမိသားစုနေအိမ်၊ မြေကွက်အမှတ် ၄၇/ဗ၁၇ ပေါ်တွင် ဦးဝင်းခိုင်မိသားစုနေအိမ်၊ မြေကွက်အမှတ် ၄၇/ဗ၁၈ ပေါ်တွင် ဦးမြင့်ဆွေမိသားစုနေအိမ်၊ ၄၇/ဗ၁၀ ပေါ်တွင် ဦးညွန့်သန်းရွှေ မိသားစု နှင့် ဒေါ်ချိုချိုမိသားစု နေအိမ်တို့ ရှိနေပါသည်။

ဦးအိုက်လင်းအနေဖြင့် အဆိုပါမြေပေါ်တွင် ဝင်ရောက်နေထိုင်နေသည့် မည်သူ့ကိုမျှ တရားစွဲဆိုဖယ်ရှားခြင်း မပြုလိုပါသောကြောင့် ယခုကြေညာချက်၏ အထက်ခေါင်းစဉ်တွင် အမည်ပါရှိသူများသည် ဦးအိုက်လင်းပိုင်မြေပေါ်မှ မိမိတို့နေအိမ် အဆောက်အအုံများကို (၁၈-၂-၂၀၂၄)ရက်နေ့ နောက်ဆုံးထား၍ အေးချမ်းသာယာစွာ ဖျက်သိမ်းဖယ်ရှား ထွက်ခွာပေးရန် တောင်းဆိုပါသည်။

လိုက်နာခြင်းမရှိ ပျက်ကွက်ပါက ဦးအိုက်လင်းအနေဖြင့် မည်သို့မျှမလွှဲရှောင်သာဘဲ မိမိပိုင် အထက်ပါမြေအစိတ်အပိုင်းများကို လက်ရောက်ရရှိရန်အတွက် ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း ဒုတိယအကြိမ် အသိပေးကြေညာအပ်ပါသည်။

**ဦးအိုက်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ဌေး** — **ဒေါ်အိအိထွေး**
**စဉ်-၁၂၈၉၈ (၁၃-၇-၂၀၁၇)** — **စဉ်-၁၃၀၆၅ (၂၇-၇-၂၀၁၇)**
**တရားလွှတ်တော်ရှေ့နေများ**
**တိုက်(၁၉)၊ ၈လွှာ(အေ)၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၈၉၀၀၇၉၃၃၈၊ ၀၉-၆၉၇၉၈၉၅၁၅**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

**ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ(၁)လမ်း၊ မြေကွက်အမှတ်(၂၁/ခ) တွင် ဆောက်လုပ်ထားသော (၅)ထပ်တိုက်မှ (၁ လွှာ)၊ (ပထမထပ်)၊ အကျယ်အဝန်း(အလျား ၁၈ ပေ x အနံ ၅၄ ပေ)ရှိ ရေမီးစုံတိုက်ခန်းတစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး** တို့ကို တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဒေါ်မေဖြူနိုင် [၁၂/ဥကတ(နိုင်)၁၅၈၄၅၄]**ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သည့် **ဒေါ်နန်းသူ့သူ့ခင် [၁၂/စခန(နိုင်)၀၄၉၀၉၅]**သည် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ တစ်စုံတစ်ရာကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစပြီး (တစ်ပတ်)၊ (၇ ရက်) အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ/ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်လင်းအေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၇၃၁/၂၀၁၄)**
**အခန်း (၃) ၊ ၇-လွှာ၊ Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၇၂၁၈၅၊ ၀၉-၇၆၅၀၇၂၁၈၅**

## "မအက်စတာဆွီသဲသိစေရန်ကြော်ငြာခြင်း"

တရားလိုဖြစ်သူ ကို Khai Bil သည် မ Esther Sui Te နှင့် သဘောထားခြင်း မတိုက်ဆိုင်တော့ပါသဖြင့် တရားဝင်ကွာရှင်းနိုင်ရန် အမေရိကန်ပြည်ထောင်စု၊ မာရီလန်ပြည်နယ်၊ Anne Arundel ကောင်တီတရားရုံးတွင် အမှုနံပါတ်- C-02-FM-23-004312 ဖြင့် တရားစွဲဆိုအမှုဖွင့်ထားပါသည်။ သို့ဖြစ်ပါ၍ မ Esther Sui Te အနေဖြင့် တရားရင်ဆိုင်ကန့်ကွက်လိုပါက ယခုကြော်ငြာပါသည့် (၂၄. ၁. ၂၀၂၄) နေ့မှ ရက်(၉၀)အတွင်း တရားရုံးတော်သို့ မြန်မာပြည်ရှိ အမေရိကန်သံရုံးမှတဆင့် ကန့်ကွက်လျှောက်ထားနိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်လျှောက်ထားမှု မရှိပါက တရားလို၏ ကွာရှင်းပြတ်ဆဲခြင်းအမှုကို တရားဝင်ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးယုယ(ခ)ဦးသန်းနိုင် (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၀၃၀)
ရုံး-မြောက်ဥက္ကလာပမြို့နယ်တရားရုံးအနီး၊
ရန်ကုန်။ဖုန်း-၀၉ ၄၂၈၂၀၀၈၀၂

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိမြိုင်(၈)လမ်း၊ အိမ်အမှတ် (၅၉၃/၅၉၄)၊မြေကွက်ပေါ်ရှိ ဒေါ်ရင်ရင်ရွှေအမည်ပေါက် ဆောက်လုပ်ထားသော ကန်ထရိုက်တိုက်ရှိ ပထမထပ် (၃လွှာ-ခေါင်းရင်းခန်း) အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင် ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ထားသူတိုက်ခန်းပိုင်ရှင်ကန်ထရိုက်တာ နိုင်ငံသားစိစစ်ရေးအမှတ်- [၁၂/မရက(နိုင်)၀၀၀၅၂၇] ကိုင်ဆောင်ထားသူ ဦးမြင့်ဝေထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးနေကြည်လင်း နိုင်ငံသားစိစစ်ရေးအမှတ်- [၁၁/ပဏတ(နိုင်) ၀၇၀၁၂၅]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူပြီးဖြစ်ပြီး ကန့်ကွက်လိုကယနေ့မှစ၍ (၁၄)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်အောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၁၀၈/၂၀၂၂)**
**အမှတ်(၇၅)၊ မာလာမြိုင်(၂)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။**
**ဖုန်း-၀၉-၅၀၈၂၅၇၂**

## ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၆-ရပ်ကွက်၊ အောင်သုခ(၁)လမ်း၊ အမှတ်(၃၅)နေ ဦးဝင်းညို၊ အမှတ်(၄၃)နေ ဦးကျော်စိုး၊ အမှတ်(၅၀)နေ ဦးသန်းလှိုင်တို့သိစေရန် ဒုတိယအကြိမ် အသိပေးကြေညာချက်

ဦးအိုက်လင်း[၁၃/တကန(နိုင်)၀၂၄၉၈၈]သည် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄-သမိုင်း)၊ မြေကွက်အမှတ်(၁၁)အတွင်းရှိ ဦးဘထွန်းအမည်ပေါက် မြေဧရိယာ (၃. ၇၃၃)ဧကကို ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်(၉၃/၂၀၀၂)နှင့် တရားမဇာရီမှုအမှတ်(၆၁/၂၀၀၂)၏ အမိန့် ဒီကရီများအရ ပိုင်ဆိုင်သူ ဦးညိုအောင်[၈/ထလန(နိုင်)၀၂၆၃၀၁] ထံမှ ဝယ်ယူပိုင်ဆိုင်ထားပြီးဖြစ်ပါသည်။

အဆိုပါ မြေ၏အစိတ်အပိုင်းများဖြစ်သည့် အမှတ်(၃၅)၊ အောင်သုခ(၁)လမ်းတွင် ဦးဝင်းညို၏ မိသားစုနေအိမ်၊ အမှတ်(၄၃)၊ အောင်သုခ(၁)လမ်းတွင် ဦးကျော်စိုး၏မိသားစုနေအိမ်၊ အမှတ်(၅၀)၊ အောင်သုခ(၁)လမ်းတွင် ဦးသန်းလှိုင်၏မိသားစုနေအိမ်များ ရှိနေပါသည်။

ဦးညိုအောင်က အဆိုပါမြေအစိတ်အပိုင်းများကို ဦးအိုက်လင်းမတိုင်မီ မည်သူ့ကိုမျှ ရောင်းချ/ ပေါင်နှံ/ပေးကမ်း/ငှားရမ်း/အခမဲ့ခွင့်ပြုချက်ဖြင့် နေထိုင်ခွင့်ပြုထားခဲ့ခြင်းမရှိပါ။ ဦးအိုက်လင်းအနေဖြင့် အဆိုပါမြေပေါ်တွင် ဝင်ရောက်နေထိုင်သည့်မည်သူ့ကိုမျှ တရားစွဲဆိုဖယ်ရှားခြင်းမပြုလိုပါသောကြောင့် ယခုကြေညာချက်၏ အထက်ခေါင်းစဉ်တွင် အမည်ပါရှိသူများသည် ဦးအိုက်လင်းပိုင်မြေပေါ်မှ မိမိတို့နေအိမ် အဆောက်အအုံများကို(၁၈-၂-၂၀၂၄) ရက်နေ့ နောက်ဆုံးထား၍ အေးချမ်းသာယာစွာ ဖျက်သိမ်းဖယ်ရှား ထွက်ခွာပေးရန် တောင်းဆိုပါသည်။

လိုက်နာခြင်းမရှိပျက်ကွက်ပါက ဦးအိုက်လင်းအနေဖြင့် မည်သို့မျှမလွှဲမရှောင်သာဘဲ မိမိပိုင်မြေအစိတ်အပိုင်းများကို လက်ရောက်ရရှိရန်အတွက် တည်ဆဲဥပဒေအရ တရားစွဲဆိုဆောင်ရွက်မည်ဖြစ်ကြောင်း ဒုတိယအကြိမ် အသိပေးကြေညာအပ်ပါသည်။

**ဦးအိုက်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ခင်ခင်ဌေး** — **ဒေါ်အိအိထွေး**
**(စဉ်-၁၂၈၉၈) (၁၃-၇-၂၀၁၇)** — **(စဉ်-၁၃၀၆၅) (၂၇-၇-၂၀၁၇)**
**တရားလွှတ်တော်ရှေ့နေများ**
**တိုက်(၁၉)၊ ၈လွှာ(အေ)၊ စမ်းရေတွင်းလမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၈၉၀၀၇၉၃၃၈၊ ၀၉-၆၉၇၉၈၉၅၁၅**

**ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ၃၈ လမ်း(အောက်)၊ တိုက်အမှတ်(၁၁၇)၊ ပထမထပ်(ယာ)ဘက်ခန်း၊ အကျယ်အဝန်း(၁၄ပေ x ၅၀ပေ)ခန့်ရှိ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍-**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဦးလှတင်[၁၂/ကတတ(နိုင်)၀၀၃၄၄၆]၏ အမွေဆက်ခံပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်လှ[၁၂/ကတတ(နိုင်)၀၀၃၄၅၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းညွန့်(LL.B)** — **ဦးနိုင်ထွဋ်လင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၂၇)** — **အထက်တန်းရှေ့နေ(စဉ်-၃၅၄၅)**
**အမှတ်(၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၅၀၆၁၅၇၊ ၀၉-၇၈၅၅၀၆၁၅၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၇၀)၊ မြေကွက်အမှတ် (၄၉၉ /က)၊ အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးအေးမောင်(TLN-၀၂၈၉၂၄) [၁၂/လမန(နိုင်) ၀၂၂၄၅၉] အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိအမှတ်(၄၉၉/က)၊ အောင်ချမ်းသာ(၄)လမ်း၊(၇၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှရောင်းချခဲ့သောကြောင့် အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်စုစုခင် [၁၂/ဒဂတ(နိုင်)၀၄၃၆၁၃]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ထွန်း [၁၂/သဃက(နိုင်) ၀၈၀၆၂၂]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၆)၊ မြေကွက်အမှတ် (၁၉၈၃)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိပါမစ်မြေကွက်သည် ဦးစိုးရှိန်(TRY-၀၇၉၆၃၂) အမည်ပေါက်သော မြေကွက်ဖြစ်ပြီး ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၉၈၃)၊ (၁၄၆)ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ဟုခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှရောင်းချခဲ့သောကြောင့် မြေကွက်အရောင်းအဝယ်ကတိစာချုပ်အဆက်ဆက်ဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်မေသက်ခိုင် [၉/ပမန(နိုင်)၂၃၇၉၂၀]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သီတာဝင်း [၁၂/သဃက(နိုင်)၀၃၇၈၉၇]မှအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၆၉)၊ မြေကွက်အမှတ်(၁၇၅၀)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ)ရှိပါမစ်မြေကွက်သည် ဒေါ်ခင်ရီ(DV-၀၀၄၃၂၃) [၁၂/သဃက(နိုင်)၀၂၄၇၈၄]အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေကွက်အနက်မှ တရားဝင် မခွဲစိတ်ရသေးသည့်(ခေါင်းရင်းခြမ်း) အကျယ်အဝန်း(၂၀ပေ x ၆၀ ပေ) ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(၁၇၅၀)၊ မဟာစည်သူလမ်းနှင့်ဗလမင်းထင်(၂)လမ်းထောင့်၊ (၆၉) ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ ရောင်းချခဲ့သောကြောင့် မြေအိမ်အရောင်းအဝယ် အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်အိရွှေစင်[၁၂/ဒဂတ(နိုင်)၁၁၅၉၄၄]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်း ကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မြမြကြည် [၁၂/ကမန(နိုင်)၀၆၅၂၇၉]မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၇၉၆၃၈၉၇၉၆**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် (၄၈/ U-10)၊ မြေကွက်အမှတ် (၁၅၇)၊ အကျယ်အဝန်း ( ၆၀ x ၈၃ ) ပေရှိ ဒေါ်သန်းသန်းစိန် (ခ) စုလင်းနိုင် အမည်ပေါက် နှစ် (၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အရောင်းအဝယ်ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ဝင်းရှိန် [၁၂/အစန(နိုင်)၁၈၉၀၂၅] မှ ရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**(လွှဲအပ်ညွှန်ကြားချက်အရ)**
**ဒေါ်ယုယုနွယ် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၅၅၈)**
**အမှတ် (၁၀၁၅/ဘီ)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၄) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၀၆၅၂၇၃**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့ နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ မြေကွက်အမှတ် (၇၅၅)ဟုခေါ်တွင်သည့် [အကျယ်အဝန်း (၄၂x ၆၀)ပေ]ရှိ ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ မြေကွက် (မြေကွက်အမှတ်-၇၅၇နှင့်ကပ်လျက်အခြမ်း)၊ ယင်းမြေကွက်၏အမည်ပေါက်ပိုင်ရှင် ဒေါ်စန်းရီထံမှ အထွေထွေကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးသန့်စင်ထွန်း [၁၁/မပတ(နိုင်)၀၃၅၀၀၅]သည် ဥပဒေနှင့်အညီ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ၎င်းထံမှ အဆိုပါမြေကွက်နှင့် အကျိုးခံစားခွင့်များကို အပြီးအပိုင်ဝယ်ယူရန် မြေကွက်တန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ မြေကွက်အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ယခု ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ယုံကြည်လောက်သော အထောက်အထား အပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မောင်မောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၅၁၂၇/၂၀၁၄)**
**အမှတ် (၆၆၆/ခ)၊ အင်းဝ (၁၉-က)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၇၁၇၈၈၈၇၈**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ
## အင်ဂျင်နီယာဌာန(အဆောက်အအုံ)
## သုခတော်ဝင်အိမ်ရာအပိုင်း(၂) ဆောက်လုပ်ခြင်းလုပ်ငန်းများမှ 4U5S (2 Bed/ 3 Bed) သံကူကွန်ကရစ်အဆောက်အဦများ ဆောက်လုပ်ခြင်းလုပ်ငန်းအတွက် စိတ်ဝင်စားသည့် လုပ်ငန်းရှင်/ ကုမ္ပဏီများအား ဖိတ်ခေါ်ခြင်း
**(Expression of Interest)**

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပျဉ်းမနား-တောင်ညို လမ်း၊ ဆွာလမ်းဆုံနှင့် မြို့မဈေးကြား၊ ယခင်ဘူးကွဲရွာဟောင်း၊ (၃၁)ဧက အကျယ်မြေနေရာတွင် သုခတော်ဝင်အိမ်ရာအပိုင်း(၂) ဆောက်လုပ်ခြင်း လုပ်ငန်းများမှ 4U5S(2 Bed) သံကူကွန်ကရစ် အဆောက်အဦ (၂၁)လုံး၊ (732 Sqft) အိမ်ခန်း (၄၂၀)ခန်းနှင့် 4U5S (3 Bed) သံကူကွန်ကရစ်အဆောက် အဦ (၃၂)လုံး၊ (1008 Sqft) အိမ်ခန်း (၆၄၀)ခန်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ လုပ်ငန်းရှင်/ကုမ္ပဏီများအား စိတ်ဝင်စားမှုဖော်ပြခြင်း လျှောက်လွှာ Expression of Interest (EOI) ဖိတ်ခေါ်အပ်ပါသည်။

၂။ Expression of Interest (EOI) Form အဆိုပြုလွှာပုံစံနှင့် စည်းကမ်း ချက်များကို နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)သို့ (၇-၂-၂၀၂၄)ရက်နေ့၊ နံနက်(၁၀:၀၀)နာရီမှစ၍ မိမိတို့၏ ကုမ္ပဏီဆိုင်ရာအထောက်အထား မိတ္တူများပြသလျက် လာရောက်ဝယ်ယူ နိုင်ပြီး (၂၂-၂-၂၀၂၄)ရက်နေ့၊ ညနေ(၁၆:၀၀)နာရီ နောက်ဆုံးထား တင်သွင်း ရပါမည်။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း အင်ဂျင်နီယာဌာန(အဆောက်အအုံ)၊ တယ်လီဖုန်းအမှတ်-၀၆၇၃၈၁၀၈၂၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

**ရန်ကုန်မြို့၊ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်(၈၁)၊ရွှေလီ(၄)လမ်း၊မြေကွက်အမှတ်(၄၀၇)၊အကျယ် အဝန်း(၄၀'× ၆၀')ပေရှိဒေါ်သန်းထွေး(၁၄/နေပ(နိုင်) ၁၁၈၅၇၃)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်နိုင်ပါကြောင်း။**

အထက်ဖော်ပြပါမြေကွက်အား အမည်ပေါက်ထံမှ အရောင်းအဝယ်ကတိစာချုပ်အရ **ဦးသန်းထိုက်(၁၀/ကမရ(နိုင်)၀၅၈၃၆၇)**က ဝယ်ယူပိုင်ဆိုင်ထားပြီး အရှုပ်အရှင်း ကင်းရှင်းစွာဖြင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့် အတွက် ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏(စရန်ငွေ)အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့် ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွား မည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၃၉)**
အမှတ်(၃/၁၀၄)၊ ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့ ဖုန်း-၀၉-၂၅၂၂၁၀၈၀၇။

---

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာချက်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့၊ မကာဟိုခမ်းရပ်ကွက်၊ အမှတ် (၆/၆၉)တွင်နေထိုင်သူ ဒေါ်နှင်းယုအောင်[၁၃/တခလ(နိုင်)၀၆၇၀၂၂]၏ လွှဲအပ်ညွှန် ကြားချက်အရအများသိစေရန် ကြေညာအပ်ပါသည်။ အောက်တွင်ဖော်ပြထားသော ကုန်အမှတ်တံဆိပ်သည် ဒေါ်နှင်းယုအောင်၏ ကိုယ်ပိုင်အမှတ်တံဆိပ်ဖြစ်ပြီး မြန်မာ နိုင်ငံမူပိုင်ခွင့်ဦးစီးဌာနတွင်လည်း မှတ်ပုံတင်ထားရှိပြီး WIPO Filing Date ရရှိပြီးဖြစ်ပါသည် -

KO RICH

အထက်ဖော်ပြပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားသည် ဒေါ်နှင်းယု အောင်မှ တင်သွင်းဖြန့်ဖြူးရောင်းချသည့် တစ်ကိုယ်ရည်သုံးပစ္စည်းအမျိုးမျိုး၊ အလှ ကုန်ပစ္စည်းအမျိုးမျိုးတို့တွင် ထည့်သွင်းဖြန့်ချိရောင်းချလျက်ရှိပါသည်။ ထို့အပြင် ၎င်းကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို လုပ်ငန်းများနှင့် ဆက်နွယ်သည့် စာရွက်စာတမ်းများ၊ Social Media ကြော်ငြာများ၊ ဆိုင်းဘုတ်များတွင်လည်း ကောင်း၊ ထိုအမှတ်တံဆိပ်အမည်အမှတ်အသားကို အရွယ်အစားအမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်း လုံးတွင် ထည့်သွင်းအသုံးပြုရောင်းချလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ပါကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ဒေါ်နှင်း ယုအောင်မှအပ အခြားသူတစ်ဦးဦးတစ်ယောက်ယောက်က သော်လည်းကောင်း၊ အများကသော်လည်းကောင်း၊ တံဆိပ်တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား၊ တုပပြုလုပ်သုံးစွဲခြင်း မပြုလုပ်ကြပါရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများ နှင့်အညီ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာ အပ်ပါသည်။ **ဒေါ်နှင်းယုအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်မောင်မောင် LL.B, PGDL, DBL, DIPL**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၈၀)**
**အမှတ်(၃/အေ)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၂၆၄၇၅၀၈**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖန်ချက်စက်လမ်းနှင့် ဆန်စက် လမ်းပေါ်ရှိ မုဒိတာအိမ်ရာ(၂)၊ တိုက်အမှတ်(2B-162)အား ဒေါ်တင်ဥ(ခ) ဒေါ်တင်ဦး [၁၂/အစန(နိုင်)၀၁၀၄၈၉] မှ (၂၇-၆-၂၀၁၈) ရက်နေ့က ဝယ်ယူခဲ့ပါသည်။ အမည် ပေါက် ဒေါ်တင်ဥ(ခ)ဒေါ်တင်ဦးမှာ (၁-၃-၂၀၂၀) ရက်နေ့တွင်လည်းကောင်း၊ ခင်ပွန်း ဦးကျော်ငြိမ်းမှာ (၇-၃-၂၀၂၀) ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြ ပါသည်။ ယခုအခါ အမည်ပေါက် သေဆုံးသွားပြီဖြစ်ပါသဖြင့် ၎င်း၏သမီး (၂) ဦး ဖြစ်သူ ဒေါ်အေးအေးနွယ် [၁၂/အစန (နိုင်) ၁၅၁၈၇၀] နှင့် ဒေါ်နွဲ့နွဲ့စန်း(ခ)ဒေါ်နွဲ့နွဲ့စမ်း [၁၂/အစန (နိုင်) ၀၆၈၇၇၁] တို့မှ မိခင်ပိုင် တိုက်ခန်းအား ၎င်းတို့ (၂) ဦး၏အမည်သို့ အမည်ပြောင်းမည်ဖြစ်ပါသောကြောင့် တိုက်ခန်းနှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့် ရှိသူ မည်သူမဆိုကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁)လအတွင်း တရားဝင် ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေး ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဥမ္မာထွန်း (LL.B,D.B.L,D.I.R,D.M.L)**
**အထက်တန်းရှေ့နေ (စဉ်-၃၇၈၈၄)**
**ဖုန်း-၀၉-၉၅၃၄၉၉၇၉၀**

---

## ၂၀၂၄ ခုနှစ်၊ မဟာမကုဋ္ဌရံသီ ဆံတော်ရှင်မြတ်မော်တင်စွန်း စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ဈေးဆိုင်ခန်းများနှင့် အရပ်ရပ်လုပ်ငန်းများ လေလံခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့၊ ဇီးချိုင်ကျေးရွာအုပ်စုရှိ ရေးဟောင်းသမိုင်းဝင် တန်ခိုးကြီး မဟာမကုဋ္ဌရံသီ ဆံတော် ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနိယ ပွဲတော်ကို (၁၀-၃-၂၀၂၄)ရက်၊ (၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်နေ့)မှ (၂၄-၃-၂၀၂၄)ရက် (၁၃၈၅ခုနှစ်၊ တပေါင်းလပြည့်နေ့)အထိ (၁၅) ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်နှင့် ပတ်သက်သည့် ဈေးဆိုင်ခန်းများနှင့် အရပ်ရပ်လုပ်ငန်းများကို အောက်ပါအစီအစဉ် အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချသွားမည်ဖြစ်ပါသည်-

(က) လေလံလျှောက်လွှာပုံစံ ရောင်းချမည့်ရက် - ၂၅-၁-၂၀၂၄ (ကြာသပတေးနေ့)

(ခ) လေလံလျှောက်လွှာပုံစံ ပိတ်မည့်ရက် - ၃၁-၁-၂၀၂၄ (အင်္ဂါနေ့)

(ဂ) လေလံလျှောက်လွှာ တင်သွင်းရမည့်နေရာ - ပုသိမ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး

(ဃ)ဆိုင်ခန်းများလေလံစနစ်ဖြင့် ချထားပေးမည့်ရက် - ၅-၂-၂၀၂၄ (တနင်္လာနေ့)

၃။ ယခင်နှစ်က ဆိုင်ခန်းလေလံဆွဲဝယ်သူများအနက် လေလံစည်းကမ်းချက်များ အား ဖောက်ဖျက်ကျူးလွန်သူများကို ယခုနှစ်လေလံတွင် ဝင်ရောက်ဆွဲဝယ်ခွင့်ပြု မည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ပုသိမ်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး ဖုန်း - ၀၄၂၂၀၂၁၃၄၅၊ ၀၄၂၂၀၂၅၁၇၇နှင့် ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဖုန်း-၀၄၂၂၀၄၄၁၉၄ များသို့ ဆက်သွယ်မေး မြန်းစုံစမ်းနိုင်ပါသည်။

**ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးကော်မတီ**

---

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၃၅)၊ မြေကွက်အမှတ်(၄၈၁)ဟုခေါ်တွင်သော (၄၀ပေ x ၆၀ပေ)အကျယ် အဝန်းရှိ ဦးကျော်ငြိမ်း(AC-၀၆၆၀၂၁) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးသန်း အောင်[၁၃/နခန(နိုင်)၀၆၄၉၂၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေအချို့ကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍(၇)ရက်အတွင်းကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်လှလှငွေး(LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၉၄၉)**
**အမှတ်-၉၅၄/က၊ သရေခေတ္တရာလမ်း၊ (၁၃၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၄၂၀၂၄၀၆၇၁**

---

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း ကြေညာခြင်း

ဦးကျော်စိုးမင်း [၁၂/မရက(နိုင်)၀၀၂၃၂၁]နှင့် ဒေါ်ယွန်းငယ် ငယ် [၁၂/ဒဂရ(နိုင်)၀၈၅၆၂၄]တို့သည် တစ်ဦးနှင့်တစ်ဦးစိတ် သဘောထားချင်း တိုက်ဆိုင်မှုမရှိတော့သဖြင့် (၂၄-၁၂-၂၀၂၃)ရက် နေ့တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တစ်ဦး၏ကိစ္စကိုတစ်ဦးက ဝင်ရောက်စွက်ဖက် ပိုင်ခွင့် မရှိတော့သလို သက်ဆိုင်မှုလည်း မရှိတော့ကြောင်း၊ တစ်ဦးနှင့် တစ်ဦး မည်သို့မျှ ပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယွန်းငယ်ငယ်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝဏ္ဏစည်သူမိုး**
**အထက်တန်းရှေ့နေ (စဉ်-၄၇၁၃၂)**
**အမှတ်(၁၈၉)၊ မင်းရဲကျော်စွာလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၄၄၂၀၁၇၄**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းမင်းထွေး[၁၁/မအတ(နိုင်)၀၀၁၃၈၆] ကိုင်ဆောင်သူ၏ တရားဝင် လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ၉၄/ရပ်ကွက်၊ ယုဇနဥယျာဉ် မြို့တော်အိမ်ရာ၊ ငုဝါလမ်း (A)၊ တိုက်အမှတ်(၄)၊ အခန်းအမှတ်(၀၀၃)ဟုခေါ်တွင် သော ရေမီးအပြည့်အစုံ မြေညီထပ် တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် အပြီးအပိုင်လွှဲပြောင်း ဝယ်ယူနေထိုင်ပိုင်ဆိုင်၍ အပေါင်အနှံ၊ အရှုပ်အရှင်း လုံးဝကင်းရှင်းသဖြင့် အပြီး အပိုင် လွှဲပြောင်းရောင်းချလိုကြောင်း ဝန်ခံကတိပြု စကားကမ်းလှမ်းလာသူ ဒေါ်ဖြူ ဖြူဝင်း [၅/တဆန(နိုင်)၀၉၅၇၄၉] ကိုင်ဆောင်သူထံမှ အဆိုပါ တိုက်ခန်း(၁) ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက ဒေါ်ဖြူဖြူဝင်းထံသို့ စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထားများနှင့်အတူ ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိခဲ့ ပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါ သည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်များအရ** |
| **ဦးသိန်းမင်းထွေး** | **ဦးအောင်နိုင်စိုး(LL.B)** |
| **[၁၁/မအတ(နိုင်)၀၀၁၃၈၆]** | **တရားလွှတ်တော်ရှေ့နေ** |
| | **(စဉ်-၉၈၈၂)(၂၉-၄-၂၀၁၄)** |
| | **အမှတ်(၁၄၇၀/က)၊ ထူပါရုံ(၁၃)လမ်းအရှေ့၊** |
| | **၁/ထူပါရုံရပ်ကွက်၊ သာကေတမြို့နယ်၊** |
| | **ရန်ကုန်တိုင်းဒေသကြီး။Ph:၀၉-၄၅၇၂၉၃၃၄၄၊** |
| | **၀၉-၇၉၈၁၉၃၂၉၉၊ ၀၉-၄၄၃၁၉၃၃၄၄** |

---

## "ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ) ရပ်ကွက်၊ နီလာ(၅)လမ်း၊ အမှတ် (၃၀၉/က) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦးနှင့် ပတ်သက်၍ ပြည့်စုံအောင် အင်ပါယာဆောက်လုပ်ရေးကုမ္ပဏီ လီမိတက်၊ ကန်ထရိုက်တာ ဦးသက်နိုင်ဦး [၁၂/ဥကမ(နိုင်)၀၂၁၂၄၀] နှင့် အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဂ) ရပ်ကွက်၊ ဥက္ကာ(၂)လမ်း၊ အမှတ် (၂၅) နေ ဦးတင်ထွဋ် [၁၂/မဂဒ(နိုင်)၀၈၁၃၃၅]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါ သည်-

ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ထွဋ်နှင့် လူကြီးမင်းဦးသက်နိုင်ဦးတို့သည် အထက်ဖော်ပြပါမြေကွက်ပေါ်တွင် (၅-၅-၂၀၂၁) ရက်စွဲပါ "(၁)ခန်း Hall Type (၆)ထပ်အဆောက်အဦးသစ်ဆောက်လုပ်ရန်အတွက် မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့၏ နှစ်ဦးသဘောတူကတိစာချုပ်" ဖြင့် (အလျား ၁၇ပေx အနံ ၅၄ပေ) အကျယ်ရှိ (၁)ခန်း Hall Type (၆)ထပ်အဆောက်အဦးသစ် ဆောက်လုပ်ရန်အတွက် မြေပိုင်ရှင်နှင့်ကန်ထရိုက်တာတို့ သဘောတူ စာချုပ်ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး၊ လူကြီးမင်း/ကန်ထရိုက်တာဘက်မှ ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ်၊ စတုတ္ထထပ်၊ စုစုပေါင်းအခန်း (၄)ခန်းအားလည်းကောင်း၊ ကျွန်ုပ်မိတ်ဆွေ မြေပိုင်ရှင်ဘက်မှ မြေညီထပ်၊ ပဉ္စမထပ်၊ စုစုပေါင်း (၂)ခန်းအားလည်းကောင်း အသီးသီးခွဲဝေယူရန်သဘောတူညီခဲ့ကြပြီး အဆောက်အဦးအား အကျိုး တူပူးပေါင်းဆောက်လုပ်ခဲ့ကြကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

လူကြီးမင်းဘက်မှ အဆောက်အဦးအား ဆောက်လုပ်နေစဉ်ကာလအတွင်း အထက်ဖော်ပြပါမြေကွက် နှင့် မြေပိုင်ရှင်အကျိုးခံစားခွင့်ရှိသော မြေရှင်အခွင့်အရေးနှင့်မြေညီထပ်၊ ပဉ္စမထပ်တို့နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူလိုကြောင်း ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဘက်မှ ရောင်းချရန် သဘောတူညီခဲ့ပြီး (၁၁-၉-၂၀၂၂) ရက်စွဲပါ "နှစ်ဦးသဘောတူမြေကွက် အရောင်းအဝယ် စရန်ပေး ကတိစာချုပ်" ဖြင့် တန်ဖိုးငွေကျပ် ၉၅၀,၀၀,၀၀၀/- (ငွေကျပ်သိန်းကိုးရာ့ငါးဆယ်တိတိ)ဖြင့် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီပြီး၊ လူကြီးမင်းမှ ရောင်းဖိုးစရန်ငွေပေးချေခဲ့ပြီးနောက် ရောင်းဖိုးကျန်ငွေများအား (၁၁-၁၂-၂၀၂၂) ရက်နေ့ နောက်ဆုံးထား၍ ပေးချေရန် ဝန်ခံကတိပြု သဘောတူညီခဲ့ကြကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

ထို့နောက် လူကြီးမင်းဘက်မှ ကျွန်ုပ်၏မိတ်ဆွေထံသို့ အထက်ဖော်ပြပါမြေကွက်နှင့် ပတ်သက်၍ ရောင်းဖိုးကျန်ငွေများအား (၁၁-၁၂-၂၀၂၂) ရက်နေ့တွင် လာရောက်ပေးချေရန် ပျက်ကွက်ခဲ့ပါသည်။ ထို့ကြောင့် လူကြီးမင်းဘက်မှ (၁၁-၉-၂၀၂၂) ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်" ပါ ပဋိညာဉ်စည်းကမ်းချက်အား ဝယ်သူဘက်မှ စတင်ပျက်ကွက်ခဲ့ပြီးဖြစ်သောကြောင့် လူကြီးမင်းဘက်မှ ပေးချေထားသော စရန်ငွေဆုံးရှုံးပြီးဖြစ်ကြောင်းနှင့် (၁၁-၉-၂၀၂၂) ရက်စွဲပါ "နှစ်ဦးသဘောတူ မြေကွက် အရောင်း အဝယ် စရန်ပေး ကတိစာချုပ်" သည် အလိုအလျောက် ပျက်ပြယ်ပြီးသော စာချုပ်ဖြစ်ကြောင်း လူကြီးမင်း ဦးသက်နိုင်ဦးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ မြေကွက်နှင့်ပတ်သက်၍ မြေရှင်အခွင့်အရေးနှင့် မြေညီထပ်၊ ပဉ္စမထပ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ထွဋ်မှ မြေပိုင်ဆိုင်မှု အခွင့်အရေးနှင့် (၅-၅-၂၀၂၁) ရက်စွဲပါ "(၁)ခန်း Hall Type (၆)ထပ်အဆောက်အဦးသစ်ဆောက်လုပ်ရန်အတွက် မြေပိုင်ရှင်နှင့် ကန်ထရိုက်တာတို့၏ နှစ်ဦးသဘောတူကတိစာချုပ်" အရ မြေပိုင်ရှင်မှ အကျိုးခံစားခွင့်ရှိသော အကျိုးခံစားခွင့် များနှင့် မြေညီထပ်၊ ပဉ္စမထပ်၊ စုစုပေါင်း (၂)ခန်းတို့အား တရားဝင်ပိုင်ဆိုင်လျက်ရှိကြောင်း လူကြီးမင်း ဦးသက် နိုင်ဦးနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လူကြီးမင်းသည် (၅-၅-၂၀၂၁) ရက်စွဲပါစာချုပ်စည်းကမ်းချက်အတိုင်း အဆောက်အဦးအား ဆောက်လုပ် ခွင့်ပြုမိန့်ကျအောင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း စာချုပ်ချုပ်ဆိုသည့် (၅-၅-၂၀၂၁) ရက်နေ့မှယနေ့ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအထိ (၃) နှစ်နီးပါးတိုင်အောင် လုပ်ငန်း၏ ပထမဦးဆုံး အဆင့်ဖြစ်သော ဆောက်လုပ်ခွင့်ပြုမိန့် ကျအောင်ပင် ဆောင်ရွက်နိုင်ခြင်းမရှိ၍ စာချုပ်ပါ စည်းကမ်းချက်များအား ပြီးစီးအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း လွှဲအပ်ညွှန်ကြားချက်အရ သိရှိရပါသည်။

သို့ပါ၍ လူကြီးမင်းသည် (၅-၅-၂၀၂၁) ရက်စွဲပါစာချုပ်စည်းကမ်းချက်အတိုင်း အဆောက်အဦးအား ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း တာဝန်ယူခဲ့သော်လည်း စာချုပ်ပါအတိုင်းပြီးစီးအောင်ဆောက်လုပ်ခဲ့ခြင်း မရှိ၍ (၅-၅-၂၀၂၁) ရက်စွဲပါ (၁)ခန်း Hall Type (၆)ထပ်အဆောက်အဦးသစ်ဆောက်လုပ်ရန်အတွက် မြေပိုင်ရှင် နှင့် ကန်ထရိုက်တာတို့၏ နှစ်ဦးသဘောတူကတိစာချုပ်" အားပျက်ပြယ်ပြီးဖြစ်ကြောင်းနှင့် အဆိုပါစာချုပ်အား ဖျက်သိမ်းပြီးဖြစ်ကြောင်း ဦးသက်နိုင်ဦး [၁၂/ဥကမ(နိုင်)၀၂၁၂၄၀] နှင့်အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုစုငြိမ်း LL.B,D.B.L, D.I.L.**
**တရားလွှတ်တော်ရှေ့နေ၊ စဉ် -၉၂၈၉**
**အမှတ် (၅၅)၊ အခန်း (၁၄/အေ)၊ ပ-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉ -၅၄၀၆၆၁၁**

---

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ မစုဝတီဦး [၇/ပခတ (နိုင်)၀၉၅၄၇၃]၏ ပတ်စ်ပို့ နံပါတ် (MH-030610)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၇၈၉၄၄၈၅၅၇**

---

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ကျွန်မ မကေရီဖူး [၁၀/ ရမန(နိုင်)၁၉၉၉၄၃]၏ ပတ်စ် ပို့နံပါတ်(MH-030609)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ ရှိပါက အကြောင်းကြားပေး ပါရန်။ **ဖုန်း-၀၉-၇၈၉၄၄၈၅၅၇**

---

## ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏မိတ်ဆွေ ဦးလင်းလင်း၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၁/ စတန(နိုင်)၀၆၈၈၇၂] ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ အများသိရှိ စေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (စ)ရပ်ကွက်၊ အမှတ်- ၃၄၄/၁၊ ဝဇီယာ(၅)လမ်းရှိ (ပေ၂၀xပေ၆၀)မြေကွက်၏ မူရင်း၊ နှစ်(၆၀)မြေဂရန် အမည်ပေါက်မှာ ခင်ပွန်းဖြစ်သူ ဦးဝင်းကြည်(ကွယ်လွန်) ဖြစ်ပြီး၊ ခင်ပွန်းဖြစ်သူ၏ အမွေဆက်ခံသူ ဒေါ်နော်ခဲရီး၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၂/ဥကမ(နိုင်) ၀၁၀၉၅၀]မှ အပေါင်အနှံ၊ အရှုပ်အရှင်းမရှိ တစ်ဦးတည်းပိုင်ဆိုင်ကြောင်း ပြောဆို ကာ ရောင်းချရန် ကမ်းလှမ်းလာ၍ နှစ်ဦးသဘောတူညီပြီး၊ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ဦးလင်းလင်းမှ ပေးချေထားပြီးဖြစ်သည့် အတွက် အဆိုပါမြေကွက်နှင့် နေအိမ်အကျိုးခံစားခွင့်အရပ်ရပ်အပေါ် ကန့်ကွက် လိုပါက ခိုင်လုံသော အထောက်အထားကို ဤကြော်ငြာစာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက် ကျော်လွန်ပါ က အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေ ရန် ကြေညာအပ်ပါသည်။

**ဦးလင်းလင်း၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြင့်ချို (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၈၇၁/၁၉-၂-၁၉၉၂)**
**အမှတ်(၇၇၃)၊ ရော(၁၇)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**
**Ph: 09-43138294, 09-420139523**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ် (၈၇၆)၊ ဧရိယာ - ၀.၀၅၅ ဧက၊ အကျယ်အဝန်း (၄၀ ပေx ၆၀ ပေ)ရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာ ယာရေးကော်မတီတွင် ဒေါ်တင်ဦး [၁၂/လမန(နိုင်)၀၅၆၉၈၂] အမည်ဖြင့် မှတ်သားတည်ရှိပြီး အဆိုပါ မြေကွက်ကြီး အနက်မှ တရားဝင် မခွဲမစိတ်ရသေးသော မြေကွက်၏ ခေါင်းရင်းခြမ်းဖြစ်ပြီး မြေကွက်အမှတ် - ၈၇၈ နှင့် ကပ်လျက် ရှိသော (၂၀ ပေx ၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အားလုံး တို့အား အမည်ပေါက်ထံမှအထူးကိုယ်စားလှယ်လွှဲစာအမှတ်-၉၆၈၀/၂၀၂၃ ရရှိပြီး ဆက်စပ်အရောင်းအဝယ်ကတိစာချုပ် ဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားကြောင်း၊ ရောင်းချပိုင်ခွင့်အပြည့်ရှိကြောင်း ဝန်ခံကတိပြုလာသူ ဦးစိုးမွန် အောင် [၁၂/ဗဟန (နိုင်)၀၉၂၉၈၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထား(မူရင်း) များဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်အား ပြီးဆုံးသည် အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်သန္တာလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**
**အမှတ်-၃၈၈၊ အေးမြသာယာလမ်း၊ ၃၂-ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၄၃၂၁၈၀၁၃၊ ၀၉-၇၈၆၁၃၇၂၈၀၊**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉၊ မြေကွက်အမှတ်-၈၂၀၊ မြေကွက်တည်နေရာ အမှတ် (၈၂၀)၊ ဝေဇယန္တာလမ်း၊ (၉) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်သိန်းဝင်း [၁၂/ဥကတ(နိုင်)၁၂၄၂၃၇]၊ ဦးစံငြိမ်း [၁၂/ဥကတ(နိုင်)၀၂၈၁၅၅] အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်အမည်ပေါက် ဒေါ်သိန်းဝင်း၊ ဦးစံငြိမ်းတို့နှစ်ဦးအနက် အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစံငြိမ်း (ခင်ပွန်း) ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဒေါ်သိန်းဝင်း [၁၂/ဥကတ(နိုင်)၁၂၄၂၃၇] မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂) စောင်၊ ဂရန်၊ နိုင်/ကတ်များ၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ (ပိုင်ဆိုင်) မြေပုံကူးလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၂၉၃၀)၊ မြေဧရိယာ(၀.၁၄၆)ဧကရှိ ဦးဝင်းနိုင်(ဘ)ဦးအုန်းရွှေ [၃/တအန(နိုင်)၀၁၂၈၀၁] အမည်ပေါက်မြေကွက်အား ဦးဝင်းနိုင်ထံမှ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဒေါ်နန်းဝင်းကြည်သိန်း(ဘ) ဦးစောဟန်သိန်း [၃/ဘအန(နိုင်) ၀၂၆၅၁၉]မှ မြေကွက်နေရာ (ယာယီ)ချထားပေးသည့် လက်မှတ်(မူရင်း)၊ ဝယ်သူတရားရုံးကျမ်းကျိန်လွှာ(မူရင်း)၊ အရောင်းအဝယ်ကတိစာချုပ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ဝန်ခံကတိပြုချက်များတင်ပြ၍ မြေပေးမိန့် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့် ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဒေါ်နန်းဝင်းကြည်သိန်း(ဘ) ဦးစောဟန်သိန်း [၃/ဘအန(နိုင်)၀၂၆၅၁၉]အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ Star City အိမ်ရာ၊ တိုက်ခန်းအမှတ်- (B-2)၊ အခန်းနံပါတ်-(611)၊ အိပ်ခန်း(၁)ခန်းပါဝင်သောတိုက်ခန်း (အကြမ်းထည်)ကို ယခုလက်ရှိ အမည်ပေါက်ပိုင်ဆိုင်သူ (၁) ဒေါ်စန္ဒာလွင် [၁၂/လမတ(နိုင်)၀၀၂၈၆၈]၊ (တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခံရသူ ဒေါ်သီတာလွင် [၈/ပခက(နိုင်)၀၀၀၁၇၈] G.P အမှတ် DOC. 0281C မှလက်မှတ်ရေးထိုးမည်။) (၂) ဦးဟန်သော်ဇေ [၁၂/ကမရ(နိုင်)၀၀၁၁၅၄]တို့ထံမှ ကျွန်တော် ဦးလှကြည် [၁၂/မဂတ(နိုင်)၀၅၄၀၈၇]မှ ဝယ်ယူမည်ဖြစ်ပါ၍ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ထို့ကြောင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများဖြင့် အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ဦးလှကြည်**
**[၁၂/မဂတ(နိုင်)၀၅၄၀၈၇]**
**ဖုန်း-၀၉-၅၁၃၂၆၈၈**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၈)ရပ်ကွက်၊ ထီးလှိုင်ရှင်အိမ်ရာ၊ ရာဇကုမာရ်လမ်း၊ တိုက်(၁၅)၊ အခန်း(၂၀၃)၊ ဒုတိယထပ်ဟုခေါ်တွင်သော (၈၀၀)စတုရန်းပေ အကျယ်အဝန်းရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သော ဒေါ်ဝင်းဝင်းမာ အမည်ပေါက် တိုက်ခန်းပိုင်ဆိုင်မှုစာအုပ်မူရင်းနှင့် ဆက်စပ် အရောင်းအဝယ်စာချုပ် မူရင်းတစ်စုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဦးကျော်မျိုးခိုင်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် [၁၂/လသယ(နိုင်)၀၄၇၅၁၁]ကိုင်ဆောင်သူမှ ၎င်းလက်ရှိ ပိုင်ဆိုင်ကြောင်း ဝန်ခံလျက် ရောင်းချလိုကြောင်း ကမ်းလှမ်းလာသည်ကို ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ရွှေစင်ဝင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်- [၇/ပခတ(နိုင်)၀၈၄၇၇၀] ကိုင်ဆောင်သူက ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ ဤတိုက်ခန်း အရောင်းအဝယ်နှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများသည် ကန့်ကွက်လိုပါက ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်ရွှေစင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကြည်လွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၀၈၂)**
**တိုက်(၂၈)၊ အခန်း(၁၀၃)၊ ကျန်စစ်မင်းအိမ်ရာ၊ အမှတ်(၈)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၅၀၀၉၇၁၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၂၀)၊ မြေကွက်အမှတ်(၅၀၁)ဟု ခေါ်တွင်သော(၁၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ဦးသန်းထွန်းစိန်(ဘ)ဦးအုန်းဖေ [၁၂/စခန(နိုင်)၀၂၁၅၅၅] အမည်ပေါက် (၄၀ပေx၆၀ပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ စတုရန်းပေ(၂၄၀၀) ကျယ်ဝန်းသည့် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော အိမ်အမှတ်(၅၀၀)နှင့်ကပ်လျက် (၂၀ပေx၆၀ပေ)ကျယ်ဝန်းသည့် ဂရန်မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်ဦး(ဘ) ဦးစိုးတင့်[၁၄/ပသန(နိုင်) ၁၄၈၆၉၉] မှ ရောင်းချမည်ဖြစ်ကြောင်း ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ဆိုင်ရေးပိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဤ အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ယမုံဇော်(LL.B(Q),HGP)** — **ဒေါ်အေးခန့်ခန့်လှိုင်(LL.B,HGP)**
**အထက်တန်းရှေ့နေ(စဉ်-၄၇၄၅၉)** — **အထက်တန်းရှေ့နေ(စဉ်-၅၅၄၂၄)**
**အမှတ်(၇၂၇)၊ ပြည်ထောင်စုလမ်း၊ (၃၇)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၈၅၀၃၂၃၁၅**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့် - ၅ ၊ နည်းဥပဒေ - ၂၀ )**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်**
**၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆**

ဦးစိုးထွဋ်အေး (တရားလို) နှင့် ဒေါ်သန်းသန်း (တရားပြိုင်)

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၄)ရပ်ကွက်၊ သခင်ဖိုးလှကြီးလမ်း၊ အမှတ်- ၃၃၆ နေ ဒေါ်သန်းသန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်ပါအတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆို ပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆုတ်၊ ၁၂ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မေသော်သော်ဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု၊ ဗိုလ်ချုပ်ရွာသစ်၊ ကွင်းအမှတ် (၆၇၂/ အေ)၊ ကွင်းအမည် - ကျောင်းကုန်း ဦးပိုင်အမှတ် (N/32)၊ ဧရိယာ (၀.၉၈)နှင့် ဦးပိုင်အမှတ် (၇/၂/၁)၊ ဧရိယာ (၀.၀၈၁) စုစုပေါင်း ဧရိယာ (၁.၀၆)ဧကရှိ မြေကွက်အနက်မှ ပြန်လည်ခွဲစိတ်ထားသည့် မြေကွက်ငယ်များအတွင်းမှ မြေကွက်အမှတ် (၈)၊ ဟုခေါ်တွင်သော မြေကွက်နှင့် မြေပေါ်၊ မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဦးအန်ဂဲဆာမိ [၁၂/သလန(ပြု)၀၀၄၀၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်ခင်လှ [၁၂/တမန(နိုင်)၁၃၅၀၅၀]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လို သူများရှိပါက ခိုင်လုံသည့် ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ အထောက်အထား မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း (LL.B , D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ် -၁၁၆၅၁)**
**အမှတ် (၁၁၇)၊ (၄/အေ)အောင်မင်္ဂလာပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း-၀၉-၄၂၀၀၃၁၃၅၂**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးခရိုင်၊ တွံတေးမြို့နယ်၊ မင်းပိုင်းရပ်ကွက်၊ ရွှေဆံတော်ဘုရားလမ်း၊ အမှတ်-၈၁ နေ ဒေါ်ခင်မြ [၁၂/တတန(နိုင်)၀၁၆၄၂၅] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဒေါ်ခင်မြ၏ မွေးစားသမီးတစ်ဦးဖြစ်သော မခင်စန်းသီ (ခ) မစန်း [၁၂/တတန(နိုင်)၀၅၉၉၇၆] ကိုင်ဆောင်သူသည် မိခင် ဒေါ်ခင်မြအား ကျွေးမွေးပြုစုစောင့်ရှောက်ခြင်းမရှိသည့်အပြင် မိခင်ပိုင်ဆိုင်သည့်ပစ္စည်းများအား အမွေပစ္စည်းအဖြစ် သတ်မှတ်ကာ မတရားရယူလိုဇောဖြင့် မိခင်အား သိက္ခာကျ အရှက်တကွဲအကျိုးနည်းဖြစ်စေရန် အမျိုးမျိုးစီမံဆောင်ရွက်မှုများပြုလုပ်သောကြောင့် မိခင်ဒေါ်ခင်မြအနေဖြင့် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲခြင်းများစွာ ခံစားရသည့်အတွက် မခင်စန်းသီ(ခ)မစန်းအား သမီးဆိုးအဖြစ် သတ်မှတ်လိုက်ပြီ ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့အချိန်မှစ၍ မခင်စန်းသီ (ခ) မစန်းသည် ဦးဝင်းကျော် (ကွယ်လွန်) + ဒေါ်ခင်မြတို့၏ အမွေအား ဆက်ခံခွင့်မရှိတော့ကြောင်းနှင့် ၎င်းသည် အမွေစားအမွေခံသမီးတစ်ဦး မဟုတ်တော့ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးချမ်းမြေ့စန်းသွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၆၉၈)**
**ကျွန်းတော(၃)လမ်း၊ ကျွန်းတောရပ်ကွက်၊ တွံတေးမြို့နယ်။**
**ဖုန်း-၀၉-၆၉၀၇၇၅၇၉၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၉၉/က(ဘော့ကန်)၊ မြေကွက်အမှတ် ၅၃/၁၊ ဧရိယာ(၀.၃၂၇)ဧက၊ မြေကွက်တည်နေရာအမှတ်(၁)၊ အောင်ဘောဂလမ်းနှင့် အောက်မင်္ဂလာဒုံလမ်းမကြီးထောင့်၊ ဖော့ကန်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဦးတင်ဝင်း(DNU-၀၀၈၁၆၈)အမည်ပေါက်မြေပိုင်မြေ၊ လ/န-၃(ခ)ရပြီးမြေအား အမည်ပေါက် ဦးတင်ဝင်းထံမှ အရောင်းအဝယ်စာချုပ်အမှတ်-၂၁၅၃/၂၀၂၂(၂၂-၃-၂၀၂၂)အရ ဧရိယာ(၀.၃၂၇)ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့်အစိတ်အပိုင်း(အလျား x အနံ) (၈၈'/၆၁'x ၉၅'/၉၂')ခန့်နှင့် အရောင်းအဝယ်စာချုပ်အမှတ်- ၄၂၂၇ /၂၀၂၂ (၂၇-၅-၂၀၂၂)အရ ဧရိယာ(၀.၃၂၇)ဧကအနက်မှ တရားဝင်မခွဲစိတ်ရသေးသည့်အစိတ်အပိုင်း (အလျား x အနံ)(၄၂' x ၆၂')ခန့်အား ဝယ်ယူပိုင်ဆိုင်သူ ဒေါ်တင်မျိုးသန်း[၁၂/လမတ(နိုင်)၀၀၄၈၁၉]မှ ဖော်ပြပါအရောင်းအဝယ်စာချုပ်များ၊ ဝင်ငွေခွန်ပေးဆောင်ပြီး ပြေစာ၊ အမည်ပေါက်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြပြီး တစ်ဖတ်သတ်မြေကွက်ခွဲရန် မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖိတ်ကြားခြင်း

အမှတ် (၁၀၁) ခြေမြန်တပ်ရင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အရာရှိ/စစ်သည်ဟောင်းများ တွေ့ဆုံပွဲကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက် (စနေနေ့) နံနက် ၁၀:၀၀ နာရီ၌ အမှတ် (၁၀၁) ခြေမြန်တပ်ရင်း၊ အရာရှိရိပ်သာတွင် ကျင်းပမည်ဖြစ်ပါသဖြင့် အရာရှိ/စစ်သည်ဟောင်းများအားလုံး ပါဝင်တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

တွေ့ဆုံပွဲနှင့် ပတ်သက်၍ ဗိုလ်မှူးငွေအောင် (ငြိမ်း) ဖုန်း- ၀၉၅၀၀၁၇၇၈၊ ဗိုလ်မှူးကြီးထွန်းထွန်း (ငြိမ်း) ဖုန်း-၀၉-၆၉၁၁၁၇၇၇၇ နှင့် ဒုတိယဗိုလ်မှူးကြီး စိန်မော် (ငြိမ်း) ဖုန်း-၀၉၇၉၅၁၃၉၅၈၅ ဖုန်းနံပါတ်များ သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**တွေ့ဆုံပွဲဖြစ်မြောက်ရေးအဖွဲ့**

## အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်း-အမှတ်(၃)၊ အခြေခံပညာအလယ်တန်းကျောင်း- Grade-(10)(Bio)တွင် ပညာသင်ကြားနေသော မောင်ဝင်းနိုင်ထွန်း၏ အမည်မှန်မှာ မောင်ရဲလင်းနိုင် ဖြစ်ပြီး မေမြတ်နိုင်ထွန်း၏ အမည်မှန်မှာ မမေမြတ်နိုင် ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်း ဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)-အမှတ်(၃)အခြေခံ ပညာအလယ်တန်းကျောင်း Grade(10)(Bio)တွင် ပညာသင်ကြားနေသည့် မောင်ရဲလင်းနိုင်နှင့်မမေမြတ်နိုင်တို့၏ဖခင်အမည်မှန်မှာ ဦးစိုးနိုင်ထူး မှတ်ပုံတင်အမှတ်-[၁၄/လပတ(နိုင်)၁၀၈၂၃၈]ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်မျိုးနိုင် [၉/တသန(နိုင်)၂၂၅၅၄၆] နိုင်ငံကူးလက်မှတ်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09-672520561**

ရွှေပြည်သာမြို့နယ်
VIP မြေကွက်များ
ဝယ်လိုသည်
09-5139064

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၉/ဒက္ခိဏသီရိတောင်ရပ်)ပေ(၈၀x၈၀)၊ မြေကွက်အမှတ် (ဒ-၃၂၁၄၆)ရှိ ဦးစိုးမြင့်(ဘ)ဦးသန်းမြင့် [၉/တတန(နိုင်)၀၀၄၁၁၅]အမည်ပေါက်မြေကွက်အား ဦးစိုးမြင့်ထံမှ နေပြည်တော်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲအပ်စာ အမှတ်(၄၂၈/၂၀၁၀)၊ (၂၄-၁၂-၂၀၁၀) ရရှိထားသူ ဦးမောင်မောင်မြင့်(ခ)ဦးငွေးမြင့်(ဘ) ဦးမြင့်သိန်း [၇/ပခန (နိုင်)၁၆၈၉၀၉]မှ မြေကွက်နေရာ (ယာယီ)ချထားပေးသည့်လက်မှတ် (မူရင်း)တင်ပြ၍ **မြေပေးမိန့်** လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိ သည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆိုပါမြေပေးမိန့်ကို ဦးမောင်မောင်မြင့်(ခ) ဦးငွေးမြင့်(ဘ)ဦးမြင့်သိန်း [၇/ပခန(နိုင်)၁၆၈၉၀၉]အား ထုတ်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## မတည်ငွေရင်းလျှော့ချကြောင်း ကြေညာခြင်း

ကျွန်တော်တို့ ခနဂုဏ်ရှိန် ကုမ္ပဏီလီမိတက်၏ အစုရှယ်ယာ တန်ဖိုးအား အမေရိကန်ဒေါ်လာ (၂,၀၀၀,၀၀၀) မှ အမေရိကန်ဒေါ်လာ (၂၀,၀၀၀) သို့ ပြင်ဆင်လျှော့ချလိုက်ပါကြောင်း ကြေညာအပ်ပါသည်။

ခနဂုဏ်ရှိန်ကုမ္ပဏီလီမိတက်

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ ဓမ္မသုခကျောင်းလမ်း၊ မြေကွက်အမှတ်(၆/ယ-၂)ဟုခေါ်တွင်သောနှစ်(၆၀)ဂရန် မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် " Royal Thukha Condo " ၏ တိုက်ခန်းအလွှာ (level - 11)၊ တိုက်ခန်းအမှတ်(၁၁၂)၊ အကျယ်အဝန်း (979)Sqft ရှိ တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ဆက်စပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဒေါ်သန်းသန်းနွယ် [၁၁/ကတန(နိုင်)၁၃၉၈၈၆] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးရဲအောင် [၁၂/မဂတ(နိုင်)၀၉၈၇၆၇] နှင့် ဒေါ်သဲဆုမွန် [၉/ပဥလ( နိုင် )၀၄၈၆၅၆]တို့သည် အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၂၂-၁-၂၀၂၄) ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်မျိုးချစ် (LL.B)** — **ဒေါ်သက်ဝေအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၇၄)** — **အထက်တန်းရှေ့နေ (စဉ်-၅၀၀၁၆)**
**တိုက်(B-8)၊ အခန်း (၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph; 09-778849700, 09-773562082**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ဂျီ၊ မြေကွက်အမှတ်-၇၀/ည၊ ဧရိယာ-၀.၂၃ဧက၊ မြေကွက်တည်နေရာအမှတ်-၇၀/ည၊ ငွေဝတ်မှုံလမ်း၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်အောင်ခင်(အငြိမ်းစား)၊ ဒေါ်ခင်နုအမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ဖခင်ဦးအောင်ခင်သည်(၁၂-၁၀-၂၀၁၇)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဒေါ်ခင်နုသည် (၁၆-၉-၂၀၂၂)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်ခဲ့ရာ ၎င်းတို့၏သား/သမီးများ ဖြစ်ကြသော ဒေါ်သင်းသင်းနု[၁၂/ဒဂန(နိုင်) ၀၁၇၆၆၃]၊ ဦးမျိုးမြင့်အောင် [၁၂/ဒဂန (နိုင်) ၀၀၃၃၂၇]၊ ဒေါ်လဲ့လဲ့အောင်[၁၂/ဗဟန(နိုင်)၀၅၅၇၄၂]၊ ဦးအောင်သန်းငွေ[၉/မရမ(နိုင်)၀၅၈၇၄၂]၊ ဦးအောင်ကျော်စိုး[၁၂/မဘန(နိုင်)၀၃၅၈၉၇]၊ ဦးနေမျိုး [၁၂/ဗဟန(နိုင်)၀၅၄၃၉၄]တို့မှ မိဘတို့ကွယ်လွန်ချိန်တွင် သားသမီး (၆)ဦးသာရှိပါကြောင်း၊ အခြားအမွေစား၊ အမွေခံတစ်ဦးတစ်ယောက်မျှကျန်ရှိခြင်းမရှိကြောင်း၊ အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိပါကြောင်း ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ကျမ်းကျိန်လွှာအမှတ် ၁၉၃၆/၂၀၂၃ (၉-၁၀-၂၀၂၃)၊ ထပ်ဆင့်ကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀) ဂရန်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၅ဒီ၊ မြေကွက်အမှတ်-၄၇-၃၉/၅ဘီ၁၊ ဧရိယာ-၀.၁၄၅ဧက၊ မြေကွက်တည်နေရာအမှတ်-၄၀၊ ပြည်ထောင်စုလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဒေါ်နီနီ [၁၂/ဗဟန(နိုင်) ၀၅၂၀၆၆]၊ အမည်ပေါက်မြေပိုင်မြေအား အမည်ပေါက်(မိခင်) ဒေါ်နီနီသည် (၃-၄-၂၀၂၃) ရက်နေ့နှင့် (ဖခင်)ဦးချစ်လှိုင်သည် (၂၉-၁၀-၂၀၁၃)ရက်နေ့တို့တွင် အသီးသီးကွယ်လွန်ခဲ့ပါသဖြင့် သားသမီးများ ဖြစ်သော ဦးဝင်းလှိုင်[၁၂/ဗဟန(နိုင်) ၀၇၄၇၈၃]၊ ဒေါ်ခင်နှင်းလှိုင် [၁၂/ဗဟန (နိုင်) ၀၅၂၀၆၈]၊ ဒေါ်ခင်အေးလှိုင် [၁၂/ဗဟန (နိုင်) ၀၅၂၁၀၅]၊ ဒေါ်ခင်မြတ်လှိုင် [၁၂/ဗဟန (နိုင်) ၀၅၂၄၃၀]တို့မှ သားသမီးများအဖြစ် ၎င်းတို့မောင်နှမ (၄)ဦးသာရှိပြီး အခြားသောသားသမီးများ (သို့မဟုတ်) ကိတ္တိမသားသမီးများ လုံးဝကျန်ရှိခဲ့ခြင်းမရှိကြောင်း၊ ၎င်းတို့မှ တစ်ပါး အခြားအမွေစား၊ အမွေခံကျန်ရှိခဲ့ခြင်းမရှိပါကြောင်း၊ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်အညီ ၎င်းတို့မှအမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ကျောက်တံတားခရိုင် တရားရုံးမှတ်ပုံတင်အမှတ်-၃၂၄၉/၂၀၂၃(၁၂- ၁၂-၂၀၂၃)ရက်နေ့ ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဒေါ်နီနီနှင့်ဦးချစ်လှိုင်တို့၏ သေဆုံးမှုလက်မှတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း၊ အမည်ပေါက်ပိုင်ဆိုင်ကြောင်းစာချုပ် စာချုပ်အမှတ်-၁၆၇၅/၂၀၁၆ (၂၉-၃-၂၀၁၆)နှင့် အမှားပြင်စာချုပ် စာချုပ်အမှတ်-၆၇၆၉/၂၀၁၆(၂၀-၁၂-၂၀၁၆)၊ ၂၀၁၆-၂၀၁၇-ခုနှစ်သုံး ခွဲစိတ်တိုင်းတာသည့် မြေပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်မြေပုံကူး လျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဦးတင်အောင်

**အ.ထ.ပြ(ငြိမ်း) တောင်ကုတ်**

**အသက်(၈၀)နှစ်**

ရန်ကုန်မြို့နေ (ဒေါ်ခင်သန်း)၏ ခင်ပွန်း၊ ဦးကျော်ဇေယျ-ဒေါ်ခင်သီတာအောင်၊ ဦးခိုင်ဇော်-ဒေါ်ခင်ဥမ္မာအောင်တို့၏ ဖခင်၊ မောင်လှိုင်မင်းကျော်၏ အဘိုးသည် ၂၃-၁-၂၀၂၄ (အင်္ဂါနေ့)တွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ (၁၀)ရပ်ကွက်၊ ရေစကြိုလမ်း၊ အမှတ် (၃၀၄/ခ)၊ မြေအကျယ် (၂၀x၆၀)ပေ အကျယ်အဝန်းရှိ အိမ်ခြံမြေနှင့် ပျဉ်ထောင် (၁)ထပ် အိမ်ခြံမြေ၊ ရေ၊ မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆင့်ဆင့်စာချုပ်များဖြင့် တရားဝင်လက်ရှိထား ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးဇော်ဇော်ဝင်း (ဘ) ဦးသိန်းထွန်းအောင် [၁၁/ကတန(နိုင်)၀၈၈၈၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစောထွန်း (ဘ) ဦးထွန်းအောင်ဇံ [၁၂/အလန(နိုင်)၀၀၃၇၈၇]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်လီလီနော်ရစ် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၈၆၆၇)**
**အမှတ်(၁၇၁)၊ နေကြာလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈)၊ မြေကွက်အမှတ်- ၆၆၀ (က+ခ) ဟုခေါ်တွင်သော အမှတ် (၈)ရပ်ကွက်၊ ရွှေအုတ်ဂူ (၆)လမ်း၊ အိမ်အမှတ်-၆၆၀ (က+ခ) ဂရန်မြေအမျိုးအစားမြေ ပေါ်၌ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၃)ထပ်ခွဲ ကန်ထရိုက်တိုက်အဆောက်အဦ၏ ဒုတိယထပ် (ခြေရင်းခြမ်း)၊ ဧရိယာ (အလျား ၁၈ပေx အနံ ၅၅ပေ) အကျယ်ရှိ တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလအမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်များဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လွင်လွင်မော် [၁၂/သကတ(နိုင်) ၁၆၅၉၉၀] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကေသွယ်ခိုင် [၁၂/မရက(နိုင်)၁၇၀၃၇၅]က အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စကို မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဝင်းထွဋ် အထက်တန်းရှေ့နေ (စဉ်-၂၄၉၀၈ )**
**အမှတ် (၁၁)၊ ကြေးပန်းတိမ်တန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၉-၄၃၂၀၁၀၅၈**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းကျေးရွာအုပ်စု၊ ဘုရားကုန်းအဆင့်- ၁၊ မြေကွက်အမှတ် (၁၂၄၂) ဟုခေါ်တွင်သည့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒေါ်ခင်စန်းထွေး အမည်ဖြင့် ချထားပေးသည့် (အလျား ၄၀ပေx အနံ ၆၀ ပေ) အကျယ်ရှိ (ပါမစ်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးဝင်းအေးဌေး (ဘ) ဦးသန်းဝင်း [၁၂/မဂတ(နိုင်)၀၄၂၀၂၆] ကိုင်ဆောင်သူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဦးတင်လေးထွန်း (ဘ) ဦးတင်ညွန့် [၆/ထဝန(နိုင်)၀၉၀၇၉၇]မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်မာသည့် တရားဝင်စာချုပ်စာတမ်းအထောက်အထား၊ စာရွက်စာတမ်း(မူရင်း) အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အထက်ပါမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စမ်းစိမ့်စိမ်အေး (LL.B)** | **ဒေါ်ခိုင်သူဇာဝင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၈၉၄၉/၂၀၁၃)** | **(စဉ်-၉၇၃၄/၂၀၁၄)** |
| **ဖုန်း-၀၉ - ၄၂၁၀၅၃၁၁၀** | **ဖုန်း-၀၉ - ၄၂၁၀၅၃၁၀၁** |

**(ရုံးခန်း) သန်လျင်ခရိုင် တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ရန်ကုန်- သန်လျင်တံတားအနီး၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း အတွင်းရှိ (City Loft)၊ တိုက်အမှတ် (CL-5) (B4)၊ အခန်းအမှတ် (၅၀၄)၊ Type(1-Bedroom)၊ (၅လွှာ)၊ အကျယ်အဝန်း (၄၈၄)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ကော့မိခေ(ခ)ခင်ချိုသန်း [၁၂/ကတတ(နိုင်)၀၀၈၃၁၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးထွန်းဇော်အောင် [၁၂/ဒဂတ(နိုင်)၀၃၅၆၀၅]+ ဒေါ်ဖြူသက်ဝေ[၁၂/ကမရ(နိုင်)၀၅၆၀၈၅]တို့မှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးထွန်းဇော်အောင်+ ဒေါ်ဖြူသက်ဝေတို့၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်မြင့်ဌေး LL.B.,LL.M.,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၀၄၇၉)**
**အမှတ် (၁၃၈) (မြေညီ)၊ လမ်း(၄၀)၊ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၉၆၃၄၆၃၆၊ ၀၉-၄၃၀၆၃၅၅၆**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၂/မြောက်၊ မြေကွက်အမှတ် ၁၉/ခ၊ ဧရိယာ (၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ် (၁၉-ခ)၊ ဇင်္ဂမလမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဦးဟန်လင်း [၁၂/ဥကတ(နိုင်)၀၂၁၄၇၁] အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးဟန်လင်း [၁၂/ဥကတ(နိုင်)၀၂၁၄၇၁] (ခင်ပွန်း) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်ရင်မြ [၁၂/ဥကတ(နိုင်)၀၂၃၂၀၅]မှ ကွယ်လွန်သူ ဦးဟန်လင်း၏ တစ်ဦးတည်းသော တရားဝင်ဇနီးဖြစ်ကြောင်း၊ အခြားသောဇနီး တစ်ဦးတစ်ယောက်မျှ မရှိကြောင်း၊ အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တစ်ဦးတည်းသောဇနီးဖြစ်သူ မိမိမှသာလျှင် ပိုင်ဆိုင်ပြီး မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာ ဥပဒေတို့အရ အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မှ မရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ လက်ထပ်မင်္ဂလာကျမ်းကျိန်လွှာ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးဟန်လင်း (ခင်ပွန်း)၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်းတို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**သွေးသည် အသက်**

## ဒေါ်ခင်ခင်ကြီး (ကြို့ပင်ကောက်)

**အသက် (၁၀၀)နှစ်**

ကြို့ပင်ကောက်မြို့နေ (ဦးထွန်းလင်း-ဒေါ်တင့်)တို့၏ သမီး၊ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နေ (ဦးငွေကြီး-ဒေါ်သင်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ (၉၃/အေ)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်နေ [ဦးအောင်ညွှန့် (ဒု-ညွှန်ကြားရေးမှူး၊ ဘ.ခ.ရ)]၏ ဇနီး၊ (ဦးဇော်ညွှန့်-ဒေါ်ထူး)၊ (ဒေါ်ကြည်)တို့၏ ညီမ၊ ဦးညွှန့်ရွှေ-(ဒေါ်ရီရီ)၊ (ဒေါက်တာဦးညွှန့်ခင်-ဒေါ်ခင်ခင်ဆွေ)တို့၏ အစ်မ၊ ဦးကျော်သန်းဝင်း-ဒေါ်စုစုအောင်၊ ဦးကျော်ဇင်အောင်-ဒေါ်ခိုင်ခိုင်မြင့်တို့၏ မွေးသမိခင်၊ ထက်ထက်ဝင်း၊ ဟိန်းထွဋ်ဝင်း၊ စုစန္ဒာဝင်း၊ ထက်သူရအောင်တို့၏အဘွား ဒေါ်ခင်ခင်ကြီး အသက် (၁၀၀) နှစ်သည် ရန်ကုန်မြို့၊ ကန်သာယာဆေးရုံ၌ ၂၃-၁-၂၀၂၄ (အင်္ဂါနေ့) နံနက် ၁၀:၃၉ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၅-၁-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် ရေဝေးသုသာန် ခန်းမဆောင် (၁)မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးအားလုံးအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၂၄ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအတွင်း (၉၃/အေ)၊ သံလွင်လမ်းနေအိမ် တွင် ရက်လည်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၁)၊ မြေကွက်အမှတ် (၆၄၇)၊ ဧရိယာ (၀.၀၅၅)ဧကရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၂၁- ရပ်ကွက်၊ ခေမာလမ်း၊ အမှတ် (၆၄၇)ဟုခေါ်တွင်သည့် မြေကွက်အရောင်းဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ မြေကွက်၏ အမည်ပေါက်ပိုင်ရှင် **ဒေါ်အေးမန် [၁၃/ကခန(နိုင်) ၀၆၀၃၈၂]**ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ **ဦးဆက်မော်ထွေး [၁၂/ဒဂမ(နိုင်)၀၀၈၆၇၈]**ထံက ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်- ၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-501 7044**

### ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် (၈) ရပ်ကွက်၊ ကုန်သည်လမ်းမကြီး (၄၃- လမ်းနှင့် ၄၄- လမ်းကြား)၊ အမှတ် ( ၄၄၀/၄၄၂)၊ Lucky Myanmar Condo ၊ ၇-လွှာ၊ မျက်နှာမူလျက် (ညာထောင့်ခန်း)ဟုခေါ်တွင်သည့် ကွန်ဒို တိုက်ခန်းအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်

အဆိုပါ တိုက်ခန်းကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးမောင်သိန်း [၁၂/မဂတ (နိုင်) ၀၄၃၃၉၆]**နှင့် ဇနီးဖြစ်သူ **ဒေါ်ကလာဝသီ [ ၁၀/မလမ (နိုင်) ၁၅၁၉၂၆]**တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးဖြစ်သူ ဒေါ်စန္ဒာမိုး [၁၁/မတန (ပြု)၀၀၂၃၈၄]က ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅)**
**LL.B, DBL, DML, DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း(LL.B) (စဉ်- ၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁- လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766, HP: 09-501 7044**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းခရိုင်၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၃) ရပ်ကွက်၊ သုမနလမ်း၊ အမှတ် (၄၆၆/က+ခ)၊ (၂)ခန်းတွဲ RC (၈)ထပ်ခွဲတိုက် အဆောက်အဦရှိ ထပ်ခိုးပါ(မြေညီထပ်)၊ ညာဘက်အခြမ်း၊ ဧရိယာ (၆၆၅+၁၀၁၇) စတုရန်းပေရှိ Mini Condo တိုက်ခန်းနှင့်တကွ ကိုယ်ပိုင်ရေစက်၊ ကိုယ်ပိုင်မီတာ အပါအဝင် ယင်းတိုက်ခန်းတွင် စွဲကပ်တပ်ဆင်ထားသော အခန်းခင်းကျင်းဖွဲ့စည်းမှု မျက်မြင်အနေအထားအတိုင်းအပါအဝင် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးကို လက်ရှိထားပိုင်ဆိုင်ပြီး၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မေသက်ထဏ် [၁၂/မဂတ(နိုင်)၁၀၅၁၅၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် ဝယ်ယူရန်အတွက် သဘောတူညီပြီး၊ (၂၂-၁-၂၀၂၄)ရက်စွဲပါ "နှစ်ဦးသဘောတူ မီနီကွန်ဒိုတိုက်ခန်းအရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်"ကို ချုပ်ဆို၍ အရောင်းအဝယ်ပြုလုပ်သော တိုက်ခန်းတန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မီနီကွန်ဒိုတိုက်ခန်း ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန် အကြောင်းတစ်စုံတစ်ရာရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း/စာရွက်စာတမ်း၊ အထောက်အထား(မူရင်း) များအားယူဆောင်ကာ ယနေ့မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက မီနီကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးသီတာမော် (LL.B,D.B.L) (တရားလွှတ်တော်ရှေ့နေ) (စဉ် - ၈၄၂၉/၂၀၁၂)**
**အမှတ်(၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့်မလွှကုန်းလမ်းထောင့်၊**
**ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း - ၀၉-၅၀၄၈၂၂၁**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်တင်ကြည်

**(မြို့ရွာနှင့်အိုးအိမ်ဦးစီးဌာန-ငြိမ်း)**

**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ(၁)၊ တိုက်အမှတ်(၁၆)၊ အခန်း(၁၄)နေ (ဦးရှောင်လွင်-ဒေါ်သန်းရင်)တို့၏ သမီး၊ (ဦးအောင်ကြည်)-ဒေါ်ခင်ဌေး၊ (ဦးစိန်လင်း)-ဒေါ်ချိုချိုတို့၏ ညီမ၊ ဒေါ်သန်းသန်းအေး (G Bank - ရုံးချုပ်)၊ ဦးခင်မောင်တင့်-ဒေါ်စိန်စိန် (ရိုးမဘဏ်လီမိတက်-ရုံးချုပ်)၊ ဦးဌေးအောင်-ဒေါ်ဝါဝါမော်၊ ဒေါ်တင်တင်အေး၊ ဒေါ်ခင်ခင်အေး (ရိုးမဘဏ်လီမိတက်၊ လမ်းမတော်ဘဏ်ခွဲ) ဦးထွန်းအောင်-ဒေါ်မေသူလှိုင်၊ ဦးဝင်းထွန်း-ဒေါ်ရင်ရင်မျိုး၊ ဦးအောင်မျိုးမင်း-ဒေါ်မြင့်မြင့်ဝင်းတို့၏အဒေါ်၊ မြေး ခုနစ်ယောက်တို့၏ အဘွားဖြစ်သူ ဒေါ်တင်ကြည်သည် ၂၃-၁-၂၀၂၄ (အင်္ဂါနေ့) မွန်းလွဲ ၁၂:၁၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၂၄ (တနင်္လာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာနန္ဒာစိုး**

**အသက်(၄၅)နှစ်**

ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ကုပညာဌာနမှ ပါမောက္ခ/ဌာနမှူး ပါမောက္ခ ဒေါက်တာမျိုးသန်း၏ ဇနီးဖြစ်သူ ဒေါက်တာနန္ဒာစိုးသည် ၁၉-၁-၂၀၂၄ ရက် (သောကြာနေ့) နံနက် ၈ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်**
**ဆေးတက္ကသိုလ်(၂)ရန်ကုန်**
**ဆေးဝါးတက္ကသိုလ်၊ ရန်ကုန်(ပုံးတွဲတာဝန်)**
**ဒုတိယပါမောက္ခချုပ်၊ ဆရာ/ဆရာမများနှင့်ဝန်ထမ်းများ**
**ဆေးတက္ကသိုလ်(၂) ရန်ကုန်**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်း၊ တိုက်အမှတ်(၅၁)၊ B-1 အခန်းအမှတ်(၂၃)၊ အကျယ်အဝန်း(အလျား ၁၂ပေခွဲ x အနံ ၅၅ပေ) အကျယ်ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့် ဆက်စပ်တိုက်ဆိုင်သည့် ရေလျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူများဖြစ်ကြသည့် ဦးဆန်းဦး [၁၂/မဂတ(နိုင်) ၀၃၇၃၃၄]နှင့် ဒေါ်ဥမ္မာဆွေ [၁၂/လမန(နိုင်)၀၇၀၁၂၀] ကိုင်ဆောင်သူတို့က လက်ရှိထားစီမံခန့်ခွဲ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အိကေဇင်** | **ဒေါ်အိအိမွန်** | **ဒေါ်မေသူထွန်း** |
| **LL.B,D.B.L,D.I.L,D.I.P.L** | **LL.B,D.B.L,D.I.P.L** | **LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၇၇၂၃)** | **(စဉ်-၅၀၂၈၆)** | **(စဉ်-၅၀၂၄၇)** |

**အမှတ်(၇၀)၊ (၅လွှာ/ဘီ)၊ လှည်းတန်းလမ်းမ၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၁၀၃၁၉၄၂၊ ၀၉-၄၂၈၅၉၆၁၅၄**

### အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု- အုတ်ဖိုစု၊ ကွင်း/အကွက်အမှတ်နှင့်အမည်- (၂၆) ကျိုက်ဖောခိတောင်ကွက်၊ ဦးပိုင်အမှတ်- ၉/က၊ အကျယ်အဝန်း ဧရိယာ (၀.၂၇၄ )အနက်မှ ဧရိယာ( ၀.၁၄၉ )ဧကရှိ ၃ (ခ) မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက် ဦးဘသိန်းထံမှ (၃-၃-၁၉၆၇)ရက်နေ့တွင် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်- ၆ ဖြင့် ဒေါ်ကျင်ညွှန့်၊ ဦးကျော်ညွှန့်တို့က ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့ထံမှ ၁၉၈၀ ခုနှစ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်- ၁၅၊ ( ၂၈-၁၀-၁၉၈၀ )ရက်နေ့တွင် ဦးမြအေး၊ ဒေါ်ကျင်ဌေးတို့က ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ဦးမြအေး၊ ဒေါ်ကျင်ဌေးတို့ထံမှ ၁၉၈၃-ခုနှစ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်- (၇) ဖြင့် ဦးမြင့်သိန်းမှ (၂၉-၇-၁၉၈၃)ရက်နေ့တွင် ဝယ်ယူပိုင်ဆိုင်ခဲ့သော မြေကွက်ဖြစ်ပါသည်။ မိဘများကွယ်လွန်ပြီးနောက် သားသမီးများဖြစ်ကြသော **ဦးထိန်ဝင်း [၁၂/သလန(နိုင်)၀၁၃၈၉၈]၊ ဒေါ်ရီရီမြင့် [၁၂/သလန(နိုင်)၀၂၂၃၃၅]၊ ဒေါ်သေလာထေရီ(ခ)ဒေါ်သီတာမြင့် [၇/ပမန(သီ)၀၂၅၄၅] နှင့် ဦးမျိုးကျော် [၁၂/သလန(နိုင်)၀၁၁၇၈၃]**တို့က အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပါသည်။

အထက်ပါမြေနှင့်နေအိမ်အား ကျွန်ုပ်၏မိတ်ဆွေများမှ အရှုပ်အရှင်းကင်းရှင်းပြီး တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သူဇာအောင် (LL.B, D.I.L,D.B.L, Dip in HR)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၃၉၅၀)**
**အမှတ်-၆၂၊ အခန်းအမှတ်(၉)၊ ပထမထပ်၊ ပန်းဆိုးတန်း(အောက်လမ်း)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၆၉၂၂၂၀၁၀၀၊ ၀၉- ၉၄၆၉၄၆၃၂၆**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အမျိုးသားရေးထက် အရေးကြီးသည်မှာ ဘာမျှမရှိဆိုသည့်အတိုင်း နိုင်ငံကို တာဝန်ယူဆောင်ရွက်ချိန်တွင် ဒို့တာဝန် အရေးသုံးပါး မထိခိုက်ရန်နှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို အခြေခံ၍ ဆောင်ရွက်နေခြင်းဖြစ်**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး(၅/၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## MSME လုပ်ငန်းများအောင်မြင်ရန် ပြည်နယ်အစိုးရ၊ MSME အေဂျင်စီနှင့် လုပ်ငန်းရှင်များ၊ ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်ရန်လို

## MSME လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများအောင်မြင်အောင်ဆောင်ရွက်၍ တင်သွင်းသူအဖြစ်မှ တင်ပို့သူဖြစ်အောင် ကြိုးပမ်း

**နေပြည်တော် ဇန်နဝါရီ ၂၃**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများအား ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ရှိ ဇွဲကပင်ခန်းမ၌ တွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့် အတူ

**စာမျက်နှာ ၆ ကော်လံ ၁ သို့ ❍**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## ကိတ်ဗာဒီနဲ့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပေမယ့် အီဂျစ်အသင်း အာဖရိကနိုင်ငံများဖလား ၁၆ သင်းအဆင့် တက်လှမ်း



ကိတ်ဗာဒီအသင်းနှင့် အီဂျစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

ဇန်နဝါရီ ၂၂ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲအုပ်စု(B)ရဲ့ အကောင်းဆုံးပွဲစဉ်တစ်ပွဲဖြစ်တဲ့ ကိတ်ဗာဒီအသင်းနဲ့ အီဂျစ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်သာ ထွက်ပေါ်ခဲ့ပေမယ့် အီဂျစ်အသင်းဟာ အာဖရိကနိုင်ငံများဖလားပြိုင်ပွဲရဲ့ ၁၆ သင်းအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

ကိတ်ဗာဒီအသင်းနဲ့ အီဂျစ်အသင်းတို့ပွဲစဉ်မှာ ကိတ်ဗာဒီအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန်

**စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❖**


**ယနေ့ ဖတ်စရာ**

**ကင်မရွန်းနိုင်ငံ မြို့တော်ယောင်ဒီရှိ အလယ်တန်းကျောင်းတွင် လူအုပ်ပြိုကျမှုဖြစ်ပွား၊ ၁၀၆ ဦး ဒဏ်ရာရ** စာမျက်နှာ » ၁၃

**ကန့်ဘလူမြို့နယ် ဇာဒီကျေးရွာအနီး ကြံခုတ်နေသည့် ဒေသခံပြည်သူများအား PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အမျိုးသားငါးဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံး၊ အမျိုးသားတစ်ဦး ထိခိုက်ဒဏ်ရာရ** စာမျက်နှာ » ၁၄

**ရန်ကုန်မျက်မမြင်ကျောင်း(ခဝဲခြံ)မှ ကျောင်းသားများကိုယ်တိုင် ပေါင်မုန့်များထုတ်လုပ်နေပြီး အဝယ်လက်ခံရမှုများရှိ** စာမျက်နှာ » ၁၅